မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၂၆)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ တနင်္ဂနွေနေ့။

ထူးခြားသည့် ညအပူချိန်များ

၂-၂-၂၀၁၃

လွိုင်လင်မြို့	၃ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၄ ဒီဂရီစင်တီဂရိတ်

၃-၂-၂၀၁၃ နေရာကွက်ကျား

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။

ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အလားအလာပိုမိုကောင်းမွန်

တောင်သူများ အထွက်တိုးအောင် စိုက်ပျိုးနိုင်မှ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ အဆင့်မြင့်စက်မှုလယ်ယာဘက်စုံသီးနှံဧက (၂၀၀၀) စံပြစိုက်ကွင်းနှင့် အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာ အဆင့်မြင့်စံပြစက်မှုလယ်ယာဧက (၅၀၀) စိုက်ကွင်းများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ထွတ်နှင့် ဦးမောင်မောင်သိမ်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးသိန်းညွန့်၊ ဦးတင်နိုင်သိန်း၊ ဦးမြင့်လှိုင်၊ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးအေးမြင့်နှင့် ဦးဝင်းမြင့်တို့ လိုက်ပါလျက် နံနက် ၈ နာရီခွဲတွင် ညောင်ပင်သာကျေးရွာ အဆင့်မြင့်စက်မှုလယ်ယာဘက်စုံသီးနှံ ဧက (၂၀၀၀) စံပြစိုက်ကွင်းသို့ ရောက်ရှိသည်။

ထို့နောက် စိုက်ကွင်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် မြတ်အိန္ဒြေကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာဦးမြတ်သူတို့က စံပြစိုက်ကွင်းတည်ထောင်ခဲ့မှုနှင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာမြေစာရင်းများ ကောက်ယူရာ၌ တစ်နှစ်လျှင်သုံးသီးစိုက်ပျိုးနိုင်သည့် လယ်ယာမြေကို ပထမတန်းစား၊ နှစ်သီးစိုက်ပျိုးနိုင်သော လယ်ယာမြေကို ဒုတိယတန်းစားနှင့် တစ်သီးသာစိုက်ပျိုးနိုင်သော လယ်ယာမြေကို တတိယတန်းစားဟူ၍ အမျိုးအစားခွဲခြားပြီး တိကျသော စာရင်းများရရှိအောင် ကောက်ယူရန်ဖြစ်ကြောင်း၊ ပထမတန်းစားလယ်ယာမြေတွင် တစ်နှစ်ပတ်လုံး အပြည့်အဝစိုက်ပျိုးနိုင်အောင် ဆည်ရေပံ့ပိုးပေးရန်နှင့် ဒုတိယတန်းစားလယ်ယာမြေကိုလည်း နှစ်သီးမှ သုံးသီး စိုက်ပျိုးလာနိုင်ရေးအတွက် အဓိကလိုအပ်သည့်စိုက်ပျိုးရေရရှိရန် ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း။

ပဲခူးတိုင်းဒေသကြီးတွင် မိုးရွာသွန်းမှုနည်းပါးသော်လည်း ရေမြေပ်ရေယာများရှိနေသဖြင့် ရေကိုအကျိုးရှိစွာ စီမံခန့်ခွဲပြီး သုံးစွဲနိုင်ရေးအတွက် နည်းလမ်းရှာဖွေရမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေသည့် ဆည်တာတမံများသည် စိုက်ပျိုးရေဖြန့်ဝေပေးနိုင်အောင်လည်း စီမံဆောင်ရွက်ရမည်ဖြစ်ရာ ရေလုံလောက်စွာရရှိသိုလှောင်ရေး နည်းလမ်းများကိုလည်း စဉ်းစားကြံဆစေလိုကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာနှင့် ဝန်းကျင်ကျေးရွာများမှ တောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထိုင်းရောက်မြန်မာရွှေ့ပြောင်းလုပ်သားများ လာမည့်သုံးနှစ်အတွင်း လုပ်ခများတိုးရနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂

ထိုင်းနိုင်ငံရောက်မြန်မာရွှေ့ပြောင်းလုပ်သားအများစုသည် လာမည့်သုံးနှစ်အတွင်း လုပ်ခများ ပိုမိုမြင့်မားစွာ ရရှိလာလိမ့်မည်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းစာက အလုပ်သမား သုတေသီတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် ဖေဖော်ဝါရီ ၂ ရက်တွင် ဖော်ပြသည်။

လက်ရှိမြန်မာနိုင်ငံ၏အခြေအနေသည် ဒီမိုကရေစီစနစ်သို့ ဦးတည်လျှောက်လှမ်းနေပြီး လွတ်လပ်သောဈေးကွက်တစ်ရပ် ရောက်ရှိလာနိုင်ကြောင်း၊ သို့ရာတွင် အလုပ်အကိုင်ကောင်းများရရှိရန် ခက်ခဲနေဦးမည်ဖြစ်ကြောင်း ပရမ်ဂျိုင်းက ပြောကြားသည်။

"မြန်မာရွှေ့ပြောင်း လုပ်သားအများစုဟာ ထိုင်းနိုင်ငံမှာ အလုပ်ရဖို့ မခက်ပါဘူး၊ ကိုယ့်အိမ်ကိုလည်း ငွေလုံလောက်အောင်ပြန်ပေးနိုင်ပါတယ်" ဟု ချူလာလောင်ကွန်း တက္ကသိုလ် အာရှလေ့လာရေးဌာန အာရှသုတေသနစင်တာမှ ပရမ်ဂျိုင်းဝမ်ဆီရီပိုင်ဆန်က ပြောကြားသည်။

ထိုင်းနိုင်ငံရှိ ပြည်နယ်သုံးခုဖြစ်သည့် တက်(ခ်)ဆာမက်ဆာကွန်းနှင့် ဗန်ကောက်တို့တွင် တရားဝင်နှင့် တရားမဝင်မြန်မာရွှေ့ပြောင်းလုပ်သားများအား စစ်တမ်းကောက်ယူကြည့်ခဲ့ရာ ၃၀ရာခိုင်နှုန်းက တစ်လဘတ်ငွေ တစ်သောင်းကျော်၊ ၆၄ရာခိုင်နှုန်းက တစ်လဘတ်ငွေ ၅၀၀၀မှ ဘတ်ငွေ ၁၀၀၀၀ ကြား၊ ၂၄ ရာခိုင်နှုန်းက တစ်လဘတ်ငွေ ၅၀၀၀ထက်နည်းပြီး ဝင်ငွေရရှိနေကြသည်ဟု ဆိုသည်။

(မြန်မာ့အလင်း)

သတင်းမှတ်စု-မြင့်မောင်စိုး
ဓာတ်ပုံ-ကျော်သူဝင်း

ယနေ့ မာတိကာ

လမ်းကြောင်းမှန်၍ ကြီးပွားတိုးတက်လိုသူတိုင်းသည် သတ္တိမွေး၍ အခွင့်အလမ်းများကို ဖန်တီးအပ်
ခေါင်းကြီး — စာမျက်နှာ - ၂

အအေးဓာတ်လွှမ်းခြုံသော ကြယ်တာရာအစုအဝေးတွေ့ရှိ — စာမျက်နှာ - ၅

လူမှန် နေရာမှန် ဖြစ်ဖို့လိုသည် — စာမျက်နှာ - ၆

အနယ်လ်ကာ ဂျူဗင်တပ်စ်ရောက်ပြီ — စာမျက်နှာ - ၁၂

အဝေးကွင်းမှာ ခြေကုန်ထုတ်ရဦးမယ့် ဘာစီလိုနာ — စာမျက်နှာ - ၁၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သတ္တိနှင့် အခွင့်အလမ်း

ဤလောက၌ ရဲစွမ်းသတ္တိနှင့် ပြည့်စုံခြင်းသည် ကြီးပွားတိုးတက်ရာ တိုးတက်ကြောင်း အကြောင်းအရင်း တစ်ခုပင်ဖြစ်သည်။ လုပ်ကိုင် ဆောင်ရွက်ကြသော လုပ်ငန်းဆောင်တာ အမှုကိစ္စအရပ်ရပ်တို့တွင် ရဲရင့်ပြောင်မြောက်စွာ လုပ်ကိုင်ကြသဖြင့် ကြီးပွားတိုးတက်ကြသူ အများအပြားပင်ရှိသည်။

သတ္တိ၏အစွမ်းသည် ကြီးမားလှပေစွ။ အကြောင်းကိစ္စတစ်ခုခုအပေါ်သတ္တိပြောင်မြောက်စွာ လုပ်ကိုင်လိုက်သဖြင့် စီးပွားဥစ္စာတိုးပွားသူ အများအပြားရှိ၏။ ရာထူးဂုဏ်တိုးပွားသူလည်း မြားမြောင်လှ၏။ ချမ်းသာကြွယ်ဝသူလည်း များပြား၏။ ခိုင်မာပြတ်သားသော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်၍ သတ္တိမွေးမြူလုပ်ကိုင်လိုက်ခြင်းကြောင့် အရာရာတိုးတက်ပြောင်းလဲနိုင်သော အခွင့်အလမ်းများစွာရှိသည်ကို တွေ့ရပေသည်။

သို့သော်လည်း လူအချို့သည် လုပ်သင့်လုပ်ထိုက်သော အမှုကိစ္စများအပေါ် သတ္တိကိုမွေးလျက်၊ သတ္တိကိုအသုံးမချကြသဖြင့် အခွင့်အလမ်းများနှင့်လွဲချော်ကြရသည်။ အခွင့်အရေး၊ အခွင့်အလမ်းဆိုသည်မှာ သူ့အလိုလို ဖြစ်လာလေ့မရှိဟု ပညာရှင်တို့က ဆိုကြ၏။ မှန်ပေ၏။ အခွင့်အရေး၊ အခွင့်အလမ်းတိုင်းသည် မိမိကဖန်တီးရခြင်းဖြစ်၏။ ကိုယ်တိုင်ဖန်တီးလုပ်ကိုင်ရ၏။ ကိုယ်တိုင် ဖန်တီး၊ ကိုယ်တိုင် လုပ်ကိုင်ခြင်းသည် သတ္တိကိုမွေးလျက် သတ္တိကိုအသုံးချခြင်းပင်ဖြစ်၏။ ကျွန်ုပ်တို့မြန်မာစကားပုံ တစ်ခုရှိသည်။ "ရဲလျှင် မင်းဖြစ်သည်တဲ့" ဤစကားပုံသည် မည်သည့်အလုပ်မဆို ရဲဝံ့ပြောင်မြောက်စွာ လုပ်ကိုင်၍ အထွတ်အထိပ်သို့ ရောက်ရှိစေနိုင်ကြောင်း မီးမောင်းထိုးပြထားခြင်းပင်ဖြစ်၏။

သို့သော်ငြားလည်း လူအချို့တို့သည် မှားသည်ကိုလည်း မထောက်ခံ၊ မှန်သည်ကိုလည်းမပြော။ မလုပ်၊မရှုတ်၊ မပြုတ်ဆိုသကဲ့သို့ ဆိတ်ဆိတ်သာနေတတ်ကြသည်။ အေးအေးသာနေလိုကြသည်။ ထိုလူမျိုးသည် သာလျှင်စံမည်၊ နာလျှင်မခံဟု စိတ်ရှိသူများသာဖြစ်သည်။ ဤစိတ်ဓာတ်မျိုးသည် မည်သည့်အခါမျှ တိုးတက်မည့် စိတ်ဓာတ်မဟုတ်ချေ။ ယနေ့အထွတ်အထိပ်သို့ ရောက်ရှိနေကြသူများသည် မှန်ကန်ပြတ်သားသော ရဲဝံ့သတ္တိကို အသုံးချခဲ့၍ဖြစ်သည်။ မှန်တာလုပ်၊ ဟုတ်တာပြော၍ လူမုန်းများတတ်သည်ဟု အချို့က ဆိုတတ်ကြ၏။ အမှန်ပြော၊ အဟုတ်လုပ်ခြင်းကို လက်မခံတတ်ကြသူများသည် ကိုယ်တိုင်က အမှန်လုပ်သူမဟုတ်ကြောင်းကို ထောက်ပြနေပါသည်။ အမှန်လုပ်သူတိုင်းသည် အမှန်တရားကို အမြဲလက်ခံကြစမြဲဖြစ်ပါသည်။ မည်သည့်အမှုကိစ္စမျိုး၌မဆို အမှန်ကိုအမှန်အတိုင်း၊ အရှိကိုအရှိတိုင်း လုပ်ကိုင်ဆောင်ရွက်ခြင်းသည် လူအများစု၏ ယုံကြည်လေးစားမှုကိုလည်း ရရှိစေမည်ဖြစ်ပါသည်။ ထို့ကြောင့် လမ်းကြောင်းမှန်၍ ကြီးပွားတိုးတက်လိုသူတိုင်းသည် သတ္တိမွေး၍ အခွင့်အလမ်းများကို ဖန်တီးအပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

တက္ကသိုလ်ဝင်အကြို ထူးချွန်စာမေးပွဲ ထူးချွန်သူများအား ဂုဏ်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး အမှတ် (၃) အခြေခံပညာဦးစီးဌာန၌ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်အကြို ထူးချွန်စာမေးပွဲ ထူးချွန်သူများအား ဂုဏ်ပြုပွဲနှင့် ဖြေဆိုချက်များအပေါ် သုံးသပ်အကြံပြုသည့်အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီတွင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မြညီလာခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ဂုဏ်ပြုစကားပြောကြားပြီး အမှတ် (၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်က အမှာစကားပြောကြားကာ အကြိုစာမေးပွဲတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာဈေးကြီးအရှေ့ဘက် ဈေးပတ်လမ်းများ ပျက်စီးနေမှု ပြုပြင်ပေးစေချင်

ထင်သာမြင်သာ ပြုပြင်စရာ

မိတ္ထီလာ ဖေဖော်ဝါရီ ၂

မိတ္ထီလာမြို့ ဈေးကြီးအရှေ့ဘက် ဈေးပတ်လမ်းများပေါက်ပြဲ ပျက်စီးနေခြင်းကြောင့် နေ့စဉ် ဖြတ်သန်းသွားလာနေကြသည့် ဈေးရောင်းဈေးဝယ်များမှ အဆိုပါ လမ်းပျက်စီးနေမှုကို သက်ဆိုင်ရာက ပြုပြင်ပေးစေလိုလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့ ဈေးကြီးအရှေ့ဘက် ဈေးပတ်လမ်းဖြစ်သည့် ယူနန်စားသောက်ဆိုင်အနီးမှ သီရိမင်္ဂလာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး (ဈေးအရှေ့ဘက် မြောင်းကျော်တံတား)အထိ လမ်းများသည် ပေါက်ပြဲပျက်စီးနေသည်မှာ ကြာပြီဖြစ်သည်။ ဈေးသွား ဈေးလာများသည် ကား၊ ဆိုင်ကယ်၊ မြင်းလှည်း၊ စက်ဘီး၊ ခြေကျင်အမျိုးမျိုးဖြင့် နေ့စဉ် ဖြတ်သန်း သွားလာလျက်ရှိကြသည်။ လမ်းအပေါက်အပြဲများကို ရှောင်တိမ်းရင်း လမ်းလျှောက်သူများသည် ယာဉ်အန္တရာယ်မဖြစ်အောင် သတိထားသွားလာနေကြရသည်။ မြို့တွင်းလမ်းများကို သက်ဆိုင်ရာက ပြန်လည်ပြုပြင်နေသည့်အတွက် ဈေးပတ်လမ်းပျက်စီးနေမှုကိုလည်း အလားတူ ပြုပြင်မှုမျိုး မြန်မြန်ပြုလုပ် ပေးစေချင်ကြောင်း ဈေးသူ ဈေးသားများက မျှော်လင့်နေကြသည်။

ပျက်စီး

မိတ္ထီလာဈေးပတ်လမ်းသည် ဈေးအနောက်တောင်ဘက်မှ သီရိမင်္ဂလာရပ်ကွက် အဝေးပြေးကားဝင်းကြီးအနီးတွင် လည်းကောင်း၊ ၉၉ ကုန်တိုက်အနီးမှ မြို့နယ်အခွန်ဦးစီးဌာန မြောက်ဘက်နှင့် ယူနန်စားသောက်ဆိုင်အနီးတွင် ပတ်လမ်းများတည်ရှိပြီး အဆိုပါ လမ်းများ တစ်လျှောက် လမ်းပေါက်ပြဲပျက်စီးမှုများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

(ထီလာသား)

ဘဝအမောပြေ

အိပ်မက်

ကပ်စေးနှဲသော ယောက်ျားနှင့် အလှမက်သော မိန်းမတို့အိမ်ထောင်ကျသောအခါတွင်

ဇနီး ။ ။ မောင်ရေ…မနေ့ညက အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာလေ မောင်က ခင့်အတွက် အဝတ်အစားတွေ ရတနာတွေ ဝယ်လာတယ်တဲ့ရှင့်။

ခင်ပွန်း ။ ။ အေး ငါလည်း အိပ်မက်မက်တယ်ကွ။ အိပ်မက်ထဲမှာ မင့်အတွက် ဝယ်လာတဲ့ အဝတ်အစားတွေနဲ့ ရတနာတွေဖိုးကို မင်းအဖေက ရှင်းပေးလိုက်တယ်တဲ့ကွ။

ဇနီး ။ ။ ရှင်။

MMH – ရေးသားသည်

စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၄) သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၄) သင်တန်းအမှတ်စဉ်(၃/၂၀၁၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ ရုံးချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များ၌ တာဝန်ထမ်းဆောင်လျက်ရှိသော မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၂)ရှိ သင်တန်းသား ၁၂၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျကြပ်မတ် စစ်ဆေးအရေးယူဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂

နေပြည်တော်ရှိ ကားငယ်၊ ကားလတ်၊ ကားကြီးများ၊ ဆိုင်ကယ်များနှင့် သုံးဘီးဆိုင်ကယ်များသည် အခြားမြို့ကြီးများရှိ ယာဉ်စီးရေများနှင့် နှိုင်းစာလျှင် မပြောပလောက်သော်လည်း နေပြည်တော်ရှိ ယာဉ်မောင်းများနှင့် လမ်းအသုံးပြုသူများ၏ စည်းကမ်းပျက်မှု၊ ဥပဒေမလေးစား မလိုက်နာမှုများကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများကို တွေ့ကြုံနေရသည်။

"အလယ်မျဉ်းသေ၊ မျဉ်းဖြတ်၊ ရပ်မျဉ်းဖြူဆိုတဲ့ လမ်းသင်္ကေတတွေ နားမလည်ဘဲ ဖြတ်မောင်းချင်သလိုမောင်း၊ ကျော်ချင်သလိုကျော် မောင်းနေတာကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို မလေးစားတာဘဲ" လို့ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ယခုအခါ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ယာဉ်အန္တရာယ် ကင်းရှင်းရေး၊ ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲအင်အားများ တိုးမြှင့်တာဝန်ချ ဆောင်ရွက်လျက် နေ့မအားညမနား၊ မိုးရွာမရှောင်၊ နေပူမရှောင်ဖြင့် စည်းကမ်းမဲ့မောင်းနှင်မှုများ၊ လိုင်စင်မဲ့ ဆိုင်ကယ်နှင့် ကားများကို စနစ်တကျ ကြပ်မတ်စစ်ဆေးအရေးယူ၍ လမ်းအန္တရာယ် ကင်းရှင်းစေရန် အလယ်မျဉ်းပြတ်၊ မျဉ်းသေ၊ မျဉ်းပြိုင်နှစ်ကြောင်း၊ လမ်းဆုံလမ်းခွ မီးပွိုင့်များရှိ ရပ်မျဉ်းဖြူများနှင့် အဖြူအနီ၊ အဝါအနက် လမ်းဘေးကပ်တုံးများကိုလည်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ ဝန်ထမ်းအင်အားများစွာဖြင့် အသစ်ပြန်လည်ရေးဆွဲလျက်ရှိကာ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပညာပေး ဆောင်ရွက်လျက်ရှိသည်။

မောင်မောင်သန်း(ကော့မှူး)

ပညာရည်ချွန် ဆုပေးပွဲနှင့် စုံညီပွဲတော်ကျင်းပ

စစ်ကိုင်း ဖေဖော်ဝါရီ ၂

စစ်ကိုင်းမြို့နယ် မာလဲတောကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုနှင်းသဘင်နှင့် စုံညီပွဲတော်အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်ပညာရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ရပ်မိရပ်ဖတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍တာဝန်ရှိသူများက ဆုရရှိသူ ကျောင်းသား ကျောင်းသူများအားဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(မျိုးဝင်း)**

အမြို့မြို့အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး လန်ဒန်မြို့မှပြန်လည်ရောက်ရှိ ပညာရေးဆိုင်ရာအခက်အခဲများနှင့် အခွင့်အလမ်းများဆွေးနွေးအကြံပြုခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၂

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပသည့် Education World Forum for Education Ministers 2013 သို့ တက်ရောက်ခဲ့သော ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိလာရာ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

အဆိုပါဆွေးနွေးပွဲသို့ ကမ္ဘာ့နိုင်ငံများမှ ပညာရေးဝန်ကြီး ၇၀ ခန့် တက်ရောက်ခဲ့ကြပြီး ပညာရေးဆိုင်ရာ အခက်အခဲများနှင့် အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအကြံပြုကာ ပညာရေးမူဝါဒဆိုင်ရာများကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်မြို့ရှိ မြန်မာသံအမတ်ကြီး ဦးကျော်မျိုးထွတ် လိုက်ပါလျက် British Department for International Development ၏ Minister of State Mr. Alan Duncan MP နှင့် လည်းကောင်း၊ British Council ၏ Chief Executive Mr. Martin Davidson နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံကာ Parliamentary Undersecretary of State for Skills Mr. Matthew Hancock ခေါင်းဆောင်သော Stakeholders ၁၀ ဦးပါ အဖွဲ့နှင့်လည်း စားပွဲဝိုင်းဆွေးနွေးပွဲ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ သတင်းထုတ်ပြန်

ချင်းတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမည့် လက်ထောက်ဆရာဝန်များ

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး၊ စတုတ္ထနေ့တွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေက "ဝေးလံခေါင်သီပြီး သွားလာရေးခက်ခဲလှတဲ့ဒေသမှ ဆရာဝန်ဘွဲ့ရပြီး ဆမရရှိထားသူ ဒေသခံလူငယ်များ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ (ပြည်ထောင်စုရာထူးဝန်အဖွဲ့)မှ ခေါ်ယူစစ်ဆေးသည့် စာမေးပွဲတွင် အကြိမ်ကြိမ်ဖြေဆိုသော်လည်း ရွေးချယ်ခံရခြင်းမရှိ၍ နိုင်ငံတော်၏ဝေးလံခက်ခဲသည့်ဒေသများရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအခက်ကြုံနေရသည်ကို မည်ကဲ့သို့ ဖြေရှင်းပေးရန် အစီအစဉ်ရှိ/မရှိ" ဟူ၍ မေးမြန်းခဲ့ပါသည်။

အဆိုပါ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အမျိုးသားလွှတ်တော်၌ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ယင်းဖြေကြားချက်အပြည့်အစုံကို ၂၈-၁-၂၀၁၃ ရက်နေ့ထုတ် နိုင်ငံတော်ပိုင်သတင်းစာများ၌ အပြည့်အစုံဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ချင်းပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၈)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့က စိစစ်ရွေးချယ်သည့် စာမေးပွဲ၌ ဝေးလံခေါင်သီသောဒေသမှ ဆရာဝန်ဘွဲ့ရရှိသော ဒေသခံလူငယ်များသည် အကြိမ်ကြိမ်ဖြေဆိုကြသော်လည်း ရွေးချယ်ခံရခြင်းမရှိဟူသော ဖော်ပြချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့်တကွ အများပြည်သူလူထုသိရှိနိုင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့က စစ်ဆေးရွေးချယ်ပေးခဲ့သည့် ချင်းတိုင်းရင်းသားလက်ထောက်ဆရာဝန် (၁၈)ဦးတို့၏ အမည်စာရင်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

စဉ်	ခုံအမှတ်	အမည်	စဉ်	ခုံအမှတ်	အမည်
၁	၁၆၀	ဦးကျုံလျန်ထောင်း	၁၀	၁၄၉၁	ဒေါ်ကေသီဆန်း
၂	၂၀၇	ဦးဝင့်ရှင်းခိုင်	၁၁	၁၉၀၄	ဒေါ်ဇင်ဝါလင်း
၃	၂၀၈	ဦးဂျိုးဇက်ဗန်ဘွေအုပ်	၁၂	၂၀၄၇	ဒေါ်နယ်လီဇာ
၄	၃၆၉	ဦးဆလိုင်းဇင်ဘိုကျော်	၁၃	၂၄၁၄	ဒေါ်မိုင်ကဲ့ရ်စင်ပါရ်
၅	၅၆၄	ဦးထောင်းရှန်းစောန်းခိုင်	၁၄	၂၄၃၅	ဒေါ်မန်ကျင်တီလ်
၆	၇၀၇	ဦးနုန်းမွန်းထောန်	၁၅	၂၄၈၈	ဒေါ်ယမင်းကျော်သူ
၇	၈၀၅	ဦးဗန်လျန်ဟုမ်း	၁၆	၂၅၁၄	ဒေါ်ရှမ်းနွှမ်ကင်း
၈	၈၀၉	ဦးဘွေမန်းလျန်	၁၇	၂၆၉၄	ဒေါ်သီတာချစ်
၉	၁၀၆၆	ဦးဝင်းကျော်သန်း	၁၈	၂၇၅၈	ဒေါ်သူဇာဝင်း

အထက်အမည်စာရင်းတွင် ဖော်ပြပါ ချင်းတိုင်းရင်းသားလက်ထောက်ဆရာဝန် (၁၈)ဦးတို့သည် ၂၄-၁၂-၂၀၁၂ ရက်နေ့မှစတင်၍ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ဖွင့်လှစ်သော အရာထမ်းလောင်းအခြေခံသင်တန်း အမှတ်စဉ် (၃၇)တွင် သင်တန်းတက်ရောက်လျက်ရှိကြပြီး ၂၂-၃-၂၀၁၃ ရက်နေ့တွင် သင်တန်းမှအောင်မြင်စွာ သင်တန်းဆင်းပြီးသည့်အခါ လက်ထောက်ဆရာဝန်ရာထူးခန့်အပ်မှုနှင့် တာဝန်ချထားမှုတို့ကို ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ၏ လိုလားချက်အတိုင်း ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ချင်းတိုင်းရင်းသားလက်ထောက်ဆရာဝန်များက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ကျေးရွာသစ်များဖွဲ့စည်းနေရာချထားရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်နယ်ရှိ သစ်တောမြေများအတွင်း၌ နှစ်ကာလရှည်ကြာစွာ အခြေကျနေထိုင်ခဲ့ပြီးသည့် အိမ်ထောင်စုများအား နေထိုင်ရန်နှင့် လုပ်ကိုင်စားသောက်နိုင်ရန်အတွက် မြေနေရာများ ချထားပေးသွားရန်ဖြစ်ကြောင်း၊ စာရင်းဇယားများ တိတိကျကျမှန်မှန်ကန်ကန် ကောက်ယူရန်အတွက် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖများနှင့် ပူးပေါင်းပြီး ကော်မတီဖွဲ့စည်း၍ အသေးစိတ် စီမံချက်များရေးဆွဲကာ အချိန်မီကွင်းဆင်းကောက်ယူသွားရန် လိုအပ်ကြောင်းဖြင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီတွင် ကယားပြည်နယ် အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပသည့် သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများတွင် တရားမဝင် ကျူးကျော်အခြေချနေထိုင်သည့်ရွာစုနှင့် အိမ်ထောင်စုများအား မှန်ကန်သည့် စာရင်းဇယားများ ကောက်ယူပြီး ကျေးရွာသစ်များဖွဲ့စည်းနေရာချထားရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ထို့နောက် ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများတွင် နှစ်ကာလအတိုင်းအတာ တစ်ခုအထိ တရားမဝင် ကျူးကျော်အခြေချနေထိုင်သည့် ရွာစုနှင့် အိမ်ထောင်စုများအား မှန်ကန်သည့် စာရင်းဇယား ကောက်ယူရေးနှင့် ကျေးရွာသစ်များ ဖွဲ့စည်းနေရာချထားရေးစီမံချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအဖွဲ့များက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ်လွှတ်တော် (၂) နှစ်ပြည့် တွေ့ဆုံပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

မွန်ပြည်နယ်လွှတ်တော်၏(၂)နှစ်ပြည့်တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီခွဲတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားရာတွင် မွန်ပြည်နယ်လွှတ်တော်အနေဖြင့် လွှတ်တော်၏ အဓိကလုပ်ငန်းတစ်ခုဖြစ်သည့် ပြည်သူများ၏အသံ၊ ပြည်သူများ၏ဆန္ဒ သဘောထားများကို နားထောင်ပြီး "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့လိုအပ်ချက် လွှတ်တော်ကဖော်ဆောင်ရွက်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ဘဝ သာယာလှပခြင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားထွန်းကားသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ဖြစ်အောင် လွှတ်တော်က အတည်ပြုပေးလိုက်သည့် ဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူလူထုများနှင့်အတူ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တစ်သားတည်းပူးပေါင်းပြီး မွန်ပြည်နယ်ကြီး အေးချမ်းသာယာ စည်ပင်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ မော်လမြိုင်တက္ကသိုလ် ဥပဒေပညာဌာန၊ National enlightenment institute နှင့် သတင်းမီဒီယာအဖွဲ့များကအကြံပြုဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှန်ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃)ပါ ကံထူးရှင် ထွက်ပေါ်သတင်းတွင် ကျပ်သိန်း (၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်) ဆုမဲများစာရင်းတွင် ယ- ၀၀၄၆၀၉ အစား ယ- ၁၀၄၆၁၉ ဟုလည်းကောင်း၊ ၀-၉၈၃၇၅၀ အစား ဂ-၉၈၃၇၅၀ ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။ **(မြန်မာ့အလင်း)**

အဆင့်မြင့်တိုက်လေယာဉ်သစ် အီရန်စတင်ပွဲထုတ်

တီဟီရန် ဖေဖော်ဝါရီ ၂

အီရန်နိုင်ငံက ၎င်း၏ ပြည်တွင်းဖြစ် အဆင့်မြင့်ဂျက်တိုက်လေယာဉ်သစ်တစ်စင်းကို ဖေဖော်ဝါရီ ၂ ရက်က စတင်ပွဲထုတ်ပြခဲ့ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ပြည်တွင်းတွင် ဒီဇိုင်းဖော်ထုတ်လုပ်ထားသည့် ယင်းဂျက်တိုက်လေယာဉ်ကို ကာဟာ-၃၁၃ ဟု လျှို့ဝှက်အမည်ပေးထားကြောင်း၊ ၎င်းတိုက်လေယာဉ်ကို ၁၀ ရက်တာကျင်းပသည့် အီရန်နိုင်ငံ၏ တော်လှန်ရေးအောင်ပွဲ အထိမ်းအမှတ် အချိန်အခါတွင် စတင်ပွဲထုတ်ခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အဆိုပါစတင်ပွဲထုတ်သည့်အခမ်းအနားသို့အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်နှင့် စစ်ဘက်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြသည်ဟုဆိုသည်။

ပြောကြား

၎င်းအဆင့်မြင့် ဂျက်တိုက်လေယာဉ်တစ်စင်းဒီဇိုင်းဖော်တည်ဆောက်သည့်လုပ်ငန်းကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလက အီရန်လေတပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းလုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် မိုဟာမက်ကာချီကီက ပြောကြားခဲ့သည်။

ယင်းလေယာဉ်သည် အမေရိကန်လုပ် အက်ဖ်/အေ-၁၈ တိုက်လေယာဉ်နှင့် ဆင်တူပြီး အသွင်သဏ္ဌာန်မှာလည်း အက်ဖ်-၅ အီး/အက်ဖ်တိုက်ဂါး ၂ တိုက်လေယာဉ်နှင့် တူညီကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ထိုင်ခုံတစ်လုံးတပ် အဆိုပါဗုံးကြဲတိုက်လေယာဉ်သည် လက်နက်နှင့် ခဲယမ်း မီးကျောက်မျိုးစုံကို သယ်ဆောင်နိုင်ပြီး မြေပြင်ရှိ အဓိကပစ်မှတ်နှင့် ရန်သူ့လေယာဉ်များကို ထိုးစစ်ဆင်တိုက်ခိုက်နိုင်သည့် စွမ်းရည်များပါရှိသည်ဟု ဆိုသည်။

(ပရက်စ်တီဗွီ)

တင်မောင်လွင် စုစည်းသည်

ကိုလံဘီယာနိုင်ငံရှိ ဖတ်စ်လက်နက်ကိုင်သူပုန်များ။

ကိုလံဘီယာအစိုးရနှင့် ဖတ်စ်သူပုန်များ ငြိမ်းချမ်းရေးဆွေးနွေး

ဟာဗာနာ ဖေဖော်ဝါရီ ၂

ကိုလံဘီယာအစိုးရနှင့် ကိုလံဘီယာလွတ်မြောက်ရေး လက်နက်ကိုင်တပ်ဖွဲ့ဖတ်စ်သူပုန်တို့သည် နိုင်ငံအတွင်း အကြမ်းဖက်မှုအရှိန်မြင့်လာခဲ့ပြီးနောက် ငြိမ်းချမ်းမှုရရှိရေးဆွေးနွေးခဲ့ကြကြောင်း ဖေဖော်ဝါရီ ၁ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ကိုလံဘီယာ အစိုးရအနေဖြင့် အဆိုပါငြိမ်းချမ်းရေး ဆွေးနွေးမှုများကို ကိုလံဘီယာနိုင်ငံ မြို့တော် ဟာဗာနာတွင် ဇန်နဝါရီ ၃၁ ရက်က ပြုလုပ်ခဲ့သည်။

အစိုးရနှင့်ဖတ်စ်သူပုန်များအကြား အပစ်အခတ်ရပ်စဲရေးကို ပြီးခဲ့သည့် နိုဝင်ဘာလက သဘောတူညီမှုရရှိခဲ့သည်။ သို့သော်လည်း ဖတ်စ်သူပုန်များအနေဖြင့် ဓာတ်ငွေ့ပိုက်လိုင်းများနှင့် ကျောက်မီးသွေး သယ်ယူပို့ဆောင်မှုအား ဖျက်ဆီးသည့်အနေဖြင့် လောင်စာဆီနှင့် သတ္တုတူးဖော်မှုဆိုင်ရာ အဆောက်အအုံများအား တိုက်ခိုက်ပြီးဆုံးသည့်နောက်တွင် ယင်းတိုက်ခိုက်မှုများကို ရပ်စဲအဆုံးသတ်ရန် ၎င်းတို့၏ဆုံးဖြတ်ချက်ကို ဇန်နဝါရီ ၂၀ ရက်က ထုတ်ပြန်ခဲ့သည်။

ဖတ်စ်သူပုန်များသည် ဇန်နဝါရီ ၃၀ ရက်ကကိုလံဘီယာစစ်သား လေးဦးကိုသတ်ခဲ့ပြီး လောင်စာဆီအလုပ်သမားသုံးဦးကို ပြန်ပေးဆွဲသွားခဲ့ကြောင်း ကိုလံဘီယာတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။ သူပုန်များသည် ဖေဖော်ဝါရီ ၁ ရက်က နိုင်ငံအနောက်တောင်ပိုင်း ပြည်နယ်တစ်ခုအတွင်း ကင်းလှည့်နေသည့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးကိုလည်း ဖမ်းဆီးသွားခဲ့သည်ဟုဆိုသည်။ သို့သော်လည်း အဆိုပါစွပ်စွဲချက်များသည် မမှန်ကန်ကြောင်း သူပုန်များက ငြင်းဆိုခဲ့သည်။ ၎င်းတို့သည် ပြီးခဲ့သည့်နှစ်လကျော်အတွင်း အပစ်အခတ်ရပ်စဲမှု သဘောတူညီချက်ကို အနည်းဆုံး ၅၂ ကြိမ်ချိုးဖောက်ခဲ့ကြောင်း ကိုလံဘီယာတပ်ဖွဲ့သတင်းဌာနများက ပြောကြားသည်။

၁၉၆၄ ခုနှစ်ကတည်းကစပြီး နှစ်ဖက်အပြန်အလှန် စစ်ဖြစ်ပွားမှုကြောင့် လူထောင်ပေါင်းများစွာသေဆုံးခဲ့ပြီး အခြားလေးသန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း ကုလသမဂ္ဂကထုတ်ပြန်သောစာရင်းဇယားများအရ သိရသည်။ ၎င်းအကြမ်းဖက်အဖွဲ့အစည်းသည် လက်တင်အမေရိက၏ သက်တမ်းအကြာဆုံးစစ်သွေးကြွအုပ်စုဖြစ်ပြီး တိုက်ခိုက်ရေးသမား ၉၀၀၀ ကျော်သည် ကိုလံဘီယာအရှေ့ပိုင်းတောတောင်ထူထပ်သည့် နယ်မြေတစ်ခုတွင် ဖြတ်သန်းလုပ်ဆောင်နေလျက်ရှိကြောင်း သိရသည်။

(ပရက်စ်တီဗွီ)

တင်းနစ်ပြိုင်ပွဲဝင်ရန်လာသော ကျောင်းသူများမော်တော်ယာဉ်တိမ်းမှောက်

အိုဆာကာ ဖေဖော်ဝါရီ ၂

ဂျပန်နိုင်ငံအနောက်ပိုင်း ဟူဂိုပြည်နယ်၌ ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက မော်တော်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ကျောင်းသူရှစ်ဦးဒဏ်ရာရရှိခဲ့ပြီး တစ်ဦးမှာ အရေးပေါ်အခြေအနေနှင့် ကြုံတွေ့နေသည်ဟု ဒေသဆိုင်ရာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ မော်တော်ယာဉ်သည် မီဆူရာမမြို့ အထက်တန်းကျောင်းရှိ တင်းနစ်ကလပ်မှ ကျောင်းသူကိုးဦးအား တင်ဆောင်မောင်းနှင်လာခဲ့စဉ် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် တိမ်းမှောက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မောင်းနှင်လာသူ အသက် ၃၇ နှစ်ရှိ ကျောင်းဆရာအား ယာဉ်ပေါ့ဆမှုဖြင့်ဒေသခံရဲတပ်ဖွဲ့ကဖမ်းဆီးထားသည်။ မိမိမောင်းနှင်သည်မှာ အရှိန်ပြင်းလွန်းသောကြောင့် ထိုသို့ တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရသည်ဟု အဆိုပါကျောင်းဆရာက ဝန်ခံပြောကြားခဲ့သည်။

၎င်းယာဉ်ပေါ်လိုက်ပါလာသည့် ကျောင်းသူများသည် တင်းနစ်ပြိုင်ပွဲဝင်ရန်အတွက် ဟူဂိုပြည်နယ် ကာဆီမြို့သို့ လာရောက်ကြခြင်းဖြစ်ကြောင်းသတင်းတွင် ဖော်ပြပါရှိသည်။

(ဆင်ဟွာ)

သီရိလင်္ကာအနောက်မြောက်ပိုင်း အပန်းဖြေစခန်း၌ လင်းပိုင် ၅၀ ကျော်သေဆုံးမှု စုံစမ်းစစ်ဆေး

ကိုလံဘို ဖေဖော်ဝါရီ ၂

သီရိလင်္ကာနိုင်ငံအနောက်မြောက်ပိုင်းရှိ ထင်ရှားသောအပန်းဖြေစခန်းတစ်ခုတွင် လင်းပိုင်အကောင် ၅၀ ကျော်သေဆုံးမှုကိုစုံစမ်းစစ်ဆေးမှုများ စတင်ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ အရာရှိများက ဇန်နဝါရီ ၃၁ ရက်တွင် ပြောကြားသည်။

ယုံကြည်

သီရိလင်္ကာ အနောက်မြောက်ပိုင်း ကယ်လ်ပီတီယာအပန်းဖြေစခန်းတွင် ငါးဖမ်းသမားများက လင်းပိုင် ၅၀ သေဆုံးနေမှုကို ပြီးခဲ့သည့် သီတင်းနှစ်ပတ်ကျော်က တွေ့ရှိခဲ့ခြင်းဖြစ်ပြီး အာဏာပိုင်များအနေဖြင့် တရားမဝင်ငါးဖမ်းသည့် နည်းလမ်းများကြောင့် ထိုကဲ့သို့ လင်းပိုင်အများအပြားသေဆုံးခြင်းဖြစ်နိုင်သည်ဟု ယုံကြည်လျက်ရှိသည်။

အစိုးရတပ်ဖွဲ့၊ ရေတပ်နှင့် ရဲတပ်ဖွဲ့တို့က အဆိုပါဖြစ်ပွားမှုနှင့် ပတ်သက်ပြီး ပူးပေါင်းစုံစမ်းစစ်ဆေးမှုတစ်ရပ်ကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိမိတို့အနေဖြင့် ဖြစ်ပွားသည့်နေရာမှ သံသယရှိသူလေးဦးကို ဇန်နဝါရီ ၂၉ ရက်က ဖမ်းဆီးထားပြီး ၎င်းတို့အား လာမည့်သီတင်းပတ်တွင် အချုပ်ခန်းအတွင်းသို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း အမျိုးသားရေပျော်သတ္တဝါသုတေသနပြုမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနအကြီးအကဲ ဆာယူရူဆာမာရတ်စ်ဆန်ဒရားက ပြောကြားသည်။

(ဆင်ဟွာ)

တူရကီရှိ အမေရိကန်သံရုံး၌ အသေခံဗုံးခွဲတိုက်ခိုက်

အင်ကာရာ ဖေဖော်ဝါရီ ၂

တူရကီနိုင်ငံ အင်ကာရာမြို့ရှိ အမေရိကန်သံရုံးကို အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး လုံခြုံရေးအစောင့်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အောက်ပုံ)**

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် လုံခြုံရေးအစောင့်များ တင်းကျပ်စွာချထားများအား နောက်ထပ်သတိပေးကြေညာချက်တစ်စုံတစ်ရာထုတ်ပြန် ကြေညာခြင်းမပြုမီ တူရကီနိုင်ငံသို့ သွားရောက်လည်ပတ်ခြင်းမပြုကြရန် သတိပေးလိုက်သည်။

ယင်းတိုက်ခိုက်မှုသည် မည်သူမည်ဝါ၏ လက်ချက်ဖြစ်ကြောင်း ချက်ချင်း မသိရသေးဟုဆိုသည်။ သို့သော်လည်း အသေခံဗုံးခွဲတိုက်

သည့် အဝင်ပေါက်တစ်ပေါက်ဘေး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲမှုကြောင့် အပျက်အစီးအပိုင်းအစများ လမ်းပေါ်သို့ ပြန့်ကြဲရောက်ရှိသွားသည်။ အမေရိကန်နိုင်ငံက ယင်းဗုံးခွဲတိုက်ခိုက်မှုကြောင့် ၎င်းနိုင်ငံသားခိုက်သူလည်း သေဆုံးသွားကြောင်း ပြည်ထဲရေးဝန်ကြီး မွမ်မာဂူလာက ပြောသည်။ အသေခံဗုံးခွဲတိုက်ခိုက်သူသည် တူရကီနိုင်ငံသားတစ်ဦးဖြစ်လိမ့်မည်ဟု ယုံကြည်ရကြောင်း ၎င်းက ပြောကြားသည်။

(ဘီဘီစီ)

နိုင်ငံတကာအားကစားသတင်း

အအေးဓာတ်လွှမ်းခြုံသော ကြယ်တာရာအစုအဝေးတွေ့ရှိ



အာကာသအတွင်း အအေးဓာတ်များ ထူးခြားစွာ လွှမ်းခြုံဖြစ်ပေါ်စေနေသော ကြယ်တာရာအစုအဝေးတစ်ခုကို နာဆာအာကာသ သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ရှာဖွေတွေ့ရှိ

ယင်းကြယ်တာရာ အစုအဝေးသည် ကမ္ဘာမြေမှ အလင်းနှစ် သန်း ၂၀ ခန့်တွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး ကမ္ဘာဂြိုဟ်၏ အနောက်ဘက်တွင် တွေ့မြင်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ ကြယ်တာရာအစုအဝေးကို အာကာသ သုတေသနပညာရှင်များက ဟူလ်အယ် အာကာသအဝေးကြည့် မှန်ပြောင်းကိုအသုံးပြု၍ လေ့လာခဲ့ရာမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းကြယ်တာရာ အစုအဝေးတွင် ကြယ်တာရာပေါင်း တစ်ဘီလီယံခန့် ပါဝင်စုဖွဲ့နေရာ အရွယ်အစားကြီးမားပြီး ပန်းကန်ပြားတစ်ချပ်၏ အရွယ်အစားပုံသဏ္ဌာန်ဖြစ်ပေါ်နေကြောင်း၊ အအေးဓာတ်လွှမ်းကဲသည့် စုဖွဲ့မှုအနေအထားများ ထူးခြားစွာ ဖြစ်တည်နေကြောင်း နာဆာအာကာသ သုတေသနပညာရှင်များက ပြောကြားသည်။

ယခုကဲ့သို့ အအေးဓာတ်စုဖွဲ့မှုများပြားပြီး ကြယ်တာရာအရေအတွက်များသည့် ကြယ်တာရာ အစုအဝေးမျိုးကို ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး သုတေသနပြုမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း နာဆာအာကာသ သုတေသနပညာရှင်များက ပြောကြားသည်။ **(ရိုက်တာ)**

အရဏ်ဦး-စုစည်းသည်

ကလေးဘဝပျော်ရွှင်မှုမရလျှင် ကြီးလာသည့်အခါ နှလုံးရောဂါဖြစ်နိုင်

ကလေးဘဝတွင် ပျော်ရွှင်မှုကို မရကြသော ကလေးများသည် လူလတ်ပိုင်းအရွယ်တွင် နှလုံးရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်လျက်ရှိကြောင်း သုတေသီများက လေ့လာတင်ပြထားသည်။ ကလေးအရွယ်တွင် ပျော်ရွှင်ကြည်နူးမှုကိုမရကြသော ကလေးများသည် အသက်ကြီးလာသည့်အခါ နှလုံးရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်လျက်ရှိသည်။ အထူးသဖြင့် အမျိုးသမီးများတွင် ယင်းကဲ့သို့ ဖြစ်ပွားတတ်လေ့ရှိသည်။

ကလေးဘဝတွင် ပျော်ရွှင်မှုကိုမရဘဲ အရွယ်နှင့် မလိုက်အောင် အလုပ်များ လုပ်ကိုင်နေကြရသော ကလေးများသည် အသက်ကြီးလာသည့်အခါ နှလုံးရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေသည်ကို ပိုမိုနားလည်သဘောပေါက်သင့်ကြောင်း အမေရိကန်သုတေသီများက လေ့လာတွေ့ရှိထားသည်။

အဆိုပါ အမေရိကန် သုတေသီများသည် အရွယ်ရောက်သူ ၃၇၇ ဦးအား အဆိုပါ ဆက်စပ်မှုနှင့်ပတ်သက်ပြီး သုတေသနပြုလေ့လာခဲ့ကြသည်။ ငယ်ရွယ်စဉ်က ပျော်ပျော်ရွှင်ရွှင်နေခဲ့ရသူများနှင့် အလုပ်ကို ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင်ရသော ကလေးများအား ခွဲခြားလေ့လာခဲ့ကြရာ သက်လတ်ပိုင်းအမျိုးသမီး ၃၁ ရာခိုင်နှုန်းသည် နှလုံးရောဂါနှင့်ဆက်စပ်နေသည်ကို တွေ့ရသည်ဟု ဆိုသည်။ အမျိုးသားများတွင် ၁၇ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

အာကာကျော်-စုစည်းသည်

အီဂျစ်နန်းတော်၌ ရုန်းရင်းဆန်ခတ်ဖြစ်ပွား

အီဂျစ်နိုင်ငံသမ္မတ နန်းတော်အပြင်ဘက်၌ အီဂျစ်ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့တို့ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်ပွားမှုသည် သီတင်းပတ်ကြာ အကြမ်းဖက်မှုကြောင့် လူ ၆၀ ကျော်သေဆုံးခဲ့ပြီးနောက် ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့က ကျောက်ခဲများနှင့် ဓာတ်ဆီပုံးများဖြင့် ပစ်ပေါက်သော ဆန္ဒပြလူအုပ်အား မျက်ရည်ယိုဗုံးများ၊ ရေသေနတ်များ အသုံးပြုဖြိုခွင်းခဲ့သည်ဟု ဆိုသည်။ ၎င်းဆန္ဒပြမှုဖြစ်စဉ်အတွင်း တစ်ဦးသေဆုံးကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ အခြား ၅၀ လည်း ဒဏ်ရာရရှိသွားခဲ့သည်။ မြို့ကြီးအချို့တွင် ယင်းကဲ့သို့ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။

မည်သည့် အကြမ်းဖက်မှုမဆို ထိုက်သင့်သော တုံ့ပြန်မှုများ ပြုလုပ်သွားရန် အီဂျစ်သမ္မတ မော်စီက လုံခြုံရေးတပ်အား သတိပေးပြောကြားလိုက်သည်ဟု ၎င်း၏ဖေ့စ်ဘုတ်စာမျက်နှာတွင် ဖော်ပြထားသည်။

ပါကစ္စတန်၌ အသေခံဗုံးခွဲ

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဟန်ဂူမြို့ ဗလီတစ်ခုအပြင်ဘက်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွား၍ အနည်းဆုံး လူ ၂၀ ဦးသေဆုံးကာ ဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ဖေဖော်ဝါရီ ၁ ရက် သတင်းများက ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုသည် ဝတ်ပြုဆုတောင်းသူများ ဗလီအတွင်းမှ ထွက်လာစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဟန်ဂူမြို့သည် တာလီဘန်နှင့် အယ်လ်ခိုင်ဒါများ အများဆုံးရှိသည့် လူမျိုးစုများ နေထိုင်ရာဒေသအနီး၌ တည်ရှိသည်။

စတာလင်ဂရက် တိုက်ပွဲပြီးဆုံးမှု နှစ် (၇၀) ပြည့်

စတာလင်ဂရက်တိုက်ပွဲပြီးဆုံးသည့် နှစ် (၇၀) ပြည့် အခမ်းအနားကို ရုရှားသမ္မတ ဗလာဒီမာပူတင်က လူမျိုးစုများကို ဦးဆောင်ကျင်းပခဲ့ကြောင်း ဖေဖော်ဝါရီ ၂ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ စတာလင်ဂရက်မြို့ကို ၁၉၆၁ ခုနှစ်က ဗော်ဂိုဂရက်(ဒ်)မြို့ဟု အမည်ပေးခဲ့သည်။

သေဆုံး

ယင်းတိုက်ပွဲတွင် လူပေါင်းတစ်သန်းခန့်သေဆုံးခဲ့သည်။ ဆိုဗီယက်တို့က ဂျာမန်တို့အား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည့် တိုက်ပွဲလည်းဖြစ်သည်။ စတာလင်ဂရက်မှ ဆိုဗီယက်စစ်သားအချို့သည် ဂျာမန်တို့အား ဘာလင်သို့ ရောက်သည့်တိုင်အောင်တိုက်ထုတ်ရာတွင် ပါဝင်ခဲ့ကြသည်။

ယင်းစစ်ပွဲသည် ဒုတိယကမ္ဘာစစ်တွင် ဆိုဗီယက်တို့က ဂျာမနီတို့အား တိုက်ထုတ်ခဲ့သည့်အဓိက တိုက်ပွဲကြီးတစ်ခုဖြစ်သည်။

မြင့်မောင်စိုး-စုစည်းသည်

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဗျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်၊
မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်၊

ကျွန်မရဲ့မျက်နှာမှာအမည်းစက်တွေတော်တော်များများရှိခဲ့ပါတယ်။ အမည်းစက်တွေပျောက်ချင်လွန်းလို့ တွေ့တဲ့လူတိုင်းကိုမေးကြည့်ခဲ့ပါတယ်။ ဒါပေမယ့်လည်းတစ်ယောက်တစ်မျိုးနဲ့ဆိုတော့ မျက်နှာပျက်စီးသွားမှာကြောက်လို့ဘာမှမလိမ်းဖြစ်ခဲ့ပါဘူး။ ရွှေပြည်နန်းကိုလိမ်းကြည့်ပါလားဆိုတာနဲ့ **ရွှေပြည်နန်းရှင်မတောင်အမွှေးသနပ်ခါး**ကို နေ့ဘက်မှာလိမ်းပြီး **ရွှေပြည်နန်းသံပုရာသနပ်ခါး**ကို ညဘက်မှာထူထူလေးအမြဲလိမ်းပါတယ်။ တစ်ပတ်လောက်နေတဲ့အခါ ညဘက်မှာလိမ်းတဲ့ ရွှေပြည်နန်းသံပုရာနံ့(သဘာဝအသားဖြူသနပ်ခါး)ဟာ အမည်းစက်တွေရှိတဲ့ နေရာရောက်ရင်နည်းနည်းလေးစပ်ပါတယ်။ အဲဒီလိုပုံမှန်လိမ်းရင်း အမည်းစက်ကလေးတွေဟာ တဖြည်းဖြည်းနဲ့မှိန်လာပါတယ်။ နှစ်လလောက်ရှိတဲ့အခါမှာတော့ အဲဒီအမည်းစက်တွေ ပြောင်လုနီးပါးဖြစ်သွားပါပြီ။ ကျွန်မလေလဝမ်းသာလိုက်တာ။ အဲဒါကြောင့်ရွှေပြည်နန်းသနပ်ခါးကို အထူးပဲကျေးဇူးတင်မိပါတယ်။ **ရွှေပြည်နန်းရှင်မတောင်အမွှေးသနပ်ခါး**က မျက်နှာအသားပြန်ခြင်းကိုကင်းဝေးစေပြီး **ရွှေပြည်နန်းသံပုရာနံ့(သဘာဝအသားဖြူသနပ်ခါး)**ကတော့ မျက်နှာကိုဖြူဝင်းလာစေပါတယ်။ ရွှေပြည်နန်းသနပ်ခါးရဲ့ အကျိုးကျေးဇူးတွေကို အခုတော့ကျွန်မခံစားရပါပြီ။

မစိုးစိုးအေး B.A(Myanmar)၊ ၁၅/၃၆၀ စေတ္တာလမ်း၊ ဝေါင်းလေ့ဝင်း(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့၊

ထပ်ဆင့်ထောက်ခံအပ်ပါသည်၊

မစိုးစိုးအေး၏ပေးစာတွင် ဖော်ပြထားသောအကြောင်းအရာ အချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များဖြစ်ပါကြောင်းနှင့် ကျွန်တော်ကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့ အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

ဦးညီညီ (ရွာနှစ်ရွာမှူး) ပျဉ်းမနားသကြားစက်(ဗြိမ်း) ၁၅/၁၀၂၃၊ ယုဓနလမ်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊

ဗိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ပြည်တွင်းသတင်းနှင့်စီးပွားရေး

လူမှန် နေရာမှန် ဖြစ်ဖို့လိုသည်

ဆွေဆွေ

မိမိတို့ မြန်မာလူမျိုးများ ပြောလေ့ ပြောထရှိသည့် စကားတစ်ခွန်းဖြစ်သည်။ လူမှန်နေရာမှန် ဖြစ်ဖို့ အရေးကြီးသည်ဟု ကဏ္ဍတော်တော်များများတွင် ပြောလေ့ရှိကြသည်။ မှန်ပေသည်။ မိမိတို့၏ ပတ်ဝန်းကျင် နယ်ပယ်အသီးသီးတွင် ဝမ်းရေးကြောင့်၊ ဝါသနာကြောင့်၊ အကြောင်းအမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်ကြရာတွင် လူမှန်နေရာမှန်ဖြစ်ရန် အရေးကြီးပေသည်။ သို့မှသာ ဆောင်ရွက်နေသည့်ကဏ္ဍတွင် ဆောင်ရွက်သူကိုယ်တိုင်သာမက တာဝန်ထမ်းဆောင်သည့်ဌာနအတွက်ပါ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုကို ရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

ယနေ့ မိမိတို့ပတ်ဝန်းကျင်ရှိ နယ်ပယ်အသီးသီးတွင် အကြောင်းအမျိုးမျိုးဖြင့် ကျင်လည်နေကြသောသူများကို လေ့လာကြည့်ပါ။ မိမိ ကျွမ်းကျင်ရာပညာ (သို့မဟုတ်) ဘာသာကို စတင်တာဝန်ထမ်းဆောင်စဉ်ကပင် ဘဝတစ်လျှောက် ထိုပညာဖြင့် တာဝန်များဆောင်ရွက်ခဲ့သောသူ၊ အသက်မွေးဝမ်းကျောင်းပြုခဲ့သူသည် သူ၏ပတ်ဝန်းကျင်တွင် အောင်မြင်သော၊ ကျွမ်းကျင်မှု၊ အရည်အချင်းနှင့် ပြည့်စုံသောသူအဖြစ်ရပ်တည်နိုင်သလို ၎င်းတာဝန်ယူသည့် ဌာနအနေဖြင့်လည်း ၎င်း၏ ကျွမ်းကျင်မှုရှိ၍ တန်ဖိုးရှိသောလုပ်အားကို အမှန်တကယ် အသုံးပြုရခြင်းကြောင့် လုပ်ငန်းများ အောင်မြင် တွင်ကျယ်သလို နိုင်ငံတော်အတွက်လည်း ၎င်း၏ လုပ်အားအပြည့်အဝ အသုံးချခွင့်ရရှိသဖြင့် ကုန်ထုတ်စွမ်းအား တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်ဘဏ္ဍာလည်း ဆုံးရှုံးမှုမရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ဥပမာ အနုပညာရှင်များထဲမှ နာမည်ကျော် ဟာသသရုပ်ဆောင်တစ်ဦးအား အဓိက ဇာတ်ဆောင်မင်းသားနေရာတွင် သရုပ်ဆောင်ခိုင်းပါက ၎င်းသည် ဟာသမင်းသားဖြစ်၍ ဟာသပညာဖြင့်သာ ပရိသတ်ကို ရယ်မောစေနိုင်ပြီး အဓိက သရုပ်ဆောင်မင်းသားကဲ့သို့ အံဝင်ခွင်ကျ သရုပ်ဆောင်နိုင်မည် မဟုတ်ပေ။

ထို့အတူ ပန်းချီပညာရှင်တစ်ဦးအား ပန်းပုထုခိုင်းခဲ့လျှင် ၎င်းသည် ပန်းချီပညာဖြင့်သာ နိုင်ငံကျော်ခဲ့သူဖြစ်၍ ပန်းပုရုပ်ကို အောင်မြင်ချောမောအောင် ထုဆစ်နိုင်မည်မဟုတ်ပေ။

ငယ်စဉ်က အဆိုဝါသနာပါခဲ့သော ကလေးငယ်တစ်ယောက်အား မိဘများက ဆရာဝန်ဖြစ်စေချင်၍ ဆရာဝန်လုပ်ခိုင်းခဲ့ပါကလည်း အောင်မြင်ထူးချွန်သော ဆရာဝန်တစ်ယောက် ဖြစ်ခဲ့မည် မဟုတ်ပေ။

ဆိုလိုရင်းမှာ ယနေ့ မိမိတို့နိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားကို ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့်သန့်ရှင်းသောအစိုးရဖြစ်စေရန် နိုင်ငံတော်အစိုးရက ဘက်ပေါင်းစုံမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အချိန်တွင် ဝန်ထမ်းများ လူမှန်နေရာမှန်ရှိရန် လိုအပ်သည်။ အောက်ခြေဝန်ထမ်းမှ အစပြု၍ အလယ်အလတ်အဆင့် ဝန်ထမ်း၊ အထက်အဆင့် ဝန်ထမ်းများအား အဆင့်ဆင့်တာဝန်ပေးရာတွင် လုပ်ငန်းများအားလုံး တတ်မြောက်ထားရန် လိုအပ်သည်မှန်သော်လည်း ဝန်ထမ်းများ၏ ကျွမ်းကျင်မှုပေါ် မူတည်၍ ကန့်သတ်တာဝန်ပေးရန်လိုသည်။ သို့မှသာ ၎င်းဝန်ထမ်းအတွက်ရော၊ ဌာနအတွက်ပါ ကောင်းမွန်သော ရလဒ်ကောင်းများ ရရှိမည်ဖြစ်သည်။ ကျွမ်းကျင်မှုမရှိသောသူအား လုပ်ငန်းကိုတာဝန်ပေးဆောင်ရွက်စေခဲ့ပါက ဝန်ထမ်း အတွက် သာမက ဌာနအတွက်ပါ အကျိုးရှိသောရလဒ်ကောင်းများ ပေါ်ထွက်နိုင်မည်မဟုတ်ပါ။ နိုင်ငံတော်သမ္မတကြီး မိန့်ကြားခဲ့သကဲ့သို့ပင် အောက်ခြေမှစ၍ ပြောင်းလဲနိုင်ရန် မိမိတို့၏ ဝန်ထမ်းများအား လူမှန်နေရာမှန်ရှိရဲ့လားဟု တာဝန်ရှိသူများအနေဖြင့် သုံးသပ်ကြရန် လိုအပ်ကြောင်း အပြုသဘောဆောင်၍ အကြံပြု တင်ပြလိုက်သည်။

ရန်ကုန်-တောင်ကြီး ကုန်ကားခများ မြင့်တက်လာ

ရန်ကုန် ဖေဖော်ဝါရီ ၂

တရုတ်နှစ်သစ်ကူး နီးလာချိန်တွင် ရန်ကုန်-မူဆယ် ကားခဈေးနှုန်းများ ကျဆင်းသော်လည်း ရန်ကုန်-တောင်ကြီးကုန်ကားခများ ဖေဖော်ဝါရီလဆန်းတွင် လေးဆယ်ရာခိုင်နှုန်း မြင့်တက်လာကြောင်း တောင်ကြီးသို့ ကုန်ပို့နေသော ဆန်ကုန်သည်နှင့် တောင်ကြီးသွား ကုန်ကားပိုင်ရှင်တို့က ဆိုသည်။

ရန်ကုန်မှ တောင်ကြီးသို့ ဆန်တစ်အိတ်ကုန်ကားခ ကျပ်တစ်ထောင့် ခုနစ်ရာနှုန်းဖြင့် ဈေးငြိမ်ခဲ့ရာမှ ပြည်ပမှကုန်သေတ္တာဖြင့် တင်သွင်းလာသော ကြက်စာအိတ် အများအပြား ရောက်ရှိလာချိန် ရှမ်းပြည်နယ်မှ ရန်ကုန်အဆင်း ပို့ကုန်ရှားသည့်အတွက် ကုန်ကားအဝင်နည်းခြင်းတို့ကြောင့် ယခုကဲ့သို့ ကားခနှုန်းများ မြင့်တက်လာရကြောင်းသိရသည်။

ရှမ်းပြည်နယ်မှ ရန်ကုန်သို့ ကုန်စိမ်းတစ်ပိဿာလျှင် ငွေကျပ် ငါးဆယ်ဝန်းကျင်၊ ရိုးရိုးအောက်ခံကုန် ငွေကျပ်လေးဆယ်ဝန်းကျင်သာရှိရာမှ ရန်ကုန်သို့ပို့ကုန်ရှားပါးသဖြင့် ယခု ရက်ပိုင်းတွင် အောက်ခံကုန် နှစ်ဆယ့်ငါးကျပ်ဝန်းကျင်၊ ကုန်စိမ်း သုံးဆယ့်ငါးကျပ်ဝန်းကျင်သာရှိကြောင်း၊ ယခင် ရန်ကုန်မှ တောင်ကြီးအသွားအပြန် ကားခ တစ်အိတ်လျှင် ငွေကျပ် သုံးထောင် ဝန်းကျင်ရှိပြီး ယခုရက်ပိုင်း ရန်ကုန်မှ တောင်ကြီးကားခ လေးဆယ်ရာခိုင်နှုန်း တက်လာသည်ဆိုသော်လည်း အသွားအပြန်ကားခမှာ ကျပ်သုံးထောင် ဝန်းကျင်သာဖြစ်၍ ဝင်ငွေသိသာစွာ ပိုမလာကြောင်း ကုန်ကားပိုင်ရှင်တစ်ဦးမှ ပြောကြားသည်။

ယခုအခါ တစ်အိတ်လျှင် ရန်ကုန်မှ တောင်ကြီးသို့ကားခ ငွေကျပ် နှစ်ထောင့်လေးရာနှုန်းရှိပြီး တင်ပို့ကုန်များပေါများသဖြင့် တစုတဝေးတည်းတင်ရသော ပြည်ပမှ သွင်းကုန်ကိုသာဦးစားပေး တင်ကြသဖြင့် ဆန်တင်ပို့သူ ကုန်သည်များ ဈေးအမြင့်ပေးတင်သော်လည်း အခက်အခဲရှိကြောင်း၊ ရန်ကုန်-မူဆယ်ခရီးစဉ်တွင်မူ ကားခ တစ်တန်လျှင် ငွေကျပ် ရှစ်သောင်း၊ တစ်အိတ်လျှင် ငွေကျပ် လေးထောင်နှုန်းသာ ယခုရက်ပိုင်းရှိရာ ယခင်ရက်ပိုင်းထက် နှိုင်းယှဉ်လျှင် တစ်တန်လျှင် ငွေကျပ် ငါးထောင်ဝန်းကျင် ဈေးကျလာကြောင်း၊ ဆန်ကားခနည်းတူ ဖရဲသီးကားခများမှာ တစ်တန်လျှင် ခရီးအကွာအဝေးအလိုက် ငွေကျပ် တစ်သိန်းမှ တစ်သိန်းတစ်သောင်း ဝန်းကျင်သာရှိပြီး တစ်တန်လျှင် ငွေကျပ်တစ်သောင်းကျော် ဈေးကျလာသည်ဟု မူဆယ်-မန္တလေးသို့ ကုန်တင်ပို့သော ကားဂိတ်တာဝန်ခံက ပြောကြားသည်။

ရန်ကုန်-မန္တလေး ကားခမှာမူ အောက်ခံကုန်တစ်ပိဿာလျှင် ၇၅ ကျပ်ဝန်းကျင်ရှိပြီး မန္တလေးမှ ရန်ကုန်အဆင်းကုန်ရရှိမှု ခဲယဉ်းကြောင်း၊ ခြောက်ဘီးကုန်တင်ယာဉ် တစ်စီးလျှင် ရန်ကုန်မှ မန္တလေးသို့ကားခ ကျပ်လေးသိန်းငါးသောင်း၊ မန္တလေးမှ ရန်ကုန်သို့ကားခ တစ်ပိဿာလျှင် ၂၃ ကျပ် မှ ၂၅ ကျပ် ဝန်းကျင်ဖြင့် ကားခ ငွေကျပ် တစ်သိန်း ငါးသောင်းစုစုပေါင်း ကားခ ငွေကျပ် ခြောက်သိန်းခန့်ရှိရာ အကျိုးအမြတ် ငွေကျပ် တစ်သိန်းသာ ကျန်ရှိကြောင်း ကုန်တင်ယာဉ်ပိုင်ရှင်တို့မှ ပြောကြားသည်။

(ခင်ဆိုင်)

မိုးစပါးအထွက်နှုန်းလျော့နည်းသော်လည်း ဆောင်းသီးနှံများဖြစ်ထွန်း၍ ဝင်ငွေတိုး

ရမည်းသင်း ဖေဖော်ဝါရီ ၂

ရမည်းသင်းမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ခုနှစ်က မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် မိုးစပါး စိုက်ပျိုးရန် လျာထား ဧက ၅၁၁၀၀ ဧကဖြစ်သော်လည်း ရာသီဥတုကြောင့် မိုးခေါင်မှု၊ ဆည်၊ ကန်များတွင် ရေမဝင်ရောက်မှုတို့ကြောင့် မိုးစပါး ၃၁၀၉၆ ဧကသာ စိုက်ပျိုးနိုင်ခဲ့သည်။

စိုက်ပြီး စပါးခင်းများမှာလည်း ရေမရရှိမှု၊ မိုးမရွာမှုကြောင့် စပါးများ အထွက်နှုန်းမမီသလို ဝမ်းစာစပါးနှင့် မျိုးဖိုး၊ လုပ်အားခ စသည်များ တောင်သူတို့ အများဆုံးကြုံတွေ့ခဲ့ကြောင်း စပါးစိုက် တောင်သူများမှ သိရှိရသည်။

တိုးတက်ကောင်းမွန်

သို့ဖြစ်၍ လျော့နည်းစပါး ဧကအစား ဆောင်းသီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ကုလားပဲ၊ မတ်ပဲ၊ ပဲကြီး၊ အခြားပဲ၊ ဝါ၊ ဟင်းသီးဟင်းရွက်၊ အစေ့ထုတ်ပြောင်းနှင့် ကွဲနွားအစာ စသည်တို့အား အစားထိုးစိုက်ပျိုးခဲ့ကြရာ ယခုအခါ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း စသည့် သီးနှံများပေါ်နေပြီး ရောင်းချနေကြရပြီဖြစ်၍ တောင်သူတို့ စီးပွားရေးများ အဆင်ပြေ တိုးတက်ကောင်းမွန်နေကြောင်း ဆောင်းသီးနှံစိုက် တောင်သူတို့ထံမှ သိရှိရသည်။

(ဝ၁၁)

စစ်ကိုင်းမြို့မဈေးသို့ ပြောင်းဖူးများ လှိုင်လှိုင်ဝင်

စစ်ကိုင်း ဖေဖော်ဝါရီ ၂

စစ်ကိုင်းမြို့နယ်အတွင်းရှိ ဆင်တပ်ကျေးရွာမှ ထွက်ရှိသော ပြောင်းဖူးနှင့် ထောပတ်ပြောင်းဖူးများ ထော်လာဂျီများနှင့် အဆက်မပြတ် ဝင်ရောက်လျက်ရှိသဖြင့် ပြောင်းဖူးများကို တစ်ဖူး ငွေကျပ် ၅၀ နှင့် ၇၀ ဖြင့် ရောင်းချလျက်ရှိသည်။

ပြောင်းဖူးများ သယ်လာသော ထော်လာဂျီအနားသို့ သွားရောက်ပြီး မေးမြန်းကြည့်ရာ ပြောင်းဖူးစိုက်တောင်သူဖြစ်သူ ဆင်တပ်ကျေးရွာမှ ဦးဝင်းဆောင်က "တစ်ဧကလျှင် မျိုးစေ့သုံးထုပ် စိုက်ပျိုးရကြောင်း၊ ဆီးမနစ်မျိုးစေ့တစ်ထုပ်ကို ငွေကျပ် ၁၆၀၀၀ ခန့်ရှိပြီး စိုက်ပျိုးရက်မှာ သုံးလရှိကြောင်း၊ တစ်ဧကထွက်နှုန်းမှာ ပြောင်းဖူးပေါင်း ၁၆၀၀၀ ကျော် ထွက်ရှိပြီး ဆင်တပ်ကျေးရွာမှာ ဧက ၆၀ ခန့် စိုက်ပျိုးကြကြောင်း၊ ဆင်တပ်မြစ်ရေတင် စီမံကိန်းနှင့် ကိုယ်တိုင်တွင်းများအသုံးပြုပြီး စိုက်ပျိုးကြကြောင်း၊ ရေလုံလောက်စွာရရှိပါက တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး ထောပတ်ပြောင်းဖူးနှင့် နှိုင်းယှဉ်လျှင် ထိုင်ဝမ်ပြောင်းဖူးမှာ အရောင်းသွက်လျက်ရှိပြီး စိုက်ပျိုးတောင်သူများအနေဖြင့် ဆောင်းသီးနှံများလှိုင်လှိုင်ပေါ်နေသည့်အချိန်နှင့် စိုက်ပျိုးချိန် တူညီနေသောကြောင့်ဈေးကွက်သို့ ပြိုင်တူ ဝင်ရောက်လာခြင်းဖြစ်ကြောင်း" ၎င်းက ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်ဆည်နယ်မှ နှမ်းတက်အများဆုံးထွက်

ကျောက်ဆည် ဖေဖော်ဝါရီ ၂

ကျောက်ဆည်ခရိုင်သည် ရှေးပုဂံခေတ် အနော်ရထာမင်းကြီး လက်ထက်ကတည်းက စမုံ၊ ဇော်ဂျီ၊ ပန်းလောင်၊ ဒုဋ္ဌဝတီမြစ်များကို ဆည်မြောင်းတမံများပြုလုပ်၍ စပါးစိုက်ပျိုးခဲ့သော လယ်တွင်းကိုးခရိုင်ဖြစ်သည်။ ကျောက်ဆည်ခရိုင်မှာ ရေခံမြေခံကောင်း၍ သီးနှံမျိုးစုံစိုက်ပျိုး၍ရသည်။ ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်များမှ စပါး၊ ငှက်ပျော၊ သရက်၊ ကွမ်း၊ နှမ်းတက်များ စိုက်ပျိုးကြသည်။

ကျောက်ဆည်မြို့နယ်နှင့်မြစ်သားမြို့နယ်များမှ နှမ်းတက်အများဆုံး ထွက်သည်။ နှမ်းတက်ကို မြစ်သား၊ ဟံမြင့်မိုရ်၊ လွန်ကျော်၊ သပြေသာ ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြသည်။ နှမ်းတက်သည် အခြောက်သီးနှံဖြစ်သည်။ နှမ်းတက်ကို တပေါင်းလမှစ၍ ဝါဆိုလအထိ စိုက်ပျိုးနိုင်သည်။ နှမ်းတက်ကို ကုန်းဆန်ဆန်မြေအမျိုးအစားတွင် စိုက်ပျိုးကြသည်။ နှမ်းတက်ကို အတက်မှလည်း စိုက်၍ရသည်။ နှမ်းခေါင်းမှလည်း စိုက်ပျိုး၍ရသည်။ နှမ်းတက်စိုက်မည့်မြေကို မြေညှိ၊ ထယ်ထိုးပြီး ပေါင်ပြုလုပ်၍ ပေါင်ပေါ်တွင် အတန်းလိုက်စိုက်ရသည်။ နှမ်းစိုက်ပြီး မြေဖုံး၍ အပေါ်မှနှမ်းဖြူ နှမ်းညိုစိုက်ကြသည်။ နှမ်းရိတ်သိမ်းပြီး နှမ်းတက်ကို ပြာသို၊ တပို့တွဲလတွင် ရိတ်သိမ်းရသည်။ နှမ်းတက်စိုက်သောမြေမှာ နှစ်သီးစားရသော မြေမျိုးဖြစ်သည်။ နှမ်းတက်နှင့် နှမ်းထွက်သော မြေဖြစ်သည်။ နှမ်းစိုက် မြေတစ်ဧကတွင် နှမ်းလှည်း ၁၂ စီးတိုက်ရသည်။ လှည်းတစ်စီးလျှင် ၂၅ တင်းခန့် ထွက်သည်။ ထွက်ရှိသည့် နှမ်းတက်များကို ဒယ်အိုးကြီးများဖြင့် ၁၅ မိနစ်ခန့် ပြုတ်၍ ဆယ်ယူပြီး ၁၅ ရက်ခန့် နေလှန်းရသည်။ ၁၅ ရက်ခန့် နေလှန်းပြီးမှ နှမ်းတက်အခြောက် ကုန်ချောရသည်။ တစ်ဧက နှမ်းတက်အခြောက်ချိန် ပိဿာ ၈၀၀ မှ ၁၀၀၀ ထွက်သည်။ နှမ်းတက် တစ်ပိဿာ ငွေကျပ် ၈၀၀ မှ ၁၂၀၀ အထိ ဈေးရသည်။ နှမ်း တစ်ဧကလျှင် ခုနစ်သိန်း၊ ရှစ်သိန်းခန့် ဝင်ငွေရသည်။

နှမ်းတက်စိုက် တောင်သူများအတွက် စီးပွားဖြစ်သီးနှံဖြစ်သည်။ နှမ်းတက်မှာ တစ်ဧကရှစ်သိန်းခန့်ရ၍ သုံးဧကရှိသော နှမ်းစိုက် တောင်သူမှာခြောက်လအတွင်း ၂၄ သိန်း ရရှိသောသီးနှံဖြစ်သည်။ နှမ်းတက်သည် အချိန်မရွေးရာသီမရွေး ဝယ်ယူရရှိသော သီးနှံဖြစ်သည်။ နှမ်းတက်ကို နိုင်ငံခြား တိုင်းပြည်များဖြစ်သော အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်စသော နိုင်ငံများက ဝယ်ယူကြသဖြင့် နိုင်ငံခြား တင်ပို့ရသော သီးနှံဖြစ်သည်။

ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်များမှထွက်သော နှမ်းတက်သည် အချို အမျိုးအစားဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) ယင်းမာပင်၊ ဆင်တောင်ဒေသမှထွက်သော နှမ်းတက်သည် အခါးမျိုးဖြစ်သည်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ကျောက်ဆည်မြို့နှင့် မြစ်သားမြို့နယ်မှ နှမ်းတက် အများဆုံးထွက်ပြီး ပြည်တွင်းလက်လီလက်ကားနှင့် နိုင်ငံခြားသို့ တင်ပို့ရောင်းချရသော ထွက်ကုန်သီးနှံဖြစ်သည်။

ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်၊ ဟံမြင့်မိုရ်ရွာများတွင် နှမ်းတက် အဝယ်ဒိုင်များ ဖွင့်လှစ်ထားသည်။ နှမ်းတက်ကို အချိန်မရွေး ဝယ်ယူကြသည်။ နှမ်းတက်စိုက်တောင်သူများမှာ သေချာရေရာသည့် နှမ်းတက်ကို စီးပွားဖြစ်စိုက်ပျိုးနေကြသည်ကို တွေ့ရသည်။ နှမ်းတက်စိုက်သည့် မြေတွင် နှမ်းလည်း ထပ်စိုက်၍ရသဖြင့် နှစ်သီးစားရသောသီးနှံများဖြစ်၍ တောင်သူများအတွက် အကျိုးအမြတ် အများဆုံးရရှိသော စီးပွားဖြစ်သီးနှံများဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

(ဝ၁၂)

YANGON METAL INDUSTRY CO., LTD. မှ

အကောင်းစားဘက်ထရီအိုးများ ဝယ်ယူနိုင်ပါပြီ

20 Ah	(3525) ကျပ်	NS100(80 Ah)	(12900) ကျပ်
35 Ah	(7050) ကျပ်	100 Ah	(16450) ကျပ်
45 Ah	(8225) ကျပ်	N120PP(110Ah)	(17600) ကျပ်
60 Ah	(10575) ကျပ်	120 Ah	(19900) ကျပ်
70 Ah	(12300) ကျပ်	150 Ah	(24675) ကျပ်
75 Ah	(12900) ကျပ်	200 Ah	(32900) ကျပ်

Ph: 527667, 701719-20

Ph: 02-72761, 09-73501775

Ph: 09-73132377

Ph: 09-73227023

သူ့အတွေး သူ့အမြင်

ယုံကြည်စိတ်ချရသောပြုပြင်ပြောင်းလဲရေး

မင်းဗထူး

(ဇန်နဝါရီ ၂၇ ရက်မှ အဆက်)

အစိုးရများအပေါ် ယုံကြည်စိတ်ချရမှုဟာ အစိုးရအတွက် **"အုပ်ချုပ်ရေးအရင်း"** ကို ဖြစ်ပေါ်စေပါတယ်။ ဆိုလိုတာကတော့ ရေရှည်မှာသာ အကျိုးကျေးဇူးပေါ်ပေါက်လာဖွယ်ရာရှိတဲ့ လတ်တလော လူကြိုက်မများလှသည့် ဆုံးဖြတ်ချက်တစ်ရပ်ကိုပင်လျှင် ပြည်သူလူထုက အစိုးရနဲ့ပူးပေါင်းပါဝင်လာအောင် စွမ်းအားကိုဖြစ်ပေါ်စေတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုးကို ဆိုလိုတာ ဖြစ်ပါတယ်။ လူမှုရေး ယုံကြည်စိတ်ချရမှုဟာ အစိုးရက ပါဝင်ဆောင်ရွက်တဲ့နည်းနဲ့ရယူနိုင်ပေမယ့် နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုဟာ ပါဝင်ဆောင်ရွက်တဲ့နည်းနဲ့ မရနိုင်ရုံမျှမက တစ်ခါတစ်ရံမှာ ဆန့်ကျင်တဲ့ အကျိုးသက်ရောက်မှုကို ခံကြရတာ တွေ့ရှိရပါတယ်။ ဒါ့ကြောင့် အစိုးရများဟာ ယုံကြည်စိတ်ချရမှုကို တည်ဆောက်ရာမှာ အယူဝါဒ အသိုက်အဝန်း၊ အဖွဲ့အစည်း၊ ဌာန စတာတွေထက် ပုဂ္ဂိုလ်ရေးဆိုင်ရာ တစ်ဦးချင်းကိစ္စများအပေါ် ထိတွေ့တုံ့ပြန်မှုပြုခြင်း နည်းလမ်းက ပိုပြီးအကျိုးကျေးဇူးရရှိစေပါတယ်။

ယုံကြည်စိတ်ချရမှုကို ပေါက်ဖွားလာစေဖို့အတွက် အစိုးရများဟာ လူပုဂ္ဂိုလ်အချင်းချင်းဆက်ဆံ၊ ဆက်သွယ်တဲ့ လှုပ်ရှားမှုတွေအပေါ် ထိန်းချုပ်မှုများကို လျှော့ချခြင်း၊ ရောင်းသူနဲ့ ဝယ်သူအချင်းချင်းယုံကြည်မှုနဲ့ နားလည်မှု သဘောတူညီချက် စာချုပ်စာတမ်းများကို အားဖြည့်ခိုင်မာစေခြင်း၊ ဘယ်နေရာမှာမဆို ဖိအားပေးပြီး ရည်မှန်းချက်များ အကောင်အထည်ဖော်စေမှုများကို ကန့်သတ်ခြင်း၊ တစ်စုံတစ်ယောက်က အခြားတစ်စုံတစ်ယောက်အပေါ် မှီခိုနေရမှုမှ လွတ်မြောက်စေခြင်း (ဥပမာ၊ မိသားစုအတွင်းရှိ ဒုက္ခိတတစ်ဦးအား စောင့်ရှောက်ပေးနေရသောဒုက္ခမှ လွတ်ကင်းစေခြင်း) စတဲ့ နည်းလမ်းတွေနဲ့ ဆောင်ရွက်သွားနိုင်ပါတယ်။ အဲဒီလို ပြည်သူလူထု ဗဟိုပြုနည်းလမ်းနဲ့ ယုံကြည်စိတ်ချမှုကို တည်ဆောက်ရာမှာ တစ်ခါတစ်ရံ လက်အောက်အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများကို မျက်စိစုံမှိတ်ပြီး လုံးဝယုံကြည်အားကိုးခဲ့မိလျှင် ရှိရင်းစွဲ လူမှုရေးအရင်းများပင် ဆုံးရှုံးသွားနိုင်စရာအကြောင်း ရှိတာကိုလည်း သတိထားရပါမယ်။

အရှေ့တောင်အာရှဒေသ နိုင်ငံတချို့၏ နမူနာ

အရှေ့တောင် အာရှဒေသနိုင်ငံများမှာ ကိုလိုနီအတွေ့အကြုံရှိတဲ့ နိုင်ငံအများစုပါဝင်ကြပြီး လွတ်မြောက်ရေးစစ်ပွဲများနဲ့ မိမိတို့နိုင်ငံသမိုင်းတွေကို ကမ္ပည်းထိုးခဲ့ကြတဲ့ နိုင်ငံများဖြစ်ကြပါတယ်။ နိုင်ငံသားအာဇာနည်ရှင်တွေလည်း အသီးသီးပေါ်ပေါက်ခဲ့ကြပါတယ်။ အဲဒီဒေသဟာ စစ်ပွဲများနဲ့ မစိမ်းသလို အစိုးရများအတွက်မူ ယုံကြည်စိတ်ချရမှုဟာ တန်ဖိုးကြီးတဲ့ ကုန်ပစ္စည်းတစ်ခုလို ဖြစ်နေခဲ့ပါတယ်။ ၂၀ ရာစု နှောင်းပိုင်းမှာ စင်ကာပူ၊ မလေးရှားနဲ့ ထိုင်းတို့ဟာ **"ကျား"**များအဖြစ် သတ်မှတ်ခြင်းခံရပါတယ်။ လူနေမှုအဆင့်မြင့်လာခြင်း၊ မွေးဖွားနှုန်းကျဆင်းခြင်း၊ ကျန်းမာရေး၊ ပညာရေးတိုးတက်ခြင်းနဲ့ စီးပွားရေးထွန်းတောက်လာခြင်းတို့ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီအချက်များက ဒေသတွင်းရှိ အခြားဖွံ့ဖြိုးဆဲနိုင်ငံတချို့ကို စီးပွားရေးတံခါးပွင့်လာစေဖို့နဲ့ ကမ္ဘာလွှမ်းခြုံမှုသဘောတရားကို လက်ခံလာစေဖို့အတွက် ဖြစ်စေခဲ့ပါတယ်။ ယခုအခါမှာတော့ အရှေ့တောင်အာရှဟာ အမွေးအတောင်စုံလာတဲ့ ဒီမိုကရေစီနိုင်ငံအများစု ပါရှိသောအဖွဲ့လို့ ခေါ်ဆိုနိုင်တော့မှာ ဖြစ်ပါတယ်။

ယုံကြည်စိတ်ချမှု ရှိခြင်းဟာ မျှော်လင့်ချက်ရှိခြင်းကို ဖော်ပြခြင်းမျှသာဖြစ်ပါတယ်။ လက်ရှိအခြေအနေကို လက်ခံပြီး တန်ဖိုးဖြတ်နေခြင်း မဟုတ်ပါဘူး။ ပြည်သူလူထုနဲ့ အစိုးရအကြား အသက်သွေးကြောဆက်စပ်ထိတွေ့မှုဆိုတာဟာ ပြည်သူလူထုအတွက် ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေကို စွမ်းဆောင်ရည်ရှိရှိနဲ့ ထိထိရောက်ရောက်ဖြန့်ဝေပေးနိုင်မှုရှိခြင်းကို ဆိုလိုပါတယ်။ အဲဒီလို စွမ်းဆောင်ရည်နဲ့ ထိရောက်မှုကောင်းစေဖို့ စည်းမျဉ်းဥပဒေများ၊ ရန်ပုံငွေများ၊ ဝန်ထမ်းများရဲ့အရည်အချင်း၊ အကျင့်စာရိတ္တ စတာတွေကောင်းမွန်ဖို့ လိုပါတယ်။ ဒါဟာ အစိုးရရဲ့ဝန်ဆောင်မှုများအတွက် အဓိက သွင်းအားစုများဖြစ်ကြပါတယ်။ ဒါသည်ပင်လျှင် အစိုးရတစ်ခုရဲ့ စွမ်းဆောင်ရည်ရှိမှုကို ဖော်ပြခြင်းပဲ ဖြစ်ပါတယ်။

ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှုအညွှန်း(GCI)က အထက်ပါသွင်းအားစုတွေကို စစ်ဆေးနိုင်ဖို့ မေးခွန်းသုံးခုသာမေးပါတယ်။ ကြိုးနီစနစ်က ဘယ်လောက်ထိဆိုးသလဲ၊ အစိုးရသုံးစွဲငွေအလေအလွင့် ဘယ်လောက်များသလဲ၊ လူပုဂ္ဂိုလ်အရည်အသွေးက ဘယ်လိုလဲဆိုတဲ့မေးခွန်းတွေပဲ ဖြစ်ပါတယ်။ (GCI) ရဲ့တွေ့ရှိချက်တွေအရ မေးခွန်းသုံးခုအတွက် အရှေ့တောင်အာရှနိုင်ငံများရဲ့ ပျမ်းမျှအညွှန်းကိန်းဟာ ၃.၅ ဖြစ်တဲ့အတွက် အလယ်အလတ်ဖြစ်ပါတယ်။ ကြိုးနီစနစ်ကို လျှော့ချနိုင်တဲ့ စည်းမျဉ်းတွေ ပစ္စည်းဝယ်ယူရေးစနစ် ပြုပြင်ပြောင်းလဲခြင်းနဲ့ ဆင်ဆင်ခြင်ခြင် သုံးစွဲမှုများအပိုင်းတွေမှာ အားသာမှုတွေရှိပေမယ့် လူသားအရင်းအမြစ်အပိုင်းမှာ များစွာအားနည်းနေသေးတာကို တွေ့ရပါတယ်။

နိုင်ငံတိုင်းမှာ အစိုးရရဲ့စွမ်းဆောင်မှုအရည်အသွေးနဲ့ ပတ်သက်လို့ အငြင်းပွားဖွယ်ဖြစ်နေပေမယ့် အများပြည်သူလူထုအတွက် ကျောင်းများ၊ ကျန်းမာရေးဝန်ဆောင်မှုပေးခြင်း၊ အခြေခံအဆောက်အအုံများ အခြေအနေ၊ အနိမ့်ဆုံးလစာ သတ်မှတ်ပေးခြင်းနဲ့ လိုက်နာဆောင်ရွက်ခြင်း စတာတွေဟာ အများက လက်ခံနိုင်တဲ့မှတ်ကျောက်များ ဖြစ်ကြပါတယ်။ စင်ကာပူကလွဲပြီး ကျန်နိုင်ငံအစိုးရများရဲ့ စွမ်းဆောင်မှုအရည်အသွေးဟာ တိုးတက်မှုပိုမိုရရှိဖို့ လိုအပ်နေသေးကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ် ၂၀၀၁ မှာ ဆွေးနွေးခဲ့ကြတာကို တွေ့ရှိရပါတယ်။

အစိုးရဟာ လူတိုင်းအတွက် ဝန်ဆောင်မှုတွေ လုပ်ပေးနေရပါတယ်။ အထူးသဖြင့် ဆင်းရဲချို့တဲ့လို့၊ ပညာမသင်ကြားနိုင်လို့၊ ဝေးလံခေါင်ဖျားဒေသတွေမှာ နေထိုင်ကြရလို့၊ တိုင်းရင်းသားလူနည်းစုဖြစ်လို့၊ မသန်စွမ်းဖြစ်လို့ အစရှိတဲ့ ပိုင်းခြားခံရသလို ဖြစ်နေသူများအတွက် ဝန်ဆောင်မှုတွေကို ပိုပြီးလုပ်ပေးဖို့ တာဝန်ရှိပါတယ်။ အဲဒီမူဝါဒဟာ လူမှုရေးတရားမျှတမှုကို ပိုမိုရရှိစေပြီး နိုင်ငံရဲ့ တည်ငြိမ်မှုကိုလည်း ဖြစ်ပေါ်စေပါတယ်။ ရင်းနှီးမြှုပ်နှံမှုများအတွက် လုံခြုံစိတ်ချရမှုကိုလည်း ဖြစ်ပေါ်စေပါတယ်။ ဒါ့ကြောင့် (GCI)က စီးပွားရေးစီမံခန့်ခွဲသူများကို ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာမှာ ဒီပေတံနဲ့တိုင်းထွာကြပါလို့ မေတ္တာရပ်ခံထားပါတယ်။ အရှေ့တောင် အာရှနိုင်ငံများမှာ စင်ကာပူကလွဲပြီး ကျန်နိုင်ငံများဟာ အလယ်အလတ်အောက်မှာပဲရှိနေကြပါတယ်။ လူမှုရေးလွှဲပြောင်းပေးမှုတွေ အောက်ခြေကို ပျံ့နှံ့စွာမရောက်သေးခြင်း၊ ကျောင်းများရဲ့ အရည်အသွေးကွာခြားခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကွဲပြားခြားနားခြင်း၊ အစိုးရများရဲ့ မူဝါဒအရ အခွင့်သာမှုမရရှိကြသေးခြင်း စတဲ့အချက်များကြောင့် ဖြစ်ပါတယ်။

သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာက လူတစ်ယောက်ကို မည်သူနှင့်မဆို၊ မည်သည့်အချိန်တွင်မဆို ဆက်သွယ်နိုင်စွမ်းရှိအောင် အခွင့်အရေးပေးထားပါတယ်။ စီးပွားရေး၊ ပညာရေး၊ ကျား/မ၊ နေရာဒေသကွာခြားမှုမရှိစေဘဲ ဖြစ်နိုင်သမျှ အဲဒီအခွင့်အရေးကို ရရှိအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အစိုးရဌာနများရဲ့ အွန်လိုင်းဝန်ဆောင်မှုများဟာ (e-govt) စနစ်အတွက် အထောက်အပံ့ဖြစ်စေသလို ကောင်းမွန်သော အုပ်ချုပ်ရေးရဲ့ အဓိကအင်္ဂါရပ် သုံးခုဖြစ်တဲ့ အကျင့်ပျက်ခြစားမှု ပပျောက်ရေး၊ ထင်သာမြင်သာရှိမှုနဲ့ ပါဝင်ခွင့်ရှိခြင်းတို့ကို အထောက်အကူပေးနိုင်ပါတယ်။

အရေးကြီးသော အလားအလာများနှင့် စိန်ခေါ်မှုများ

အရှေ့တောင်အာရှနိုင်ငံများဟာ ကမ္ဘာ့အခြားသောဒေသများနဲ့မတူ ထူးခြားတဲ့အချက်တချို့ရှိတယ်လို့ ဆိုကြပါတယ်။ ပထမအချက်ကတော့ အခြားနိုင်ငံများနဲ့ နှိုင်းစာလျှင် အရှေ့တောင်အာရှနိုင်ငံသားများဟာ အစိုးရများနဲ့ စည်းကမ်းတကျဖွဲ့စည်းတည်ထောင်ထားတဲ့ဌာနများအပေါ်သို့ အတိုင်းအတာတစ်ခုအထိ ပိုမိုယုံကြည်စိတ်ချမှုရှိနေကြဆဲ ဖြစ်တယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ နိုင်ငံသားအချင်းချင်း တစ်ယောက်နဲ့တစ်ယောက် ယေဘုယျယုံကြည်မှုနည်းနေသူများကပင် အစိုးရအပေါ် မေးခွန်းထုတ်စရာများ ရှိနေလင့်ကစား အထိုက်အလျောက် ယုံကြည်မှုရှိကြနေခြင်း ဖြစ်ပါတယ်။ ဒါဟာ ကြားဝင်ဖျန်ဖြေနှစ်သိမ့်ပေးမယ့်သူများ ရှိနေတာကြောင့်သော်လည်းကောင်း၊ ဘာသာရေးအဆုံးအမများကြောင့်သော်လည်းကောင်း ဖြစ်နိုင်တယ်လို့ဆိုပါတယ်။ မျှော်လင့်ချက်ထားလိုတဲ့ စိတ်ကြောင့်လည်း ဖြစ်နိုင်ပါတယ်။

အဲဒီလို အခြေအနေကြောင့် အရှေ့တောင် အာရှနိုင်ငံများမှာ ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချမှုကို ရရှိအောင် တည်ဆောက်ရတဲ့ အလုပ်ဟာ အစိုးရများအတွက်ပိုပြီး ထိုက်တန်တယ်လို့ဆိုရပါမယ်။ ယုံကြည်စိတ်ချရမှု တည်ဆောက်ရာမှာ အရှေ့တောင်အာရှနိုင်ငံများရဲ့ နမူနာကို ယူမယ်ဆိုပါက အစိုးရနဲ့ ပြည်သူလူထုအကြား ထိတွေ့တဲ့နေရာကို ပထမဦးဆုံး အာရုံစူးစိုက်လုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီနေရာဟာ **ပြည်သူလူထုအတွက် ဝန်ဆောင်မှုနဲ့ လွယ်ကူအဆင်ပြေမှု ရရှိအောင် လုပ်ပေးရမယ့်အပိုင်းပဲ** ဖြစ်ပါတယ်။ ဒုတိယအာရုံစူးစိုက်ရမယ့် နေရာကတော့ **နိုင်ငံ့ဝန်ထမ်းများ အပိုင်း**ဖြစ်ပါတယ်။ ပြည်သူ့ဗဟိုပြုမူဝါဒအသစ်အရ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နေကြရပေမယ့်လည်း မှန်ကန်တဲ့ လမ်းကြောင်းအပေါ်တွင် ရှေ့သို့ဆက်တိုးပြီး လုပ်နေကြရသူများအတွက် ပေါင်းစည်းစွမ်းအင် ဖြစ်ပေါ်လာအောင် အုပ်ချုပ်ရေးအပိုင်းကို ဦးစားပေးပြုပြင်ပြောင်းလဲရေးလုပ်ပေးရပါမယ်။ ဝန်ထမ်းဆုချီးမြှင့်ခြင်း၊ အသိအမှတ်ပြုခြင်း၊ လမ်းညွှန်ပြခြင်း၊ လေ့ကျင့်ပေးခြင်းနဲ့ ကျွမ်းကျင်မှုမြင့်တင်ခြင်း၊ အဆင့်တိုးပေးခြင်း၊ အကြံဉာဏ်နဲ့ တိုင်ပင်ဆွေးနွေးခွင့်ပေးခြင်း၊ ပကတိအခြေအနေလှည့်လည်စစ်ဆေးခြင်း၊ စံချိန်မီစာရင်းစစ်ဖြင့် စစ်ဆေးခြင်းနဲ့ လိုအပ်ကလက်တွဲဖြုတ်ခြင်း စတာတွေကို မလွဲမသွေပြုလုပ်ပေးသွားရမှာ ဖြစ်ပါတယ်။ မလေးရှားနိုင်ငံကဆောင်ရွက်ခဲ့တဲ့ **"ထိပ်ပိုင်းယန္တရား ပြုပြင်ပြောင်းလဲရေး"** အစီအစဉ်ဟာ နမူနာကောင်းတစ်ခုဖြစ်ပါတယ်။

နိဂုံး

အာရှတိုက်နိုင်ငံများရဲ့ ပြုပြင်ပြောင်းလဲရေးနမူနာများဟာ ကျွန်တော်တို့နိုင်ငံအတွက် အနီးစပ်ဆုံး၊ အကောင်းဆုံးနမူနာများ ဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံရေးခေါင်းဆောင်များဟာ ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချရမှု လုံလုံလောက်လောက်ရရှိရန်အတွက်တော့ အချိန်ယူကြရဦးမှာ ဖြစ်ပါတယ်။ နိုင်ငံရေးအရင်း၊ လူမှုရေးအရင်း၊ အုပ်ချုပ်ရေးအရင်းများရအောင် အကြိမ်ကြိမ်အဆက်မပြတ် ကြိုးစားအားထုတ်နေကြရမှာဖြစ်ပါတယ်။ ဒါကို မီးပွတ်သမားနဲ့ တင်စားနိုင်ပါတယ်။ မီးပွတ်နေခိုက် တစ်ဖက်ကိုတစ်ဖက် လက်ညှိုးထိုးအပြစ်တင်နေလို့တော့ ယုံကြည်စိတ်ချရမှု ပေါ်ပေါက်လာစရာအကြောင်းမရှိပါဘူး။ ဒီနေရာမှာ အချက်အလက်ရှာဖွေရာ၌ အကြီးအကျယ်သဘောထားကွဲလွဲမှုရှိသော်လည်း အလုပ်လုပ်ရာတွင် တက်ညီလက်ညီရှိလှသော အာရှနိုင်ငံတချို့ကိုလည်း နမူနာယူသင့်ပါတယ်။ ဒါကြောင့် မတူတာတွေ ခဏဘေးဖယ်ထားပြီး တူတာတွေ ပူးပေါင်းဆောင်ရွက်နိုင်ကြရမှာ ဖြစ်ပါတယ်။ အကြံတူလျှင် နောက်လူသာရမှာပါ။ ရေခံမြေခံကောင်းတဲ့ သဘာဝပတ်ဝန်းကျင်တွင် ပေါင်းစည်းစွမ်းအင်ဝင်လာမှသာလျှင် ကျွန်တော်တို့မျှော်မှန်းသလို တစ်ဟုန်ထိုးတိုးတက်ပြီး ကျွန်တော်တို့ကို လွှမ်းမိုးလာဖွယ် အလားအလာရှိတဲ့ အခြားနိုင်ငံများကို ဖြတ်ကျော်နိုင်မှာပါ။ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းမဆို မိမိကိုယ်ကို ဗဟိုပြုနေသရွေ့၊ မိမိအဖွဲ့အစည်းကို ဗဟိုပြုနေသရွေ့ ပေါင်းစည်းစွမ်းအင် ဖြစ်လာစရာအကြောင်းမရှိပါဘူး။ **ပြည်သူလူထုကို ဗဟိုပြုသော မဟာဗျူဟာနဲ့ ကိုယ်ကျိုးမငဲ့သော ခေါင်းဆောင်မှု** တို့သည်သာ ပြည်သူလူထု၏ ယုံကြည်စိတ်ချမှုနဲ့ ထိုမှတစ်ဆင့် နိုင်ငံအတွက် ပေါင်းစည်းစွမ်းအင်ဖြစ်လာရန် အခြေခံလိုအပ်ချက်များ ဖြစ်ကြောင်းပါခင်ဗျား။

Source:Building trust in Government in Southeast Asia, contributor-Ledivina V.Carino

(ပြီးပါပြီ)

ဖားကန့်မြို့နယ် တာမခန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဖွင့်

ဖားကန့် ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ် ဖားကန့်မြို့နယ် တာမခန်ကျေးရွာရှိ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခဲ့သည့် အထိမ်းအမှတ်အဖြစ် အခြေခံပညာအထက်တန်းကျောင်း ဖွင့်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက တာမခန်အထက ကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်းဆိုင်းဘုတ်ကို ရပ်မိရပ်ဖများဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးသန်းဝင်းတို့နှင့် ကျောင်းအကျိုးတော်ဆောင် ဦးတင်ငွေ၊ ဦးထိုတို့က ကြိုးဆွဲ၍ ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ကျောင်းသူလေးများ၏ ပန်းဖွားအက၊ ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့၏ ရှမ်းအိုးစည်အက၊ ကချင်ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ မနောအက၊ မြန်မာ့ရိုးရာဆိုင်းဝိုင်းနှင့် တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တာမခန် အထကကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူအောင်က ဖျော်ဖြေခဲ့ကြသော ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့၊ ကချင်ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ မြန်မာ့ရိုးရာ ဆိုင်းဝိုင်းအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ သံဃာတော် ငါးပါးနှင့် သီလရှင်ရှစ်ပါးတို့အား ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြပြီး မွန်းလွဲ ၁ နာရီတွင် ခရစ်ယာန်အသင်းတော်မှ ဆုတောင်းပွဲ ပြုလုပ်ကာ ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြသည်။ **(ဝဇ၄)**

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပ

မိုပိုင်းလွတ် ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် မိုပိုင်းလွတ်မြို့နယ်ခွဲ၌ ပထမအကြိမ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက မြို့နယ်ခွဲ ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ သဘာပတိ ဦးလှဝင်းနှင့် မြို့နယ်ခွဲယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဒေးဝိတို့က နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံသမိုင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး နာဂရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ရာ မြို့နယ်ခွဲအတွင်း နေထိုင်လျက်ရှိကြသော တိုင်းရင်းသားညီအစ်ကိုများ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရှိရသည်။

(၁၁၇)

သုဝဏ္ဏဘူမိခေမာရာမသီလရှင် စာသင်တိုက်သို့ အလှူငွေနှင့် ဆွမ်းဆန်တော်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၈) ရပ်ကွက် သုဝဏ္ဏဘူမိခေမာရာမသီလရှင်စာသင်တိုက်တွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ၊ သီလရှင်ဝတ်စုံနှင့် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့်နာယက ဒေါ်သင်းသင်းမြ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အလှူရှင်များ တက်ရောက်ကြသည်။လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းမှုအဖြစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေးမိသားစုက လှူဒါန်းငွေကျပ်တစ်သိန်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က လှူဒါန်းငွေကျပ် ငါးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မြို့တော်ဝန်ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်အေးနွယ်မိသားစုက သီလရှင်ဝတ်စုံ ၇၅ စုံအတွက် လှူဒါန်းငွေကျပ် နှစ်သိန်းနှင့် အလှူရှင်များက အလှူငွေနှင့် ဆွမ်းဆန်တော်များ ပေးအပ်လှူဒါန်းကြကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန် အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာ အဆင့်မြင့်စံပြစက်မှုလယ်ယာ ဧက (၅၀၀) စိုက်ကွင်းတွင် တောင်သူလယ်သမားများအား ဆိုလာမီးအိမ်တစ်လုံးစီ ပေးအပ်စဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

သီးနှံစိုက်ပျိုးရာတွင် မိမိတို့နိုင်ငံသည် ဆန်စပါးကို အဓိကထားစားသုံးသည့်အတွက် စပါးတစ်သီးကို မဖြစ်မနေ စိုက်ပျိုးကြရန်နှင့် ကျန်နှစ်သီးကိုမူ ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ စိုက်ပျိုးကြရန် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးရှိ စိုက်ပျိုးရေးပညာရှင်များဖြင့် စံပြစိုက်ပျိုးရေးစခန်းများ တည်ထောင်ပြီး တောင်သူများအတွက် ဈေးကွက်လိုအပ်ချက်နှင့်အညီပြောင်းလဲစိုက်ပျိုးနိုင်ရေး ပံ့ပိုးပေးနိုင်ရန်ဖြစ်ကြောင်း။

စပါးစိုက်ပျိုးရာတွင် တောင်သူများကြိုက်နှစ်သက်သည့် စပါးမျိုးကိုသာ စိုက်ပျိုးစေပြီး အရည်အသွေးကောင်း၍အထွက်နှုန်းကောင်းသည့် စပါးမျိုးကို ရွေးချယ်စိုက်ပျိုးတတ်စေရန် ပံ့ပိုးရမည်ဖြစ်ကြောင်း၊ ပုလဲသွယ်စပ်မျိုးစပါးမှာမျိုးချန်၍ မရသဖြင့် ခရိုင်အလိုက် မျိုးစေ့ထုတ်စိုက်ခင်းများ ထူထောင်ပေးရန်လိုကြောင်း။

အရှေ့တောင်အာရှဒေသတွင် မြန်မာနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ဒုတိယမြေဧရိယာအကျယ်ဆုံးနိုင်ငံဖြစ်ပြီး စိုက်ပျိုးမြေဧရိယာများစွာရှိနေသော်လည်း အဓိကစိုက်ပျိုးရေးထွက်ကုန်ဖြစ်သည့်ဆန်စပါးကို တန်ချိန်တစ်သန်းသာပြည်ပသို့ တင်ပို့ရောင်းချနိုင်သေးကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို တစ်ဆမှ သုံးဆအထိ တိုးတက်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းကြရန်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍတိုးတက်လာရန် လက်တွေ့ပြသပေးခြင်းသာဆောင်ရွက်ပေးနိုင်ကြောင်း၊ ထို့ကြောင့် တစ်ဦးချင်းဝင်ငွေ သုံးဆတိုးတက်လာရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နည်းလမ်းများရှာဖွေဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးမှာ အပြန်အလှန် အကျိုးပြုနေသဖြင့် မွေးမြူရေးကိုလည်း တွဲဖက်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံသည် တစ်ဦးချင်းဝင်ငွေ အနည်းဆုံးနိုင်ငံဖြစ်နေသဖြင့် မိမိတို့အစိုးရလက်ထက်တွင် တစ်ဦးချင်းဝင်ငွေ တိုးတက်အောင် မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် ဧရာဝတီတိုင်းဒေသကြီးထက် စိုက်ပျိုးရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရန် အလားအလာ ပိုမိုကောင်းမွန်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်ထားသည့် ဘက်စုံစံပြစိုက်ပျိုးမွေးမြူရေးစခန်းများလည်း ထူထောင်ရမည်ဖြစ်ကြောင်း။

သီးနှံများစိုက်ပျိုးရာ၌ နောင်တွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှုအစား အော်ဂဲနစ်စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲစိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်း နို့စားနှင့် အသားစားနွားများကို ကောင်းရေများများဖြင့် တိုးချဲ့မွေးမြူပြီး ပြည်ပနိုင်ငံများသို့ တရားဝင်တင်ပို့ရောင်းချနိုင်ရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အတူ ပြည်သူများအာဟာရပြည့်ဝပြီး ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်ထက်မြက်စေရန်အတွက် နွားနို့သောက်သုံးခြင်းကိုလည်း ပညာပေးလှုံ့ဆော်ကြရန်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ပုဂ္ဂလိက က လွှဲပြောင်းဆောင်ရွက်လာစေရန် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မြေသယံဇာတကြွယ်ဝပြီး ရာသီဥတုသင့်တင့် မျှတမှုရှိသော်လည်း ကောင်းစွာအသုံးမချနိုင်၍ ထုတ်လုပ်မှုနည်းပါးနေသေးကြောင်း၊ ထို့အတူ ဧရာဝတီ၊ ချင်းတွင်းစသည့် မြစ်ကြီးများမှ အဖိုးတန်ရေချိုများကိုလည်း မိမိတို့အကျိုးရှိစွာအသုံးမချနိုင်သေးသဖြင့် ပင်လယ်ထဲသို့ သာအလဟဿစီးဝင် သွားပြီးရေငန်များ ဖြစ်သွားရကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ဆည်တာတမံ တည်ဆောက်နိုင်သည့်နေရာများစွာရှိနေရာ နောင်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆည်၊ တာတမံများ တည်ဆောက်သွားရန် ဖြစ်ကြောင်း။

လယ်ယာထွက်ကုန် တိုးတက်လာရန်အတွက် ပြည်သူများ၏ ကြိုးစားအားထုတ်မှုနှင့်အတူ နည်းပညာလိုအပ်သဖြင့် ခေတ်မီနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထုတ်ကုန်များ ဈေးကွက်ရရှိရန်အတွက် Supply Change ကိုလည်း အစမှအဆုံးထိ လေ့လာစဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို စက်မှုနိုင်ငံဖြစ်အောင် ဦးတည်ဆောင်ရွက်နေသော်လည်း လောလောဆယ်တွင် နိုင်ငံအတွက် အဓိကဝင်ငွေရှာဖွေပေးနေသည့် လယ်ယာကဏ္ဍကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စံပြစိုက်ကွင်းအတွင်း ပြသထားသည့် ဘက်စုံသုံးလက်တွန်းထွန်စက်ငယ်များနှင့် စက်ယန္တရားများကို လှည့်လည်ကြည့်ရှုပြီး ညောင်ပင်သာကျေးရွာနှင့် ဝန်းကျင်ကျေးရွာများမှ တောင်သူလယ်သမားများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာ၌ တောင်သူများအနေဖြင့် စိုက်ပျိုးသီးနှံများကို အထွက်တိုးအောင် စိုက်ပျိုးနိုင်မှသာ လယ်ယာကဏ္ဍတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လယ်မြေတစ်ဧက၊ နှစ်ဧကခန့်သာ ပိုင်ဆိုင်သည့် တောင်သူဦးရေမှာ တစ်နိုင်ငံလုံးဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ထို့အတူ လယ်ယာမြေများလည်း ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖြစ်တည်နေကြောင်း၊ ထို့ကြောင့် တစ်သီးမှသုံးသီးထိ စိုက်ပျိုးနိုင်မည့် လယ်ယာမြေပြုပြင်ရေးဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ခေတ်မီလယ်ယာမြေ ဖော်ထုတ်နိုင်ရန် ကုမ္ပဏီများက ဆောင်ရွက်ပေးနိုင်ကြောင်း၊ ပြုပြင်ပြီး လယ်ယာမြေများ၏ တန်ဖိုးမှာ မူလမြေတန်ဖိုးထက် များစွာမြင့်တက်ကွာခြားသွားပါကြောင်း၊ ထို့အတူ လယ်ယာမြေပိုင်ဆိုင်ခွင့်ရပြီးဖြစ်၍ မိမိတို့၏ပြုပြင်ပြီးတန်ဖိုးမြင့် လယ်ယာမြေများကို စိုက်ပျိုးရေးကဏ္ဍတိုးချဲ့နိုင်ရေးအတွက် ဘဏ်များတွင် ပေါင်နှံ၍ ချေးငွေရယူဆောင်ရွက်နိုင်ပါကြောင်း၊ လယ်ယာလုပ်ငန်းဆောင်ရွက်ရာတွင် သမားရိုးကျမဟုတ်ဘဲ ပြောင်းလဲဆောင်ရွက်မှသာ လယ်သမားများဘဝ တိုးတက်လာပြီး ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝလည်း ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးလာရန် အလားအလာကောင်းများစွာရှိပြီး စိုက်ပျိုးမြေများအတွက်လည်း ဆည်ရေရရှိအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တောင်သူ လယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေကို တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းအထိ တိုးမြှင့်ထုတ်ချေးပေးနေသော်လည်း မလုံလောက်နိုင်ကြောင်း၊ အဆင့်မြင့်လယ်မြေများ ပြုပြင်ပြီးပါက ချေးငွေအလုံအလောက်ရနိုင်ကြောင်း၊ တောင်သူများအနေဖြင့်လည်း စိုက်ပျိုးရေးကိုသာမက မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြရန်နှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကိုယ်တိုင်ကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အစိုးရအဖွဲ့ကလည်း တတ်နိုင်သမျှ ဝိုင်းဝန်းပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တောင်သူလယ်သမားများအား တစ်အိမ်ထောင်လျှင်ဆိုလာမီးအိမ်တစ်လုံးစီ ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ခင်းကျင်းပြသထားသည့် စပ်မျိုးအစေ့ထုတ်ပြောင်းနှင့်အထူးအထွက်တိုး မြေပဲမျိုးစေ့များ၊ ကုန်ချောပစ္စည်းများနှင့် စိုက်ကွင်းအတွင်းရှိ စပ်မျိုးပြောင်းစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာရှိ အဆင့်မြင့်စံပြစက်မှုလယ်ယာ ဧက (၅၀၀) စံပြစိုက်ကွင်းသို့ ရောက်ရှိပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတကအဆင့်မြင့် စံပြစက်မှုလယ်ယာများ ဖြစ်ပေါ်လာပြီးဖြစ်၍ မိမိတို့၏ လယ်ယာမြေများ တန်ဖိုးမြင့်မားလာပြီဖြစ်ကြောင်း၊ ကုန်ထုတ်လမ်း၊ ရေပေးမြောင်းများဖြင့် လယ်ယာမြေများ စနစ်တကျပေါ်ထွန်းလာမှုနှင့်အတူ ယင်းမြေများတွင် တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း၊ နောင်တွင် ကျေးရွာအုပ်စုများ၌ သမဝါယမလယ်ယာကုန်ထုတ်အသင်းများထူထောင်ပေးပြီး ရိတ်သိမ်းခြွေလှေ့စက်၊ လယ်ထွန်စက်၊ ဘက်စုံသုံး လယ်ထွန်စက် စသည့် လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန် စီစဉ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လယ်သမားချမ်းသာမှ တိုင်းပြည်ချမ်းသာမည်ဖြစ်၍ လယ်သမားများကိုယ်တိုင်ကလည်း ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး တောင်သူလယ်သမားများအား ဆိုလာမီးအိမ်တစ်လုံးစီ ပေးအပ်သည်။

ယနေ့ နိုင်ငံတော်သမ္မတ သွားရောက်ခဲ့သည့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် နေပြည်တော်-ရန်ကုန် အမြန်လမ်းမ မိုင်တိုင်အမှတ် (၁၀၇) နံဘေးရှိ ညောင်ပင်သာ အဆင့်မြင့်စက်မှုလယ်ယာ ဘက်စုံသီးနှံစံပြစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပိုင်မြေတွင် ပုဂ္ဂလိကကုမ္ပဏီအား လုပ်ပိုင်ခွင့်ပေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှစတင်၍ ဝန်ထမ်းအင်အား (၇၀၀) ခန့်နှင့်ကုမ္ပဏီပိုင် စက်ယန္တရားများအသုံးပြုပြီး အဆင့်မြင့်လယ်ယာစနစ်ဖြစ်သော ဟက်တာကွက်များကို ဧက (၂၀၀၀) တိုင်းတာဖော်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေရရှိရေးအတွက် တူးမြောင်းများဖောက်လုပ်ပြီး ကွန်ချောင်းမှ ရေတင်စနစ်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ဆောင်းသီးနှံအဖြစ် မိုးခေါင်ဒဏ်ခံနိုင်ရည်မြင့်မားသော အစေ့ထုတ်စပ်မျိုးပြောင်း (U-H-008)ကို ဧက (၁၀၀၀) စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း၊ ထွက်ရှိလာမည့် အစေ့ထုတ်ပြောင်းဖူးများကို(Silo) ခေတ်မီသန့်စင်စက်ကြီးများဖြင့် ခြောက်သွေ့အောင်ပြုလုပ်ပြီး နိုင်ငံတကာအဆင့်မီ ထုပ်ပိုးစက်များဖြင့် Ready Cargo ပြုလုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ မိုးသီးနှံအဖြစ် ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးနှင့် အခြားသီးနှံများကို ဆက်လက်စိုက်ပျိုးရန်နှင့် သဘာဝဓာတ်မြေဩဇာရရှိရေးအတွက် နွားကောင်ရေ (၅၀၀၀)ကို တွဲဖက် မွေးမြူသွားမည်ဖြစ်ကြောင်း။

ထို့အပြင် ခေတ်မီ Mechanized Farming အဖြစ်ရောက်ရှိနိုင်ရန် Weather Station များနှင့် Soil Test ကိရိယာတပ်ဆင်ခြင်း၊ ရိတ်သိမ်းစက်၊ အခြောက်ခံစက်၊ ခြွေလှေ့စက်နှင့် (Silo) စက်များ ထပ်မံဝယ်ယူပြီး ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထွက်ရှိလာမည့်သီးနှံများကိုလည်း ကုန်ကြမ်းအဖြစ် တင်ပို့ရောင်းချမှုအဆင့်မှ Value added အဖြစ် Finished Product များ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်နိုင်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် စံနမူနာပြဖြစ်လာခဲ့ပြီး ဒေသခံပြည်သူများကိုလည်းအလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေသည့်အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အထောက်အကူဖြစ်လျက်ရှိသည်။

ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ အဆင့်မြင့်စက်မှုလယ်ယာ ဘက်စုံသီးနှံ ဧက (၂၀၀၀) စံပြစိုက်ကွင်းအတွင်းရှိ စပ်မျိုးပြောင်းစိုက်ခင်းကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

▲ ကျောဖုံးမှ

စတုရန်းပုံသဏ္ဌာန်ဖြစ်ပြီးအနက်မှာ ၁၆ ပေရှိသည်။ ဒိုင်ဗင်ကန်သည်လည်းမကြာခင်အချောသပ်လုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်သည်။

ထို့အတူ လေ့ကျင့်ရေကူးကန် တည်ဆောက်မှုများလည်း ပြီးစီးတော့မည့် အနေအထားဖြစ်နေပြီး နောက်ဆုံး အချောသပ်လုပ်ငန်းများသာ ကျန်ရှိတော့သည်ကိုတွေ့ရသည်။ လေ့ကျင့်ရေကူးကန်သည် ပြိုင်ပွဲရေကူးကန်ထက် အရွယ်အစားအနည်းငယ်သေးငယ်စွာ တည်ဆောက်ထားသည်ကို သတိပြုမိသည်။

လေ့ကျင့်ရေကူးကန်၏ အရွယ်အစားမှာ အလျား ၁၆၄ ပေ၊ အနံ ၈၂ ပေနှင့် အနက် ၄ ဒသမ ၅ ပေ ခန့်သာရှိသည်။ ပြိုင်ပွဲရေကူးကန်ထက်အလျား လေးပေခန့်သေးငယ်ပြီး ရေကန်အနက်လည်း ထက်ဝက်ခန့်လျော့နည်းကာ တည်ဆောက်ထားခြင်းဖြစ်သည်။

ဝဏ္ဏသိဒ္ဓိရေကူးကန်၏ ဒီဇိုင်းကို တရုတ်နိုင်ငံက ရေးဆွဲထုတ်လုပ်ထားခြင်းဖြစ်ပြီး မြန်မာအင်ဂျင်နီယာများက တည်ဆောက်နေခြင်း ဖြစ်သည်။

ရေကူးကန်အဆောက်အအုံ၏ ပုံသဏ္ဌာန်သည် ဝေဟင်အပေါ်စီးမှ ကြည့်လျှင် လှေတစ်စင်း၏ ဒီဇိုင်းပုံစံအဖြစ် မြင်တွေ့ရမည် ဖြစ်သည်။

ဝဏ္ဏသိဒ္ဓိရေကူးကန်အဆောက်အအုံတွင် မြေအောက်ခန်း၊ ပထမထပ်၊ ဒုတိယထပ်နှင့်တတိယအထပ်များ ဖွဲ့စည်းတည်ဆောက်ထားသည်ကို တွေ့ရသည်။ မြေအောက်ခန်းအထပ်တွင် ရေကန်ရေများပြုပြင်ထိန်းသိမ်းခန်း၊ လျှပ်စစ်ထိန်းချုပ်ခန်း၊ ပစ္စည်းများထားသိုခန်း စသည့်အခန်းပေါင်း ၂၉ ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်မှာ ပြီးစီးလုနီးပါးဖြစ်နေသည်။

ရေကူးကန်အဆောက်အအုံ၏ ပထမထပ်(O-oom Level)တွင် ဒိုင်လူကြီးများဆွေးနွေးခန်း၊ ပြိုင်ပွဲဆိုင်ရာရုံးခန်း၊ ဒိုင်လူကြီးအဝတ်လဲခန်း၊ နက်ဝက်ဘ်အခန်း၊ မီးဘေးလုံခြုံရေးထိန်းချုပ်ခန်း စသည်ဖြင့် အခန်းများပါဝင် ဖွဲ့စည်းတည်ဆောက်ထားသည်ကို တွေ့ရသည်။

တစ်ဖန် မြေပေါ်ပထမထပ်တွင် ရုပ်မြင်သံကြားခန်းမ၊ ရုပ်မြင်သံကြားသတင်းမီဒီယာ ဆွေးနွေးခန်း၊ သတင်းထုတ်ပြန်ခန်း၊ မီဒီယာနားနေခန်း၊ ကျန်းမာရေးစောင့်ရှောက်ကုသမှုအခန်း၊ အားကစားသမားများအခန်း စသည်ဖြင့် အခန်းပေါင်း ၈၀ ပါဝင်ဖွဲ့စည်း တည်ဆောက်ထားသည်ဖြစ်ရာ ပြီးစီးတော့မည်ဖြစ်သည်။

ထို့အပြင် ဒုတိယထပ်တွင် အားကစားသမားများ လေ့ကျင့်ရာအခန်း၊ အားကစားပစ္စည်းများထားသိုခန်း၊ သန့်စင်ခန်း စသည့်အခန်းပေါင်း ၂၈ ခန်း ပါဝင်ဖွဲ့စည်းထားသည်ကို တွေ့မြင်ရသည်။ တတိယထပ်တွင် အလင်းရောင်ထိန်းချုပ်ခန်း၊ လျှပ်စစ်ထိန်းချုပ်ခန်း၊ စတိုခန်း စသည့် အခန်းပေါင်း ၁၂ ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်မှာ အပြီးသတ် လုပ်ငန်းများသာ ကျန်ရှိတော့သည်ကို တွေ့ရသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်မကျင်းပမီ ဝဏ္ဏသိဒ္ဓိရေကူးကန် တည်ဆောက်မှုများ အချိန်စောစီးစွာ ပြီးစီးမည်ဖြစ်သည်။ လာမည့် မတ်လကုန်တွင် အပြီးတည်ဆောက်ရန် ရည်မှန်းထားပြီး ပြိုင်ပွဲများကျင်းပရန် ကြိုတင်ပြီးစီးမှုများ သတ်မှတ်ထားရာ လာမည့် မတ်လတွင် ရေကူးကန်တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ဆေးတက္ကသိုလ်(၂)ရန်ကုန် နှစ်(၅၀)ပြည့် ရွှေရတုသဘင် အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

ဆေးတက္ကသိုလ်(၂) ရန်ကုန် နှစ် (၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါ တက္ကသိုလ်အဆောက်အအုံရှေ့၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး အငြိမ်းစား ဒေါက်တာမြဦးနှင့် ဆေးတက္ကသိုလ်(၂) ရန်ကုန်ပါမောက္ခချုပ် ဒေါက်တာ တင့်ဆွေလတ်တို့က မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရွှေရတုအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကျောက်တိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အငြိမ်းစားပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့်အတူ အထိမ်းအမှတ် သစ်ပင်အဖြစ် မဟော်ဂနီပင်ကို စိုက်ပျိုးပေးခဲ့သည်။

ကြည့်ရှုအားပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ ဘာသာရပ်ဆိုင်ရာအလိုက် ပြသထားသည့် ပြခန်းငယ်များ၊ ဆေးနှင့်ဆေးပစ္စည်းအရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆေးတက္ကသိုလ်(၂)ရန်ကုန် နှစ်(၅၀)ပြည့် ဖွင့်ပွဲအခမ်းအနားကို စာသင်ဆောင် (၉)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးတက္ကသိုလ်(၂)ကို ၁၉၆၃ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် မင်္ဂလာဒုံနယ်မြေ၌ စတင်ဖွင့်လှစ်ခဲ့ရာ ယခု ၂၀၁၃ ခုနှစ်တွင် အနှစ်(၅၀) ပြည့်မြောက်ပြီ ဖြစ်ပါကြောင်း၊ စတင်ဖွင့်လှစ်စဉ်ကာလက တစ်နှစ်လျှင် ကျောင်းသား ၅၀ ခန့်သာ လက်ခံသင်ကြားပေးနေသည့် တက္ကသိုလ်ကြီးသည် မင်္ဂလာဒုံမြို့နယ်တွင်တည်ရှိခဲ့ပြီး ယခုလက်ရှိ မြောက်ဥက္ကလာပမြို့နယ်သို့ ၁၉၉၆ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း၊ ဆေးတက္ကသိုလ်တစ်ခုအတွက် အရေးပါလှသည့် သင်ကြားဆေးရုံကြီးများ အနေနှင့်လည်း ယင်းတက္ကသိုလ်ဖွင့်လှစ်ခဲ့စဉ်က မင်္ဂလာဒုံစစ်ဆေးရုံကြီးတစ်ခုသာ ရှိခဲ့သော်လည်း ယခုအခါ မြောက်ဥက္ကလာပသင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး၊ သယ်န်းကျွန်းစံပြဆေးရုံကြီး၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး၊ တောင်ဥက္ကလာပ မိခင်နှင့်ကလေးဆေးရုံကြီးနှင့် ရန်ကင်းကလေးအထူးကုဆေးရုံကြီးများနှင့် တွဲဖက်သင်ကြားပေးနိုင်ပြီဖြစ်ပါကြောင်း။

၎င်းတက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့စဉ်ကာလက ဆေးကောလိပ်အနေဖြင့် စတင်ဖွင့်လှစ်ခဲ့သော်လည်း ၁၉၆၄ ခုနှစ်ကာလမှစတင်၍ ဆေးတက္ကသိုလ်အဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ စတင်ဖွင့်လှစ်ခဲ့စဉ်က M. B., B. S ဘွဲ့ သင်တန်းအပြင် ဒီပလိုမာသင်တန်းတစ်ခု၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၁၉ ခု၊ ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်း ၁၁ ခုဖြင့် ပါရဂူဘွဲ့လွန်သင်တန်းခြောက်ခု စသည်ဖြင့် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းပေါင်းများစွာကို သင်ကြားပို့ချပေးနေသော ဆေးတက္ကသိုလ်ကြီးတစ်ခုအနေဖြင့် မားမားမတ်မတ် ရပ်တည်နေနိုင်ပြီဖြစ်ပါကြောင်း။

၎င်းဆေးတက္ကသိုလ်၏ အဓိကရည်မှန်းချက်(၂)ရပ်အနေဖြင့် မြန်မာနိုင်ငံတွင် အဖြစ်များသော ကျန်းမာရေး ပြဿနာများကို ကျွမ်းကျင်စွာကိုင်တွယ် ဖြေရှင်းပေးနိုင်သော အခြေခံဆရာဝန်များ မွေးထုတ်ပေးရန်၊ ခေတ်မီဆေးပညာဘာသာရပ်များနှင့် ခေတ်ပေါ်ဆေးပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေသည့် အထူးကုဆရာဝန်များ မွေးထုတ်ပေးရန်ဟု ရည်မှန်းချက်ထားရှိသည့်အတိုင်း ပေါက်မြောက်အောင်မြင်စွာ သင်ကြားပေးလျက်ရှိကြောင်း။

အကောင်အထည်ဖော်

ဆေးပညာသင်ကြားရေးအရည်အသွေးပြည့်ဝပြီး နိုင်ငံတကာအဆင့်အတန်း မီနိုင်ရေးအတွက်လည်းဆေးတက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းများကို ပုံမှန်ပြန်လည်ဆန်းစစ် ပြင်ဆင်ဖြည့်စွက်ရေးဆွဲခြင်း၊ ဆေးတက္ကသိုလ်များအတွက် ဆရာအင်အား၊ ဝန်ထမ်းအင်အား တိုးတက်ခန့်ထားခြင်း၊ သင်ကြားရေးအထောက်အကူပြု ပစ္စည်းများ၊ ဓာတ်ခွဲခန်း ပစ္စည်းကိရိယာများကို ဝယ်ယူဖြည့်ဆည်းပေးလျက်ရှိခြင်း၊ နိုင်ငံတကာမှ ဆေးတက္ကသိုလ်များနှင့် ပိုမိုရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်လျက်ရှိခြင်း၊ ဆေးတက္ကသိုလ်များမှ သုတေသနပြုမှုများ ပိုမိုတိုးတက်အကောင်အထည်ဖော်နိုင်ပြီး နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီ သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးကိုလည်း ဦးစားပေး ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိကြောင်း။

နိုင်ငံတကာ၌ရော ပြည်တွင်းမှာပါ ဖြစ်ပေါ်ပြောင်းလဲမှုဖြစ်စဉ်များအရ ဆေးတက္ကသိုလ်များတွင် ဆေးကျင့်ဝတ် (Medical Ethic)၊ ဆေးပညာရှင်ဘဝကျင့်ဝတ် (Professionalisms) များကိုဆေးတက္ကသိုလ်စတင်တက်ရောက်စဉ်မှ အလုပ်သင်ဆရာဝန်အထိ လူနာအတွက် လုံခြုံစိတ်ချစေရန် လေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်း။

ဆေးပညာရှင် ဆရာဝန်များအနေဖြင့် ရောဂါများကုသရေးသာမက ကျန်းမာရေးပြဿနာများကို ဖြေရှင်းနိုင်သည့် အခြေခံဆရာဝန်ကောင်းတစ်ယောက် ဖြစ်စေရန် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း၊ အခြေခံဆရာဝန်ကောင်းတစ်ဦးအား ပိုမိုမြင့်မားသည့် အသိပညာဗဟုသုတ (Knowledge) နှင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု (Skill Training) ပြည့်ဝစေခြင်းဖြင့် လုပ်ငန်းခွင်နှင့် သုတေသနလုပ်ငန်းများတွင် ထိရောက်စွာ အကျိုးရရှိစေနိုင်မည်ဖြစ်ကြောင်း။

ဆေးတက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းကို အစဉ်အလာအရ ဘာသာရပ်အလိုက် အခြေပြုသင်ကြားပေးသည့် သင်ရိုးညွှန်းတမ်း (Discipline Based Curriculum) မှ ပေါင်းစုသင်ကြားရေး သင်ရိုးညွှန်းတမ်း (Integrated Curriculum) များအဖြစ် ပြောင်းလဲသင်ကြားနိုင်ရေး ရှာဖွေအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ သမိုင်းကြောင်းကို ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ ပထမဆုံး ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ပါမောက္ခချုပ်(အငြိမ်းစား) ပါမောက္ခ ဒေါက်တာကိုကိုကြီးက လည်းကောင်း၊ ပါမောက္ခဒေါက်တာမျိုးသွယ် အထိမ်းအမှတ်ပညာသင်ဆုရန်ပုံငွေထူထောင်ခြင်းအကြောင်းကို ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ်(အငြိမ်းစား) ပါမောက္ခ ဒေါက်တာမျိုးသွယ်က လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

(သတင်းစဉ်)

အဆင့်မြင့်စံပြစက်မှုလယ်ယာဧက (၅၀၀) စံပြစိုက်ကွင်းသည် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ နေပြည်တော်-ရန်ကုန် အမြန်လမ်းမ မိုင်တိုင်အမှတ် (၁၄၆) အနီးတွင် ရှိသည်။ ယခုအခါ ပိတောက်ခင်ကျေးရွာမှတောင်သူများ၏ လယ်ယာမြေဧက (၂၀၀) ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဆင့်မြင့်စံပြ စက်မှုလယ်ယာမြေအဖြစ် ဖော်ထုတ်ပေးပြီးဖြစ်သည်။ ယင်းစိုက်ကွင်းတွင် ပုလဲသွယ်စပ်မျိုးစပါး ဧက (၂၀) မျိုးစေ့ထုတ်လုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ အင်ဒိုင်း၊ ရွာပုကုန်းနှင့် ထန်းပင်ကောက် ကျေးရွာများမှ တောင်သူများ၏ လယ်ယာမြေဧက (၃၀၀) ကိုလည်း အဆင့်မြင့်လယ်ယာမြေအဖြစ် ဖော်ထုတ်လျက်ရှိသည်။ ထိုသို့ ဖော်ထုတ်ပေးနိုင်မှုကြောင့် တောင်သူများ၏ သမားရိုးကျလယ်ယာမြေများမှာ ခေတ်မီအဆင့်မြင့် စက်မှုလယ်ယာမြေများအဖြစ် ပေါ်ထွန်းလာပြီး ယခင်က တစ်နှစ်တစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ရာမှ ယခုအခါ သုံးသီး စိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်သည့် နေရာများတွင် ယာဉ်ထိန်းတပ်ဖွဲ့ တိုးမြှင့်ချထားဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြရန်ဖြစ်ကြောင်း၊ အများပြည်သူ သွားလာမှုလွယ်ကူစေရန် အထူးကိစ္စတစ်ရပ်အနေဖြင့် ခရီးသည်တင်ကားများ တင်သွင်းခွင့်အပေါ် သက်ဆိုင်ရာဌာနများက ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သည့် CNG များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနက ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့၏ တွေ့ရှိ အကြံပြုချက်များအပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီကာလတွင် Mass Rapid Transportation (MRT) စနစ် ဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ယမန်နေ့နံနက် ၁၁ နာရီခွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်မြို့တော်အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်မြို့တော်အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ခင်က လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ဦးကြည်သိန်းက အဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေး အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်နေမှု အစီအစဉ်များကို ရှင်းလင်းတင်ပြကာ သက်ဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်တင်ပြဆွေးနွေးကြသည်။

တက်ရောက်

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ည ၇ နာရီတွင် Chatrium ဟိုတယ် Pool Garden ၌ ကျင်းပသည့် ဒိန်းမတ်နိုင်ငံမှ Carlsberg Group နှင့် မြန်မာနိုင်ငံမှ MGS Breweries Co., Ltd. တို့၏ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် MGS Breweries Co., Ltd. ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် Carlsberg Group ၏ CEO Mr. Jorgen Buhl Rasmussen တို့က အမှာစကားပြောကြားကြပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီမှုကိုလက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။

ယင်းသဘောတူညီမှုအရ MGS Breweries နှင့် Carlsberg တို့သည် Joint Venture ကုမ္ပဏီတစ်ခုအဖြစ် Myanmar Carlsberg Co., Ltd. ကို တည်ထောင်ပြီး မြန်မာပြည်တွင် Carlsberg ဘီယာများကို ဖြန့်ချိရန်ရည်ရွယ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

သူ့အတွေး၊ သူ့အမြင်

အချိန်မီသေးသည်၊ မြန်မြန်သွား

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် စိတ်ကျန်းမာရေးဆေးရုံ(ရွာသာကြီး) သို့ သွားရန်အကြောင်းဖန်လေပြီ။ ၁၆-၁၂-၂၀၁၂ ရက်နေ့ ညနေ ၄ နာရီတွင် မိမိ၏အစ်ကိုအကြီးဆုံးကို ဆေးရုံသို့ပို့ရန် တယ်လီဖုန်းဖြင့် ဆက်လာ၍ သထုံမှ ရန်ကုန်သို့ ညအချိန် မိဘဂုဏ်ခရီးသည်တင်ကားစီး၍ ရောက်ရှိခဲ့သည်။

စိတ်ကျန်းမာရေး ဆေးရုံသည် ကျယ်ဝန်းသောမြေပေါ်တွင် တည်ဆောက်ထားပြီး အချိုးကျလှပခိုင်မာစွာတည်ဆောက်ထားသည်။ အေးချမ်းသာယာ၏။ မြင်ကွင်းကျယ်၏။ လေကောင်းလေသန့်ရ၏။ လူနေအိမ်များနှင့်ဝေး၏။ တိတ်ဆိတ်ငြိမ်သက်၏။

မိမိ၏ အစ်ကိုသည် အရက်ကို အလွန်အကျွံသုံးစွဲခြင်းမဟုတ်သော်လည်း အရက်ကို နေ့စဉ်သောက်ရာမှ တဖြည်းဖြည်းအချိန်ကြာလာသည်နှင့်အမျှ အစာအာဟာရမမှန်တော့ အားအင်မရှိ။ အအိပ်အစားနည်းလာပြီး ကျန်းမာရေးကို ထိခိုက်ခြင်းဖြစ်သည်။ စကားပြော မမှန်တော့။ တဖြည်းဖြည်း ကြမ်းတမ်းလာသည်။ ထို့ကြောင့် ဆေးရုံကို ပို့ရခြင်းဖြစ်သည်။ ဆေးရုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအပြီး ဆေးရုံ ၁၄ ရက် တက်ရောက် ကုသရန် ဆုံးဖြတ်လိုက်ရသည်။ စိတ်ကျန်းမာရေးဆေးရုံတွင် စရိတ်မျှပေး ကျန်းမာရေးစနစ်နှင့် သွားနေသည့်အတွက် ၁၄ ရက်စာအတွက် ဆေးဖိုး ငွေကျပ် ၄၅၀၀၀အပြင် ထမင်းဆိုင်တွင် မနက်အဆာပြေအဖြစ် (လက်ဖက်ရည်၊မုန့်)နှင့်တွဲ၍ (မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ထမင်းကျော်) တစ်ရက် ငွေကျပ် ၄၀၀ သို့မဟုတ် ငွေကျပ် ၆၀၀၊ နံနက်စာအတွက် ကြိုက်နှစ်သက်ရာ ဟင်း၊ ထမင်း ငွေကျပ် ၇၀၀၊ ညနေစာအတွက် ကြိုက်နှစ်သက်ရာ ဟင်း၊ ထမင်း ငွေကျပ် ၇၀၀၊ တစ်ရက် ငွေကျပ် ၁၄၀၀ နှုန်းဖြင့် လူနာတစ်ယောက် စားစရိတ်အပြီးအစီး ငွေကျပ် ၂၀၀၀ ကုန်ကျသည်။ ထို့ကြောင့် မိမိ၏ အစ်ကိုသည် ၁၄ ရက်စာအတွက် စားစရိတ် ငွေကျပ် ၂၈၀၀၀ ကုန်ကျသည်။ စုစုပေါင်းဆေးဖိုး၊ စားစရိတ် ငွေကျပ် ၇၃၀၀၀ ကုန်ကျသည်။ အခန်းခ အပါအဝင်ဆိုရင်တော့ ၁၄ ရက်အတွက် ငွေကျပ် ၁၀၀၀၀၀ ခန့် ကုန်ကျပါမည်။ ယခုကုန်ကျငွေသည် တတ်နိုင်သူများအတွက်သာ ဖြစ်သည်။ စရိတ်မျှပေး ကျန်းမာရေးစနစ်နှင့်သွားနေသော်လည်း ဆေးဝါး၊ စားစရိတ် မတတ်နိုင်သော ရောဂါသည်လူနာများအတွက် ဆေးရုံမှ နေရေး၊ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ဆေးဝါးကအစ တာဝန်ယူ ကုသပေးသည်။ စွန့်ပစ်လူနာများအတွက် နိုင်ငံတော်မှ ဆေးစရိတ်၊ စားသောက်စရိတ်များအတွက် တစ်နှစ်လျှင် ငွေကျပ် သိန်းထောင်ချီ၍ အကုန်အကျခံပြီးဆေးကုသပေးသည်။ လိုအပ်နေသည့် အစားအသောက်၊ ဆေးဝါးများကိုလည်း အလှူရှင်များကို အားကိုးနေရသည်။ အလှူရှင်များသည်လည်း အမြဲမပြတ် လှူဒါန်းနေသည်ကိုလည်း တွေ့ရသည်။ ဆက်လက်၍ လှူဒါန်းရန်လိုအပ်နေသည်။

စိတ်ကျန်းမာရေး ဆေးရုံတွင် တက်ရောက်ကုသနေကြသော စိတ်ကျန်းမာရေးဝေဒနာရှင် စုစုပေါင်း ၁၀၀၀ ကျော်ရှိနေသည်ဟု သိရသည်။ တက်ရောက် ကုသနေသော လူနာအများစုမှာ အရက်ကြောင့် ဖြစ်ပေါ်လာသော စိတ်ဝေဒနာရှင် လူနာဦးရေကများနေသည်ကို တွေ့ရသည်။ အရက်သောက်သုံးသူများသည် အကြောင်းအမျိုးမျိုးကို အကြောင်းပြ၍၊ အကြောင်းပြု၍ သောက်ကြသည်။ အရက်သောက်သုံးသူများသည် လူမှုရေးဒုက္ခ၊ လူမှုရေးပြဿနာများဖြစ်ကြပြီး အဆုံးမှာတော့ ရောဂါဝေဒနာခံစားရ၏။ ထိုမျှမက အရက်သောက်သူသည် သူ၏မိသားစု၊ သူ၏ပတ်ဝန်းကျင်များကိုပါ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ဒုက္ခပေးနေမှန်းမသိ။ ရောဂါဝေဒနာ တစ်ခုခုဖြစ်လာမှ အရက်သောက်သူတွင်သာမက သူ့မိသားစု၊ သူ့အသိုင်းအဝိုင်း၊လူ့ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေသည်။ အချိန်ကုန်သည်။ စီးပွားရေးပျက်သည်။ ဥပေက္ခာ ပြုခြင်းခံရသည်။ နောက်ဆုံး အရာရာကို ဆုံးရှုံးကာ လူ့လောကကြီးကို စွန့်ခွာသွားကြသည်ကို တွေ့ရသည်။

အရက် သောက်သုံးသူများသည် မိမိကိုယ်မိမိ အသိတရားထား၍ အချိန်မီ ဆောလျင်စွာ စိတ်ကျန်းမာရေး ဆေးရုံသို့တက်ရောက်၍ ကုသနိုင်ရန်လိုအပ်သည်။ ဆောလျင်စွာ ဆေးကုသမှုခံယူခြင်း အားဖြင့် အောက်ပါ အကျိုးကျေးဇူးများကို ရရှိနိုင်သည်-

- အချို့သော ဝေဒနာများကို ပျောက်ကင်းအောင် ကုသနိုင်သည်။
- အချို့သော ရောဂါများကို သက်သာအောင် ကုသနိုင်သည်။
- အချို့သော ရောဂါများကို ပြန်လည်၍ မဖြစ်နိုင်အောင် ကုသနိုင်သည်။
- အချို့သော ရောဂါများကို နာတာရှည်ရောဂါ ဖြစ်ပွားမှုမှ ကာကွယ်နိုင်သည်။
- မိမိ မိသားစု၏ ဝန်ထုပ်ဝန်ပိုးကို လျော့နည်းစေနိုင်သည်။

မိမိရောဂါကို ရှက်စရာမလိုဘဲ အရက်သောက်ခြင်းမှ လျော့နည်းသွားစေရန် လုံးဝမသောက်တော့ရန် အတွက် စိတ်ကျန်းမာရေးဆေးရုံသို့ တက်ရောက်၍ အရက်ဖြတ်စေချင်သည်။ ဆေးစရိတ်၊ စားစရိတ်၊ နေထိုင်စရိတ်၊ ကုန်ကျစရိတ်နည်းပါးပါသည်။ ဆင်းရဲ နွမ်းပါးသူများအတွက် နိုင်ငံတော်မှ ထောက်ပံ့ကူညီကုသပေးနေပါသည်။

အဓိကတင်ပြချင်သည်မှာ နေ့စဉ်အရက်သောက်သုံးသူများ၊ အလွန်အကျွံ သောက်သုံးနေသူများသည် မိမိတွင် ရောဂါမဖြစ်သေးခင်၊ အသိဉာဏ်လေး ရှိနေသေးလျှင် စိတ်ကျန်းမာရေး ဆေးရုံ (ရွာသာကြီး)သို့ သွားရောက်လေ့လာ၍ ဆရာဝန်ကြီးများထံတွင် တွေ့ဆုံ၊အကူအညီတောင်းခံ၊ စမ်းသပ်မှုခံယူ၍ လိုအပ်သည့် ဆေးဝါးကုသမှုကို ဆောလျင်စွာ (ယခု)ဆေးကုသမှုခံယူပြီး မိမိဘဝ၊ မိမိ မိသားစု၊ မိမိပတ်ဝန်းကျင်ကို ကောင်းကျိုးပြုနိုင်သော လူတစ်ယောက်၊ အဓိပ္ပာယ်ရှိသော လူတစ်ယောက်အဖြစ် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိ မိသားစုအတွက် လူကောင်း တစ်ယောက်အဖြစ် ပြုပြင်ပြောင်းလဲကြပါစို့ဟု ရေးသားတင်ပြအပ်ပါသည်။

ခွန်(ဝင်းပ)

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးတွင် ဖေဖော်ဝါရီ ၁ ရက်က မြို့နယ်/ ရပ်ကွက် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီအဖွဲ့များတွေ့ဆုံပွဲ အခမ်းအနားများကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဝင်းနိုင် သန်းခေါင်စာရင်းကောက်ယူရေးအတွက် သိရှိဆောင်ရွက်နိုင်ရန် ရှင်းလင်းပြောကြားစဉ်။ (ဝ၂ဝ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု တွေ့ရှိလာ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဇန်နဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ ရက်သတ္တပတ်ကြာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးလုပ်ဆောင်ပြီးနောက် ဇန်နဝါရီ ၂၉ ရက်မှစ၍ ဥပဒေအတိုင်း ရန်ကုန်မြို့တွင်း အရေးယူဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တွင်း လမ်းအသုံးပြုသူအရေးအတွက် သန်းချီရှိသော လူအများက ရာဂဏန်းအရေအတွက်သာရှိပြီး နေပူမရှောင်လမ်းပေါ်တွင် တာဝန်ထမ်းဆောင်နေသော ယာဉ်ထိန်းရဲများ၏ လုပ်ဆောင်ချက်အပေါ် ကြိုဆိုသော အပြောအဆိုများရှိလာသည်ဟု သိရသည်။

ယာဉ်မောင်းအများစု စည်းကမ်းလိုက်နာမှုရှိလာကြောင်း၊ လက်ညှိုးထောင်ခွင့်တောင်း ယာဉ်ကြောကျော်တက်နေရာယူခြင်း၊ ဆန့်ကျင်ဘက် နေရာယာဉ်ကြောပေါ် တက်ရောက်ခြင်းများ နည်းလာကြောင်း၊ ခရီးသည်တင်ယာဉ်များ မှတ်တိုင်နေရာထိရောက်အောင် မောင်းနှင်ခြင်းများကို ဂရုစိုက်လုပ်ဆောင်လာသည်ကို တွေ့မြင်နေရသည်ဟု ပြောဆိုနေကြသည်။

ရန်ကုန်မြို့အနှံ့ တရားဝင်မောင်းနှင်ခွင့်မရှိသော မော်တော်ဆိုင်ကယ်များ စည်းကမ်းမဲ့သွားလာနေခြင်းများကိုလည်း ထိရောက်စွာ ဖမ်းဆီးအရေးယူသင့်ကြောင်း၊ သက်ဆိုင်ရာမှ ယခုကာလဆောင်ရွက်နေသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကြီးကြပ်ဆောင်ရွက်နေမှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းကြောင့် ရန်ကုန်မြို့တွင်း ယာဉ်ပိတ်ဆို့မှုလျော့ပါးရေး၊ လမ်းအသုံးပြုသူများ သက်သာချောင်ချိစွာ သွားလာနိုင်ရေးကို ပြည်သူအများမျက်ဝါးထင်ထင် တွေ့မြင်ခံစားလာရပြီဖြစ်ရာ တကယ်လုပ် အဟုတ်ဖြစ်သည်ဆိုသော ပွင့်လင်းမြင်သာမှုကို သက်သေပြရာလည်း ရောက်သည်ဟု ရန်ကုန်မြို့တွင်းနေ လမ်းအသုံးပြုသူများက ဆိုပါသည်။ **(ခင်ဆိုင်)**

ယာဉ်စည်းကမ်းအသိပညာပေး ဟောပြော

နေပြည်တော် ဖေဖော်ဝါရီ ၂

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးစီမံချက်အရ ဇန်နဝါရီ ၂၉ ရက်က နေပြည်တော် ပျဉ်းမနားမြို့နယ် ဘောဂသီရိကားကြီးဝင်း၌ ယာဉ်မောင်း/ယာဉ်နောက်လိုက်/ဆိုင်ကယ်တက္ကစီမောင်းနှင်သူများကို ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ ဒုရဲမှူးဝင်းမြင့်၊ ယာဉ်မှုစစ်ဌာနစုမှူး ရဲအုပ်မြင့်မိုးတို့က မော်တော်ယာဉ်မောင်းနှင်သူများလိုက်နာရန် စည်းကမ်းချက်များ၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများလိုက်နာရန် စည်းကမ်းချက်များ၊ လမ်းအသုံးပြုသူများလိုက်နာရန် စည်းကမ်းချက်များ၊ ယာဉ်မတော်တဆမှု ဖြစ်စဉ်များ၊ ယာဉ်မတော်တဆမှုအမှား၊ အမှန်များကို အသိပညာပေး ဟောပြောခဲ့သည်။ **(မြန်မာ့အလင်း)**

လားရှိုး ဖေဖော်ဝါရီ ၂

ယူနန်ပြည်နယ် လင်ချန်းခရိုင်ယဉ်ကျေးမှုအဖွဲ့၏ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးဖော်ဆောင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းခရိုင်အစိုးရ ဒုတိယမြို့တော်ဝန် မစ္စတာကျောက်ကျိုကျယ် ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၂၈ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ ရောက်ရှိလာသည်။

အဆိုပါ အဖွဲ့သည် နှစ်နိုင်ငံချစ်ကြည်ရေးအပြင် လင်ချန်းမြို့နှင့် လားရှိုးမြို့နှစ်မြို့ကြား ပိုမိုရင်းနှီးစေရန်နှင့်နားလည်မှု တိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

လင်ချန်းမြို့ ပြည်သူ့အစိုးရ ဒုတိယမြို့တော်ဝန် မစ္စတာ ကျောက်ကျိုကျယ်နှင့်အတူ ယဉ်ကျေးမှုအဖွဲ့ဝင် ၆၅ ဦး လိုက်ပါလာသည်။ နှစ်နိုင်ငံယဉ်ကျေးမှုများ ပိုမိုခိုင်မာစေပြီး ယဉ်ကျေးမှုချင်း ဖလှယ်နိုင်ရန်အတွက်

ဇန်နဝါရီ ၂၉ ရက်ညက လားရှိုးမြို့ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမကြီး၌ ကျင်းပရာ ဆွေမျိုးပေါက်ဖော် အကပဒေသာပွဲတွင် မြန်မာနိုင်ငံဘက်မှ မြန်မာအက အလှအပများအပြင် ရှမ်းတိုင်းရင်းသားရိုးရာအကများဖြင့် ပြန်လည်တင်ဆက်ခဲ့ကြောင်း သိရသည်။ **မမ(လားရှိုး)**

သံဖြူဇရပ်မြို့ မဈေး မီးဘေးသင့် ဈေးသူဈေးသားများအား နေရာချထားပေးရေး ဆောင်ရွက်

သံဖြူဇရပ် ဖေဖော်ဝါရီ ၂

သံဖြူဇရပ်မြို့ အမှတ်(၁) မြို့မဈေးကြီး မီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးသွားသော ဈေးသူဈေးသားများ ပြန်လည်ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ဇန်နဝါရီ ၂၈ ရက်က မြို့လယ်စည်ပင်ပန်းခြံဝင်းအတွင်း၌ ယာယီဆိုင်ခန်းနေရာ ချထားပေးရန် ဆိုင်ခန်းပေါင်း ၃၁၆ ခန်း ဆောက်လုပ်နေကြောင်းသိရသည်။ **ကျော်ဝင်း (သံဖြူဇရပ်)**

မြန်မာ့ရုပ်မြင်သံကြား

၃-၂-၂၀၁၃ (တနင်္ဂနွေနေ့)
၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀	နံနက်ခင်းသတင်း
၈:၀၅	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၂၀	(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၅	International News
၈:၄၀	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်

နေ့လယ်ပိုင်း

၁၁:၀၀	ရုပ်မြင်သံကြားအဖွင့်တေး
၁၁:၂၀	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၂:၀၀	မြန်မာ့ရုပ်ရှင် နော်ကူးမ ထွန်းထွန်းဝင်း၊အောင်လွင်၊နွဲ့နွဲ့မူ (ဒါရိုက်တာ-ကိုငြိမ်းငြိမ်း)
၁၄:၂၀	(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၄:၅၅	International News

ညပိုင်း

၄:၂၅	၂၀၁၃ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာသင်ခန်းစာ (သင်္ချာဘာသာရပ်)
၅:၀၅	(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀	ညနေခင်းသတင်း
၆:၂၀	ကာတွန်းအစီအစဉ် **လီယိုကိုလှူ့ဝှက်သင်္ကေတ** (အပိုင်း-၂၁)
၇:၀၀	ပြည်တွင်းသတင်း
၈:၀၀	ပြည်တွင်းသတင်း
	- နိုင်ငံတကာသတင်းများ
	- မိုးလေဝသအခြေအနေ
၁၀:၀၀	ပြည်တွင်းသတင်း

တစ်ပြည်လုံးတွင် အအေးပေါ့မည်

နေပြည်တော် ဖေဖော်ဝါရီ ၂

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီ အတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှ အပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့်ဟားခါးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၀ ဒသမ ၀၈ လက်မနှင့် မှော်ဘီမြို့တွင် ၀ ဒသမ ၀၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင်အအေးပေါ့နေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရာရန်ရာနှုန်း ၄၀ ဖြစ်ပါသည်။

အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ
မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပျဉ်းမနားမြို့ ပတ်လမ်းနှင့်တပေါင်းဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ပျဉ်းမနားမြို့မြို့ပတ်လမ်းနှင့်တပေါင်းဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ ပျဉ်းမနားမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်မြင့်နှင့် ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)**လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

ဖေဖော်ဝါရီ ၁ ရက်က ဖွင့်လှစ်သည့် ပျဉ်းမနားမြို့ရှိ မြို့ပတ်လမ်းနှင့် တပေါင်းဘုရားလမ်းသည် အရှည်ပေ ၆၅၀၀နှင့်အကျယ်(၁၈)ပေရှိပြီး ချိုင့်ခွက်များဖြင့် ယာဉ်များသွားလာရာတွင် အန္တရာယ်ရှိသည့်အတွက် ငွေကျပ် ၁၀၉၈ သိန်းခန့် အကုန်အကျခံကာ ကတ္တရာလမ်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ ရပ်ကွက်နေ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျောက်တံခါးမြို့ စည်ပင်ဈေး၌ မီးလောင်

ကျောက်တံခါး ဖေဖော်ဝါရီ ၂

ဖေဖော်ဝါရီ ၁ ရက် နံနက် ၃ နာရီခွဲခန့်က ကျောက်တံခါးမြို့ စည်ပင်ဈေးအတွင်းရှိ နှစ်ထပ်အုတ်ညှပ်ဈေးခေါင်းရုံးအောက်ထပ် (၈ပေ-၁၂ ပေ)အကျယ်ဆိုင်ခန်းများ အနက် ဦးထက်အောင်(ခ) ချိုချို မုန့်မျိုးစုံဆိုင်မှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့၍ နံနက် ၄ နာရီ ၃၅ မိနစ်တွင် မီးညွှန့်ကျိုးကာ ဖြစ်စဉ်ကြောင့် ဆိုင်ခန်း ၁၀ ခန်းနှင့် ဈေးခေါင်းရုံးအပါအဝင် ခန့်မှန်းတန်ဖိုး ငွေကျပ် သိန်း၁၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်ရာသို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်နှစ်စီး၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ ဖဒို၊ ပိန်းဇလုပ်၊ ညောင်လေးပင်၊ ပြွန်တန်ဆာ၊ ကညွတ်ကွင်း၊ ဖြူးမြို့တို့မှ မီးသတ်ယာဉ်ရှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်းသိရှိရသည်။ **(၁၂၀)**

ဆိုင်ကယ်ကိုဝင်တိုက်ပြီးထွက်ပြေးသည့်ကား ဘီးပေါက်၍ ပြေးမလွတ်

သထုံ ဖေဖော်ဝါရီ ၂

ဇန်နဝါရီ ၂၃ရက် ည ၇နာရီခန့်တွင် မွန်ပြည်နယ် ပေါင်မြို့နယ်ကျခတ်ငူကျေးရွာအုပ်စု လက်ပန်ရွာခြံကြီးစုနေ မောင်အောင်သိန်းနိုင် စီးနင်းလာသော ၁၃ယ/. . Wave ၁၀၀ အမျိုး အစား မော်တော်ဆိုင်ကယ်၏ အနောက်ဘက်မှနေ၍ မော်လမြိုင်-ရန်ကုန်လမ်းမကြီးအတိုင်း မောင်းနှင်လာသော ဆလွန်းအဖြူရောင် မော်တော်ယာဉ်တစ်စီးက ဝင်တိုက်ပြီး ထွက်ပြေးသွားသဖြင့် မောင်အောင်သိန်းနိုင်သည် ယာခြေချင်းဝတ်ကျိုးသွားပြီး မော်လမြိုင်ဆေးရုံကြီးသို့ ဆေးဝါးကုသရန် တင်ပို့လိုက်ရသည်။

မော်တော်ဆိုင်ကယ်ကို ဝင်တိုက်ခဲ့ပြီး မောင်းနှင်ထွက်ပြေးသွားသော မော်တော်ယာဉ်သည် အခင်းဖြစ်ရာနေရာမှ နှစ်မိုင်ခန့်အကွာရှိ ကျခတ်ငူ ဘောလုံးကွင်းလမ်းကြားသို့အရောက် ကားဘီးပေါက်၍ လဲလှယ်နေစဉ် အနောက်မှလိုက်လာသော ဒေသခံပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ ခရီးကြုံလိုက်ပါလာသူ တစ်ဦးသာလျှင်ယာဉ်ပေါ်တွင် ကျန်ရှိနေပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့မှာ ထွက်ပြေးလွတ်မြောက်သွားသဖြင့် ကျေးရွာရှိ ပြည်သူများ၊ မုတ္တမရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များဖြင့် ရော်ဘာတောအတွင်း ဝင်ရောက်ရှာဖွေခဲ့ရာ မော်တော်ယာဉ်နှင့်တစ်မိုင်ခန့်ကွာဝေးသော နတ်ကြီးချောင်ကျေးရွာအုပ်စုပိုင် ကုလားကုန်းလမ်းကြားရှိ စားကျက်မြေချုံပုတ်အနီးတွင် ဖမ်းမိ၍ မုတ္တမရဲစခန်းသို့ ဖမ်းဆီး ခေါ်ဆောင်စစ်ဆေးရာ ထွက်ပြေး တိမ်းရှောင်နေသူနှစ်ဦးမှာ ဘားအံမြို့နေ မဥမ္မာလင်းနှင့် ကရင်ပြည်နယ် သံတောင်မြို့နယ် ဘောဂလိရဲစခန်းမှ ဒုရဲအုပ်မောင်မောင်စိုးတို့ဖြစ်ကြောင်း သိရှိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မုတ္တမရဲစခန်းသို့ ဆက်သွယ်စုံစမ်းရာ ကျခတ်ငူ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ အရန်မီးသတ် ဦးအောင်ညွန့်၊ ရာအိမ်မှူး ဦးခင်ရွှေ၊ ကျခတ်ငူကျေးရွာမှ ဦးသိန်းငွေတို့ ရှေ့မှောက်တွင် ထွက်ဆိုချက်အရ မဥမ္မာလင်းကိုယ်တိုင် မောင်းနှင်လာကြောင်း စစ်ဆေးတွေ့ရှိရသည့်အပြင် မောင်းနှင်လာသော ယာဉ်အမှတ်၄၀/---- မိဆူဘီရှီအမျိုးအစား အဖြူရောင်နှင့်ပတ်သက်၍ တရားဝင် လိုင်စင် ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း တွေ့ရှိရသဖြင့် မဥမ္မာလင်းအား မုတ္တမရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းနှင့် လိုင်စင်မဲ့ယာဉ်တွင် စီးနင်းလိုက်ပါလာသော ကရင်ပြည်နယ်သံတောင်မြို့နယ်ဘောဂလိရဲ စခန်းမှ လ ၁၈၈၆၄၀ ဒုရဲအုပ် မောင်မောင်စိုးသည်လည်း ခရီးသွားလာခွင့် စာရွက်စာတမ်းအထောက်အထားများ ပြသနိုင်ခြင်းမရှိသည့်အတွက်ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရအရေးယူနိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(မင်းနန္ဒကျော်)**

ထေရဝါဒ ဓမ္မစာပေဟောပြောပွဲ

ရေး ဖေဖော်ဝါရီ ၂

မွန်ပြည်နယ် ရေးမြို့ရွှေဆံတော် စေတီဓမ္မာရုံ၌ ထေရဝါဒဓမ္မ စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်နှစ်ညတိုင်တိုင် ည ၇ နာရီတွင် စာပေဟောပြောပွဲကို ဓမ္မကွန်ဂရက်အဖွဲ့မှ ဘဒ္ဒန္တသီရိကဥ္စနာဘိဝံသ အဂ္ဂမဟာကျော် ပိဋကနှစ်ပုံဆောင် ပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ် ဗဟန်းမြို့နယ် ဦးအောင်မြိုင်(မစိုးရိမ်စာသင်သား) အဓမ္မဝါဒ ဖော်ထုတ်စစ်ဆေးတားဆီးရေးဒုတိယဥက္ကဋ္ဌ ဦးမောင်မောင် (ဓမ္မစက္ကဖောင်ဒေးရှင်းဥက္ကဋ္ဌ)၊ ဦးအေးပိုင်၊ ဒေါ်ပေါ်ပေါ်ရွှေတို့က ဟောပြောမည်ဖြစ်၍ ထေရဝါဒဗုဒ္ဓဘာသာဝင်များ အနေဖြင့် ဓမ္မနှင့်အဓမ္မ ထင်ရှားကွဲပြား နားလည်သိရှိနိုင်ရန်အတွက် ဟောပြောမည်ဖြစ်ကြောင်း သိရှိရသည်။ **နေမျိုးထွဋ်(ရေး)**

မဟာစည် နယ်လှည့်တရားပွဲများ မူလအတိုင်းရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်မြို့ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ကြီး၏ မဟာစည်သာသနာ့ရိပ်သာကြီးတွင် ယောဂီဦးရေ လစဉ်၄၀၀မှ ၅၀၀အတွင်း တရားအားထုတ်လျက်ရှိနေသည်။ ပြည်ပနိုင်ငံများ၌လည်း ယောဂီများလစဉ်တိုးတက်ရောက်ရှိအားထုတ်လျက်ရှိကြသည်။ ထိုင်း၊ တောင်ကိုရီးယား၊ မလေးရှား၊ ရုရှား၊ အမေရိကန် အပါအဝင်ကမ္ဘာ့နိုင်ငံများသို့လည်း ဓမ္မကထိကအဖွဲ့ဝင်များ၊ နာယက ဝန်ဆောင်ဆရာတော်များ သာသနာပြုကြွရောက်လျက်ရှိကြသည်။ နယ်လှည့် ဓမ္မကထိကအဖွဲ့သည် ပြည်တွင်း၌လည်း ယခု ၁၃၇၄-၁၃၇၅ ခုနှစ်တွင် ယခင်နှစ်များကအတိုင်း မိမိတို့တာဝန်ကျရာလိုင်းအလိုက် တိုင်းဒေသကြီးနှင့်ပြည်နယ်သို့ လှည့်လည်ဟောကြားတော်မူကြမည်ဖြစ်ကြောင်းသိရှိရသည်။ **(တက္ကသိုလ်စိုးယဉ်)**

အားကစားသတင်း

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း အမျိုးသား အမျိုးသမီးပိုက်ကျော်ခြင်းခတ်ပြိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ခရိုင်ပေါင်းစုံ အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ဝေသာလီအားကစားရုံ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဇန်နဝါရီ ၃၀ ရက်က ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ငါးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်းရှိ ရေငန်ပုစွန် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တင်ဒါငါးဖမ်းကွက်များ စီမံခန့်ခွဲရေးဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရတနာပုံ FC ဘောလုံးအသင်း အားကစားဝတ်စုံတွင် M-150 ခွန်အားဖြည့်အချိုရည် အမှတ်တံဆိပ်ကြော်ငြာခွင့် သဘောတူလက်မှတ်ရေးထိုး

ရန်ကုန် ဖေဖော်ဝါရီ ၂

ရတနာပုံ FC ဘောလုံးအသင်း၏ အားကစားဝတ်စုံတွင် Osotspa ကုမ္ပဏီမှထုတ်လုပ်သော M-150 ခွန်အားဖြည့်အချိုရည် အမှတ်တံဆိပ်ကြော်ငြာခွင့် သဘောတူလက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ရတနာပုံ FC ဘောလုံးအသင်းဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ Osotspa ကုမ္ပဏီ ဒုတိယမန်နေဂျင်းဒါရိုက်တာ Mr. Keith D.HARRIS၊ အသင်းမန်နေဂျာ ဦးအောင်ထွန်းဦးနှင့် အသင်းခေါင်းဆောင် ဦးအောင်ကျော်မိုးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ဘောလုံးအသင်းဥက္ကဋ္ဌနှင့် Osotspa ကုမ္ပဏီ ဒုတိယမန်နေဂျင်းဒါရိုက်တာတို့က ကြော်ငြာခွင့်ကို သဘောတူလက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဘောလုံးအသင်းဥက္ကဋ္ဌက Osotspa ကုမ္ပဏီ ဒုတိယမန်နေဂျင်းဒါရိုက်တာအား M-150 အမှတ်တံဆိပ်ပါ ရတနာပုံ FC ဘောလုံးအသင်းအင်္ကျီကို ပေးအပ်ကာ မီဒီယာများ၏ သိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာခြင်းလုံး ပဏာမလက်ရွေးစင် ရွေးချယ်

ရန်ကုန် ဖေဖော်ဝါရီ ၂

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှပြိုင်ပွဲဝင် မြန်မာ့ရိုးရာခြင်းလုံးအသင်းအတွက် ပဏာမလက်ရွေးစင် ရွေးချယ်ပွဲကို ယနေ့နံနက် ၉နာရီ က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ အခြေခံအဆင့်အတွဲပြိုင်ပွဲတွင် အမျိုးသမီးအဖွဲ့(၁)နှင့် အဖွဲ့(၂)၊ အမျိုးသားအဖွဲ့(၁)နှင့် အဖွဲ့(၂)၊ အမျိုးသမီးအဖွဲ့(၃)နှင့် အဖွဲ့(၄)၊ အမျိုးသားအဖွဲ့(၃)နှင့် အဖွဲ့(၄)၊ အမျိုးသမီးအဖွဲ့(၅)နှင့် အဖွဲ့(၆)၊ အမျိုးသားအဖွဲ့(၅)နှင့် အဖွဲ့(၆)၊ အဖွဲ့(၇) နှင့် အဖွဲ့(၈)၊ အဖွဲ့(၉) နှင့် အဖွဲ့(၁၀) တို့ ယှဉ်ပြိုင်ကြသည်။ **(ယာပုံ)**အဆိုပါ ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အားကစားသမားအမျိုးသား ၅၅ ဦး၊ အမျိုးသမီး ၃၁ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဒုတိယအဆင့်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၃-၂-၂၀၁၃ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၃၁	မြန်မာ့ရှုခင်း
၇း၄၀	တွဲလက်ညီညာ အောင်ကြောင်းဖြာ(ကရင်)

နေ့လယ်ပိုင်း

၁၁း၂၉	ကာတွန်းအစီအစဉ် **ကမ္ဘာကျော်အိပ်ရာဝင်ပုံပြင်များ** (အပိုင်း-၄၂)
၁၁း၃၅	လောကကိုအလှဆင်မယ် (ကရင်)
၁၁း၄၄	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အိပ်မက်အဖြစ်သာ ကျန်ရစ်စေ**

ညပိုင်း

၄း၀၀	မြဝတီအဖွင့်
၄း၁၀	အမျိုးသားရေးတေးကဗျာ
၄း၂၀	အော်ဆိုလားစိုက်အက (ကရင်)
၄း၄၀	၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (သမိုင်း)
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	ဘဝကြေးမုံ
၆း၂၃	ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း - နိုင်ငံတကာသတင်း - မိုးလေဝသသတင်း - ပဟေဠိနန်းတော် - ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း The Train (မရဏရထား) (အပိုင်း-၂) - မြဝတီရုပ်မြင်သံကြားသတင်း

ဂျာမိန်းဂျီးနက်စ်အား ကျူပီအာစာချုပ်

စပါးကွင်းလယ်ကစားသမား ဂျာမိန်းဂျီးနက်စ်အား ကျူပီအာက ပြောင်းရွှေ့ကြေး ထုတ်ဖော်ကြေညာခြင်းမရှိဘဲ ၁၈ လ စာချုပ်ဖြင့် ခေါ်ယူလိုက်သည်။ အသက် ၂၉ နှစ်ရှိ ဂျီးနက်စ်အား ကျူပီအာက ယခုနှစ်ရာသီတွင် နော်တင်ဟမ်ဖောရက်သို့ အငှားချထားမည်ဟု ဆိုသည်။ စပါးကွင်းလယ်ကစားသမား အင်ဒရို့စ်တောင်ဆင်းအား ကျူပီအာသို့ ယခုနှစ်ရာသီကုန်သည့်တိုင်အောင် အငှားချထားမည်ဟု ဆိုသည်။

အနယ်လ်ကာ ဂျူဗင်တပ်စ်ရောက်ပြီ

အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်စ်အသင်းက တရုတ်ကလပ်ရှန်ဟိုင်းရှင်ဟွာမှ တိုက်စစ်မှူး အနယ်လ်ကာအား ခြောက်လစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက် ၃၃ နှစ်ရှိ အနယ်လ်ကာသည် လွန်ခဲ့သော သီတင်းပတ်က တူရင်တွင် ဆေးစစ်ခဲ့ပြီးနောက် ဂျူဗင်တပ်စ်က အပြီးသတ်ခေါ်ယူ စာချုပ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်က ချယ်လ်ဆီးမှ တရုတ်သို့ထွက်ခွာသွားသော အနယ်လ်ကာအား ကျူပီအာကလည်း ခေါ်ယူရန် ဆက်သွယ်ခဲ့သည်။

အာဆင်နယ်နောက်တန်းကစားသမား ဂစ်ဘ် သုံးပတ်ကြာ အနားယူရမည်

အာဆင်နယ်ဝဲနောက်တန်း ကစားသမား ကီယာရန်ဂစ်ဘ်သည် ဘိုင်ယန်မြူးနစ်နှင့်ကစားမည့် ချန်ပီယံလိဂ်နှစ်ကျော့စလုံး လွဲချော်လိမ့်မည်ဖြစ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ပြောကြားသည်။

ဂစ်ဘ်သည် လီဗာပူးနှင့်ကစားသည့်ပွဲတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် သီတင်းနှစ်ပတ်၊ သုံးပတ်အနားယူရလိမ့်မည်ဟု ဆိုသည်။ ဂစ်ဘ်သည် အာဆင်နယ်အသင်းအတွက် အဓိကအားထားရသော နောက်တန်းကစားသမားတစ်ဦးဖြစ်သည်။

ကောင်းမြတ်သူ - စုစည်းသည်

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းနှင့်စစ်ဆေးရေးဌာန

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လုပ်ငန်းနှင့် စစ်ဆေးရေးဌာန(ကြေးနန်း)တွင် လက်ရှိအသုံးပြုဆောင်ရွက်လျက်ရှိသော e-Telegram Server Windows Operation System 2003 အား 2008 သို့ အဆင့်မြှင့်တင်ခြင်း၊ ဝန်ဆောင်မှုအား မြန်မာကျပ်ငွေဖြင့်ပေးချေ ဆောင်ရွက်လိုပါသည်။
၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်အား ၄-၂-၂၀၁၃ ရက်မှစတင်၍ အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၈-၂-၂၀၁၃ ရက်၊ ညနေ ၄း၃၀ နာရီ

လက်ထောက်အထွေထွေမန်နေဂျာရုံး
လုပ်ငန်းနှင့် စစ်ဆေးရေးဌာန(ကြေးနန်း)
အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၀၆၅၂

(၄၈)ကြိမ်မြောက် လီဆူရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်

ကို အောက်ဖော်ပြပါအစီအစဉ် အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားလီဆူများနှင့် မိတ်ဆွေများ လာရောက်ပါဝင်ဆင်နွှဲနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ရက်စွဲ - ၁၇-၂-၂၀၁၃ ရက်
အချိန် - နံနက် ၁၀ နာရီမှ ည ၉ နာရီအထိ
နေရာ - မိုးကုတ်မြို့၊ ကိစ္စကုဋ္ဌရပ်၊ ယဉ်ကျေးမှုပွဲတော်ကွင်း

ချစ်ဇနီး ရွှေလေးအတွက် မွေးနေ့ဆုတောင်း

၃-၂-၂၀၁၃ရက်တွင် ကျရောက်သော **ရွှေလေး**ရဲ့ (၂၆)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောခင်ပွန်း၊ မိသားစုနှင့် ပျော်ရွှင်ချမ်းမြေ့စွာ သက်ထက်ဆုံး ဖြတ်သန်းနိုင်ပါစေ။

နိုးထလာသော နံနက်သစ်တိုင်းတွင်လည်း **ရွှေလေး** ချစ်သောသူများနှင့် ဘဝရဲ့ငြိမ်းချမ်းနွေးထွေးမှု၊ ကြည်နူးချိုမြိန်မှုတွေကို မျှဝေခံစားရင်း အသက်ထက်ဆုံး ချစ်ကြည်စွာ ပေါင်းဖက်နိုင်ပါစေဟု ဆန္ဒပြုရင်း…

အချစ်များစွာဖြင့် ရွှေလေးရဲ့ချစ်ခင်ပွန်း
ကိုကိုကျော်သူ
(ရွှေကမ္ဘာကျော် တာယာရောင်းဝယ်ရေးမိသားစု-တောင်ဒဂုံ)

ဗဟန်း၊ မဟာဝိသုဒ္ဓါရုံရွှေကျောင်တိုက်သစ်
တိပိဋကယောဆရာတော်၏ ရဟန်းသက် နှစ်(၅၀)ပြည့်ရွှေရတုနှင့်
ကျောင်းတိုက်တည်(၅၄)နှစ်ပြည့်ပူဇော်ပွဲ
ကျင်းပမည်

ဗဟန်းမဟာဝိသုဒ္ဓါရုံရွှေကျောင်တိုက်သစ်တွင် တိပိဋကယောဆရာတော်၏ ရဟန်းသက်နှစ်(၅၀)ပြည့်ရွှေရတုနှင့် ကျောင်းတိုက်တည်(၅၄)နှစ်ပြည့်ပူဇော်ပွဲ စာအောင်သံဃာချီးကျူးပူဇော်ပွဲအထူးတရားပွဲများကို ကျင်းပမည်ဖြစ်ရာ ၅-၂-၂၀၁၃ရက်မှ ၉-၂-၂၀၁၃ရက်အထိ တိပိဋကယောဆရာတော်က နံနက် ၉ နာရီတွင် တစ်ရက်လျှင် ပင့်သံဃာ ၂၀၀၊ သီလရှင် ၅၀ စုစုပေါင်း သံဃာ သီလရှင် ၂၅၀ တို့အား ငါးရက်တိုင်တိုင် ဆွမ်း၊ ဆွမ်းဟင်းများလောင်းလှူ၍ သင်္ကန်း ဆွဲအိတ် စသော လှူဖွယ်များလှူဒါန်းပါမည်။

၁၀-၂-၂၀၁၃ရက် နံနက် ၉နာရီတွင် အထူးပင့်သံဃာ အပါး ၅၀တို့အား လှူဖွယ်များလှူဒါန်း၍ စာအောင်သံဃာပူဇော်ပွဲ ကျင်းပပါမည်။

တရားပွဲများကိုလည်း အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကုသိုလ်ရှင်များ ကြွရောက်ကြည်ညိုတရားနာ၍ ကုသိုလ်ယူကြပါရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားအပ်ပါသည်။

၆-၂-၂၀၁၃ ရက် အရှင်ရာဇိန္ဒ (ရဝေနွယ်၊ အင်းမ)
၇-၂-၂၀၁၃ ရက် ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ
၈-၂-၂၀၁၃ ရက် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ
၉-၂-၂၀၁၃ ရက် ရွှေပါရမီတောရဆရာတော်အရှင်ဆန္ဒိမက
၁၀-၂-၂၀၁၃ရက် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ

စက်မှုဝန်ကြီးဌာန
စက်မှုစီမံကိန်းဦးစီးဌာန
စက်မှုသင်တန်းကျောင်း(မြင်းခြံ)စီမံကိန်းအတွက်
စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုစီမံကိန်းဦးစီးဌာန၊ စက်မှုသင်တန်းကျောင်း (မြင်းခြံ) စီမံကိန်းအတွက် အလုပ်ရုံများတွင်စက်တပ်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ရန် တင်ဒါခေါ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၈-၂-၂၀၁၃ရက်၊ မွန်းတည့် ၁၂း၀၀နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးရုံး၊ လူ့စွမ်းအားအရင်းအမြစ်ဌာန
စက်မှုစီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၁၇၃

နိုင်ငံတကာအားကစားသတင်း

လာလီဂါပွဲစဉ် ၂၂ ကို ဖေဖော်ဝါရီ ၃ ရက်နဲ့ ၄ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဘာစီလိုနာဟာ ထိပ်ဆုံးမှာ ဦးဆောင်ဆဲဖြစ်ပြီး မလျှော့တဲ့လုံ့လနဲ့ ပွဲတိုင်းအနိုင်ရယူရေးကြိုးစားနေဆဲဖြစ်ပါတယ်။ အသင်းတိုင်းဟာ ပွဲရလဒ်ကောင်းဖို့အတွက် အားသွန်ကစားနေကြတာမို့ ဒီပွဲစဉ်တွေဟာ တန်းစီဇယားရပ်တည်မှုကို အပြောင်းအလဲဖြစ်စေမယ့် ရိုက်ခတ်မှုတွေဖြစ်ပေါ်စေဦးမှာ ဖြစ်ပါတယ်။

ဗလင်စီယာနဲ့ ဘာစီလိုနာ

ဘာစီလိုနာတို့ နိုင်ပွဲတွေဆက်တိုက်ရရှိနေပေမယ့် ဗလင်စီယာကွင်းမှာတော့ သမိုင်းအစဉ်အလာအရ အခက်တွေ့နိုင်စရာ ရှိနေပါတယ်။ ဗလင်စီယာကွင်းမှာကစားတိုင်း ဘာစီလိုနာတို့ လွယ်လွယ်ကူကူ မဖြတ်ကျော်နိုင်ခဲ့တာမို့ ဒီပွဲမှာလည်း ဗလင်စီယာတို့ရဲ့ ပြင်းထန်တဲ့ တုံ့ပြန်မှုနဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ ဘာစီလိုနာဟာ အမှတ်ပွန်းပဲ့မခံတော့တာမို့ ဗလင်စီယာကွင်းမှာဆိုပေမယ့်ဦးစားပေးကစားသမားတွေ ထုတ်သုံးပြီး နိုင်ပွဲရရှိရေးကို ဦးတည်ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် စုစည်းမှု၊ အားထုတ်မှုကောင်းကောင်းနဲ့ ခုခံမယ့် ဗလင်စီယာကြောင့် ဘာစီလိုနာတို့ ထင်တိုင်းပေါက်ဖို့တော့မလွယ်ပါဘူး။

မာလာဂါနဲ့ ဇာရာဂိုဇာ

ရှုံးပွဲတွေ ဆက်တိုက်ကြုံထားတဲ့ ဇာရာဂိုဇာဟာ မာလာဂါကို အနိုင်ယူရေးအတွက်တော့ မလွယ်ပါဘူး။ ဒါပေမယ့် မာလာဂါကွင်းမှာ ဇာရာဂိုဇာတို့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်တွေ ရရှိထားတာမို့ သတိတော့ထားရမှာဖြစ်ပါတယ်။ မာလာဂါဟာ ဒီပွဲမှာ အမှတ်ပြည့်ရယူရေးကြိုးစားမှာမို့ ဇာရာဂိုဇာတို့အတွက်တော့ သောကများရမယ့် အခြေအနေနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

ဆိုစီဒက်နဲ့ မာယော့ကာ

ဆိုစီဒက်ကွင်းမှာ ကစားတိုင်း မာယော့ကာတို့ မျှော်လင့်ချက်ကင်းမဲ့ခဲ့ရတာချည်းပါပဲ။ မာယော့ကာရဲ့ နောက်ဆုံးသုံးပွဲ မှတ်တမ်းကလည်း အရှုံးတွေနဲ့ ထွေးပတ်နှောင်ဖွဲ့နေတာမို့ ဒီပွဲမှာလည်း မွန်းကျပ်မှုတွေကိုသာ ကြုံတွေ့ရနိုင်ဦးမှာပါ။ ဆိုစီဒက်တို့ကတော့ ဘာစီလိုနာကိုတောင် အိမ်ကွင်းမှာ အနိုင်ယူထားတာမို့ ဒီပွဲမှာ အောင်ပွဲခံနိုင်ဖို့အတွက်ပဲ အာရုံပြုကစားပါလိမ့်မယ်။ အိမ်ကွင်းမှာအင်အားအပြည့် ခင်းကျင်းပြီး ဆိုစီဒက်တို့ အမှတ်ပြည့်သိမ်းပိုက်နိုင်မလား ကြည့်ရမယ့်ပွဲဖြစ်ပါတယ်။

ဆီဗီလာနဲ့ ဗယ်လီကာနို

လောလောဆယ် ခြေစွမ်းတည်ငြိမ်နေတဲ့ ဗယ်လီကာနိုဟာ အဝေးကွင်းဆိုပေမယ့် ဆီဗီလာကို အနိုင်ကစားနိုင်တဲ့စိတ်ဓာတ်နဲ့ ခြေစွမ်းပိုင်ဆိုင်ထားပါတယ်။ ဒါပေမယ့် ဆီဗီလာကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင်တော့ ဗယ်လီကာနိုတို့ နိုင်ပွဲမရှိခဲ့ပါဘူး။ ဆီဗီလာတို့က နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်ကတော့ ရှုံးပွဲမရှိသေးတာမို့ ဧည့်သည် ဗယ်လီကာနိုတို့ အကြိတ်အနယ် ခုခံရဖွယ်ရှိနေပါတယ်။ တစ်ဦးချင်းစွမ်းရည်နဲ့ အသင်းလိုက် ကစားအားကွာဟမှုတော့ သိပ်မရှိတာမို့ ဒီပွဲဟာ အပြန်အလှန် ထိုးဖောက်မှုတွေရှိပြီး အိမ်ရှင်ရဲ့ အားထုတ်မှုပီပြင်တာကို မြင်တွေ့ရဖို့တော့ များနေပါတယ်။ ဆီဗီလာမှာ ပါရော့တီ၊ ဗယ်လာရို၊ ဗရီချော့စကီနဲ့ ကာပါနာတို့ ဒဏ်ရာတွေရရှိနေသလို ဗယ်လီကာနိုအသင်းမှာလည်း မာတီနက်စ်၊ လာဘာယာနဲ့ လီယိုတို့လည်း ဒဏ်ရာတွေလည်း ရရှိနေပါတယ်။ ဒါကြောင့် ဒီပွဲဟာ နှစ်သင်းစလုံး ခြေကုန်ထုတ်ကြမှာဖြစ်သလို အပြန်အလှန်တိုက်စစ်ဆင်ကစားမှုတွေနဲ့ ကြည့်ကောင်းမယ့်ပွဲဖြစ်ပါတယ်။

မိုးမြင့်လင်းလက်- ရေးသားသည်

အက်သလက်တီကိုနဲ့ ဘက်တစ်

အက်သလက်တီကိုရဲ့ ကစားအားကောင်းမှုကို ဘက်တစ်တို့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ ဒါပေမယ့် အက်သလက်တီကိုရဲ့ အိမ်ကွင်းမှာ ဘက်တစ်တို့အနိုင်ရအောင် ကစားထားနိုင်တဲ့ ရလဒ်တွေရှိထားတာမို့ အက်သလက်တီကိုတို့ အလေးအနက်ထား ကစားရပါလိမ့်မယ်။ ဖယ်လ်ကာအို ပါဝင်ဖို့မသေချာတဲ့ အက်သလက်တီကိုဟာ တိုက်စစ်အားပျော့နေမှာဖြစ်ပြီး ဘက်တစ်ရဲ့ ခံစစ်ကြောင်းကို ထိုးဖောက်ဖို့ အခက်အခဲရှိနေမှာတော့အမှန်ပါပဲ။ ဘက်တစ်ရဲ့ ကစားအားက ဒီနှစ်မှာ အိမ်ကွင်း၊ အဝေးကွင်း ရလဒ်ကောင်းအောင် ကစားနိုင်နေတာမို့ ခြေစွမ်းအတက်အကျဖြစ်နေတဲ့ အက်သလက်တီကိုအပေါ် ယုံကြည်မှုထားရမှာ မဝံ့မရဲဖြစ်စရာတော့ ကောင်းနေပါတယ်။ ဘက်တစ်ရဲ့ အနိုင်ရလိုစိတ်ပြင်းထန်မှုက ရလဒ်ကို ပြောင်းလဲသွားနိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

အားကစားသတင်း အတိုအထွာ

- အေစီမီလန်အသင်းသည် ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်အား လာမည့်နွေရာသီအပြောင်းအရွှေ့၌ ခေါ်ယူရန် ကြိုးစားသွားမည်ဟု ပြောကြားသည်။
- ချယ်လ်ဆီးသို့ပြောင်းရွှေ့ရောက်ရှိလာပြီး ခြေစွမ်းပြကစားနေသော နယူးကာဆယ်တိုက်စစ်မှူးဟောင်း ဒမ်ဘာဘာကို နည်းပြဘင်နီတက်ဇ်က ထိပ်တန်းအဆင့်တိုက်စစ်မှူးဖြစ်ကြောင်း ထုတ်ဖော်ချီးကျူးလိုက်သည်။
- လီဗာပူးကွင်းလယ်ကစားသမားဟောင်း ဂျိုကိုးက လာမည့်နှစ်နှစ်အတွင်း ဘောလုံးကစားခြင်းမှအနားယူရန် စဉ်းစားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- မန်ယူအသင်းသည် ထိပ်တန်းကွင်းလယ်ကစားသမားတစ်ဦးနှင့် နောက်တန်းခံစစ်မှူးနှစ်ဦးကို ခေါ်ယူဖြည့်ဆည်းနိုင်ပါက အသင်းတိုင်းကို ခြိမ်းခြောက်နိုင်သည့် ထိပ်တန်းဘောလုံးအသင်းဖြစ်လာမည်ဟု ဘာစီလိုနာနည်းပြဟောင်း ဂွာဒီယိုလာက ထုတ်ဖော်ပြောကြားသည်။
- ဝက်စ်ဟမ်းအသင်းကွင်းလယ်ကစားသမား အသက် ၂၅ နှစ်အရွယ်ရှိ မိုဟာမက်ဒိန်းအား လာမည့်နွေရာသီ၌ လီဗာပူးက ခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။
- အဲဗာတန်ကွင်းလယ်ကစားသမားဟောင်း အသက် ၃၃ နှစ်အရွယ်ရှိ တင်ကာဟေးလ်သည် ခြေစွမ်းထက်မြက်နေဆဲဖြစ်ပြီး အားကိုးရသော တိုက်စစ်မှူးတစ်ဦးအဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း ကျူပီအာနည်းပြ ဟာရီရက်နက်က ထုတ်ဖော်ပြောကြားသည်။
- ရီးရဲမက်ဒရစ်တွင် ကစားနေရသော်လည်း အပြည့်အဝပျော်ရွှင်မှုမရှိကြောင်း အသင်းဟောင်းလီဗာပူးသို့ ပြန်လည်ကစားလိုသောဆန္ဒရှိနေကြောင်း အသက် ၃၁ နှစ်အရွယ် ကွင်းလယ်ကစားသမား အလွန်ဆိုက ထုတ်ဖော်ပြောကြားသည်။
- အာဆင်နယ်အသင်းသည် တိုက်စစ်၊ ကွင်းလယ်နှင့်ခံစစ်ပိုင်းနေရာများ အားလုံးတွင် ခြေစွမ်းထက်မြက်သော ဘောလုံးသမားများ လဲလှယ်သင့်ပြီဖြစ်ကြောင်း အွန်နရီက ထုတ်ဖော်ပြောကြားသည်။

မောင်ချစ်ကြည် - ရေးသားသည်



အမြန်ဝယ်လို/ငှားလိုသည်

တိုက်ခန်း၊ ကွန်ဒို၊ လုံးချင်း၊ မြေကွက်များ အမြန်ဆုံးရောင်း၊ ဝယ်၊ ငှား လိုပါသဖြင့် ဆက်သွယ်အပ်နှံပါရန် ဖိတ်ခေါ်ပါသည်။

ဖုန်း-၀၁-၉၀၁၀၀၃၅၊ ၀၉-၄၉၂၁၆၈၀၈

ဝါးခယ်မမြို့နယ်၊ ဂေါ်သူသောင် ကျေးရွာနေ မအေးစန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးဖိုးခွေး(ခ)ဦးအောင်မြင့် ဖြစ်ပါသည်။

ဦးဖိုးခွေး(ခ)ဦးအောင်မြင့်

ကန့်ကွက်နိုင်ပါကြောင်း

ဒေါ်ခင်ခင်ဝေ ၁၁/ကဖန(နိုင်)၀၃၀၆၇၅ တရားဝင် လက်ဝယ်ထားပိုင်ဆိုင်သည့်-

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၊ အကွက်နှင့် အမည်(၂-ဂ)၊ အနောက်ပိုင်း၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ ၀ ဒသမ ၃၃၅ ဧကရှိ နှစ်(၃၀)ဂရန်မြေကွက်နှင့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၊ အကွက်နှင့် အမည်(၂-ဂ)၊ အနောက်ပိုင်း၊ ဦးပိုင်အမှတ်(၈-ဂ)၊ ဧရိယာ ၀ ဒသမ ၇၁၁ ဧကရှိ ဘိုးဘွားပိုင်မြေကွက်၊ မြေနှစ်ကွက် နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ခင်ဝေသည် တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုရောင်းချသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်လှတင်(LL.B)
Advocate & Legal Consultant
အမှတ်-၈၅(မြေညီထပ်)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၁၈၉၈၊ ၃၉၁၂၄၈၊ ၃၉၂၀၉၀၊ ၀၉-၅၀၂၁၂၄၄

ဒေါ်မီမီကိုသိရှိရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ အကွက်အမှတ် (၁၄၅-ထီးသိမ်ရွေးမြောက်)၊ ဦးပိုင်အမှတ် ၈၂-ခရှိ ဧရိယာ ၀ဒသမ၁၉၃ဧက မြေကွက်အား တောင်ကြီးမြို့၊ ဘုရားဖြူရပ်နေ ဒေါ်နန်းရွှေသစ်က ၂၀၁၁ခုနှစ်၊ ဩဂုတ်လတွင် မြေပုံ ၁၀၅ရေးဆွဲခွင့်ပြုရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ဒေါ်မီမီကို MMN-566284 က ကန့်ကွက်ခဲ့သဖြင့် ဤအသိပေးကြော်ငြာသည့်ရက်မှစ၍ တစ်ပတ်အတွင်း ခိုင်လုံသော သက်သေအထောက်အထားနှင့်တကွ သက်ဆိုင်ရာသို့ လာရောက်ဖြေရှင်းရန်နှင့် လာရောက်ဖြေရှင်းခြင်းမရှိပါက တရားဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ဒေါ်မီမီကို သိစေရန် အသိပေးကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တောင်ကြီးမြို့

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက်
လုပ်ငန်းသုံး သတင်းစာစက္ကူဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံး သတင်းစာစက္ကူများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က)Newsprint Paper (48.8 Gsm) (30") High Bright ၉၇၇၅ တန်

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၂-၂၀၁၃ရက်မှ ၁၄-၂-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်သည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၂-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ် (၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈၊	ပြည်တွင်း၊ ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ် (၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၃၂၇



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာ–ကိုရီးယားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေး ရင်းနှီးစွာဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ကိုရီးယားသမ္မတနိုင်ငံ National Policy Committee of the Korean National Assembly ဥက္ကဋ္ဌနှင့် Korea-Myanmar Economic Exchange Association ဥက္ကဋ္ဌ H.E. Mr. Kim Jung-Hoon ခေါင်းဆောင်သော မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E. Mr.Kim Hae-Yong နှင့်အဖွဲ့ဝင်လေးဦးပါ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဒုတိယဥက္ကဋ္ဌများသည် ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ကိုရီးယားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များမှ ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်း၊ ရေကြောင်း၊ လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ကြံစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း၊ တိရစ္ဆာန်အစားအစာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ဆောင်ရွက်မည့် အခွင့်အလမ်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းတွင် မကြာမီလာရောက်၍စက်ရုံများတည်ဆောက်ကာ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လာနိုင်မည့် ကိစ္စများ၊ နှစ်နိုင်ငံစီးပွားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အမြန်အလှန် Business Council ဖွဲ့စည်းပြီး ဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဥက္ကံမြို့နယ်အသင်း သက်ကြီးပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၂

ဥက္ကံမြို့မ လူမှုရေးအသင်း(ရန်ကုန်)၏ (၂၆) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ထူးချွန်သူများ ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက်က စမ်းချောင်းမြို့နယ် ပြည်လမ်း မြေနီကုန်းရှိ မစိုးရိမ်ဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သည်။

အစီအစဉ်အရ ပညာရည်ချွန်ဆုရရှိသူ ၁၀ ဦးအား ဂုဏ်ပြုဆုချီးမြှင့်ရာတွင် ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် (ဘာသာစုံဂုဏ်ထူး)ဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ပဌမရရှိအောင်မြင်ခဲ့သော ကမာရွက်အထက(၂)မှ မောင်မျိုးမင်းခန့်အား အသင်းဥက္ကဋ္ဌ ဦးစိန်ထွန်းအောင်က ဂုဏ်ပြုဆု ချီးမြှင့်သည်။ အထူးဆုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ချီးမြှင့်ခဲ့သော အမျိုးသားအကောင်းဆုံးသတင်းဆု (THE BEST NEW STORY AWARD)ကို မဝင့်ရည်ကျော် (ဝင့်ဝတီ) ကရရှိခဲ့ကြောင်း သိရှိရသည်။

(ဝ၀၇)

စစ်တွေ၌ သာသနာ့နုဂ္ဂဟအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ ကျင်းပ

စစ်တွေ ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းကကြီးမှူးကျင်းပသော သာသနာ့နုဂ္ဂဟအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများ လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲပိုင်းက စစ်တွေမြို့ အထက(၁)၏ ဝေသာလီခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ် သာသနာ့နုဂ္ဂဟအသင်း ဩဝါဒါစရိယ ထေရဝါဒဗုဒ္ဓ သာသနာပြု ဗဟိုခေါင်းဆောင် ဆရာတော် စစ်တွေမြို့ ခေမာမဏ္ဍိုင်ကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓနှင့် ပြည်နယ်၊ မြို့နယ်အဆင့် သာသနာ့နုဂ္ဂဟအသင်း လူကြီးများ၊ အထက(၁) စစ်တွေကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားကို ခေမာမဏ္ဍိုင်ဆရာတော်က ဩဝါဒကထာ မြွက်ကြားချီးမြှင့်ပြီး အသင်းဝင်အဆိုပြုလွှာနှင့် ကျောင်းသုံးဗလာစာအုပ် စာရေးကိရိယာ ပေးအပ်ခြင်းကို ဆက်လက်ပြုလုပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်ညွန့်က အထက(၁)ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အသင်းဝင်အဆိုပြုလွှာ ၁၀၀၆ စောင်ကို စစ်တွေမြို့နယ် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကောင်းစံရှီထံသို့ ပေးအပ်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းဗဟိုမှ ကျောင်းသား ကျောင်းသူများအတွက် လှူဒါန်းသော ဗလာစာအုပ် ဒါဇင် ၄၈၀ နှင့် ဘောလ်ပင်အချောင်း ၅၀၀ ကို အသင်းကြီးကိုယ်စား မြို့နယ်ဥက္ကဋ္ဌမှ ကျောင်းအုပ်ကြီးထံသို့ ပေးအပ်လှူဒါန်းသည်။

(လေးဝတီထွန်းစောခိုင်)

လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိရန် သုံးခွတွင်လျှောက်လွှာများတင်

သုံးခွ ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့တွင် တောင်သူလယ်သမားများ သားစဉ်မြေးဆက် ဘဝအာမခံချက်ရရှိစေရန် လယ်ယာမြေ ဥပဒေများအရ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်လျှောက်ထားရန် လျှောက်လွှာပုံစံ(၁)များကို မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသန်းနိုင်နှင့် မြေစာရင်းဝန်ထမ်းအဖွဲ့များက ကျေးရွာများသို့ ကွင်းဆင်းကာ ရှင်းလင်းပြောကြား၍ အခမဲ့ထုတ်ပေးလျက်ရှိကြောင်းသိရှိရသည်။

တောင်သူတစ်ဦးချင်းစီ၏ လုပ်ကွက်ဧရိယာမှန်ကန်တိကျစွာ တိုင်းတာရေး၊ မြေကြီး၊ မြေပုံ၊ မြေစာရင်း မှန်ကန်ရေးတို့ကို သုံးခွမြို့နယ်ကျေးရွာများအတွင်းစီမံချက်ချကာ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ဇန်နဝါရီ ၂၈ ရက်အထိ လျှောက်လွှာပေါင်း ၂၀၀၀ ကျော်ကို လက်ခံရရှိပြီးဖြစ်သည်။ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်များရရန် ဇန်နဝါရီမှ မတ်လကုန်အထိ သုံးလအတွင်း အပြီးပြုလုပ်ပေးမည်ဟု သိရသည်။ သုံးခွမြို့တွင် ရပ်ကွက်နှင့် ကျေးရွာပေါင်း ၆၅ အုပ်စု၌ တောင်သူလုပ်ကွက်ပေါင်း ၃၄၁၈၁ ရှိသည်ဟု သိရသည်။

တောင်သူလယ်သမားများအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိပြီးပါက သတ်မှတ်စည်းကမ်းချက်နှင့်အညီရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်ပေးကမ်းခွင့်များနှင့် အမွေဆက်ခံခြင်းများ ရရှိခံစားရမည် ဖြစ်သည်။

ကိုကျော်(သုံးခွ)

ပျဉ်းမနားမြို့ ဈေးများရှိဝန်ထမ်းများအား အကြိုအခြေခံမီးသတ်သင်တန်းပို့ချ

ပျဉ်းမနား ဖေဖော်ဝါရီ ၂

နေပြည်တော် စည်ပင်သာယာရေးကော်မတီ လက်အောက်ခံ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၏ အထူးစီမံမှုဖြင့် ပျဉ်းမနားမြို့ပေါ်ရှိ ဈေးများမှ စည်ပင်ဝန်ထမ်းများအား အကြိုအခြေခံမီးသတ်သင်တန်းပို့ချခြင်း သင်တန်းအမှတ်စဉ် (၁/၂၀၁၃)ဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၈ နာရီခွဲက ပျဉ်းမနားမြို့ အမှတ် (၁) မီးသတ်စခန်းရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် နေပြည်တော်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး လက်ထောက်ဌာနမှူး ဦးဥက္ကာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယခု ဖွင့်လှစ်သည့် အကြိုအခြေခံ မီးသတ်သင်တန်းအမှတ်စဉ် (၁/၂၀၁၃)တွင် ပျဉ်းမနားမြို့ပေါ်ရှိ အမှတ်(၁) မြို့မဈေး၊ အာဟာရသုခဈေး၊ ယုဇနဈေးအစရှိသော ဈေးသုံးဈေးမှ စည်ပင်ဝန်ထမ်းသင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အခြေခံမီးသတ်သင်တန်းဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဥက္ကာက "ကျွန်တော်တို့အနေနှင့် ယခုလိုပွင့်လင်းရာသီရောက်ရှိပြီဖြစ်တဲ့အလျောက် ဈေးဝန်ထမ်းတွေအနေနဲ့ မီးငြိမ်းသတ်ပုံ၊ ငြိမ်းသတ်နည်းများ တတ်မြောက်ထားဖို့ လိုအပ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဈေးမှစ၍ မီးလောင်မှုဖြစ်ပေါ်လာရင် ဈေးနှင့် အနီးစပ်ဆုံးတာဝန်ရှိသူတွေဟာ ဈေးဝန်ထမ်းတွေဖြစ်တယ်။ အဲ့ဒါကြောင့် ဈေးဝန်ထမ်းတွေဟာ မီးငြိမ်းသတ်ပုံနည်းတွေ တတ်ထားဖို့ လိုအပ်တဲ့အတွက် ယခုလို သီးသန့်ခေါ်ယူသင်တန်းဖွင့်လှစ်ပို့ချခြင်း ဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မင်္ဂလာရာမကံဦးကျောင်းတိုက် ဂေါပကအဖွဲ့မှ ကြေညာချက်

မင်္ဂလာရာမကံဦးကျောင်းတိုက် ဂေါပကအဖွဲ့အနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ တန်ဆောင်းပုံစံပြပြီးသတင်းစာတွင် ထည့်သွင်း၍ အလှူခံကြိုဆိုခြင်းကိစ္စအတွက် စေလွှတ်ထားခြင်းမရှိပါ။ ၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက် မြန်မာ့အလင်းစာမျက်နှာ-၁၅တွင်ပါသော အသစ်တည်ဆောက်နေသော ပြည်လုံးချမ်းသာတန်ဆောင်းကြီးခေါင်းစဉ်နှင့်ပတ်သက်၍ အလှူခံခြင်းကိစ္စမှာ (၁)ကျောင်းတိုက်ပဓာန နာယကဆရာတော်၏ခွင့်ပြုချက်လည်းမရှိပါ၊ (၂)ဂေါပကအဖွဲ့အားလည်း ခွင့်ပြုရန်တောင်းဆိုတင်ပြချက်စာများ တရားဝင်မတင်ပြပါ ထို့ကြောင့် အလှူခံခြင်းကိစ္စသည်လည်းကောင်း၊ ဖွဲ့စည်းထားသော တန်ဆောင်းဂေါပကအဖွဲ့သည်လည်းကောင်း တရားမဝင်သော အဖွဲ့အစည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဤသတင်းစာတွင် ကြော်ငြာထည့်သူတာဝန်ခံတစ်ဦးနှင့်တန်ဆောင်းဂေါပကဆိုသည့် ပုဂ္ဂိုလ်တစ်ဦးတို့က ၎င်းသတင်းကို ခုနစ်ရက်အတွင်း ပြန်ရုပ်သိမ်းပေးပါရန်။

ဆက်လက်ပြီး လွန်ကျူးဆောင်ရွက်ပါက တရားဥပဒေအရလည်းကောင်း သာသနာတော်ဥပဒေအရလည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေလိုက်ပါသည်။

ဂေါပကအဖွဲ့
မင်္ဂလာရာမကံဦးကျောင်းတိုက်
မိမိနေလကျောင်းတိုက်
မြင်းကကုန်း

စာအုပ် စာပေ လူ့မိတ်ဆွေ

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ယဉ်ယဉ်လှ ၁၂/ကတတ(နိုင်)၀၀၃၄၉၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် ၈၉၈၆၁၆ မူရင်းစာအုပ် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၅၆၀၇၁

အင်္ဂလိပ်စာပီသားစု(ရန်ကုန်) အာစရိယ ပူဇော်ပွဲ

ဆက်သွယ်လှူဒါန်းရန်

Ph: 209077, 09-731 67000
209385, 09-731 68000

Y.E.S. Since 1994
International English Language Centre

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
Ph: 01-375970, 0951 72096, 0950 47516

SUCCESS LANGUAGE ACADEMY

ကန့်ကွက်နိုင်ကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၆၃/ခ၊ မြေကွက်တည်နေရာအမှတ် ၆၃/ခ၊ သုတ ၂ လမ်း၊ ၄ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးသောင်း အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသောင်းနှင့်ဇနီး ဒေါ်သောင်းမြ ကွယ်လွန်သဖြင့် ဦးအောင်မြင့်ဦး ၁၂/ဥကတ(နိုင်) ၀၄၅၉၃၆၊ ဦးမင်းမင်း ၁၂/ဥကတ(နိုင်) ၁၃၅၈၆၁၊ ဦးရဲတင့် ၁၂/ဥကတ(နိုင်) ၁၄၀၅၅၄၊ ဒေါ်သဉ္ဇာနွယ် ၁၂/ဥကတ(နိုင်) ၁၃၇၇၀၅တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် အရောင်းအဝယ် စာချုပ်မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည် အသက်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် မန္တလေး၏ (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ခေတ္တပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိင်္ဂီလှိုင်၊ တက္ကသိုလ် စီမံခန့်ခွဲရေးနှင့် ပညာရေးအဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ ဘွဲ့ရမောင်မယ်များနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခေတ္တပါမောက္ခချုပ်က ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာရှင် ၄၃ဦး၊ ဆေးဘက်ဆိုင်ရာ ခန္ဓာသန်စွမ်းမှု နည်းပညာရှင် ၄၅ ဦး၊ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာရှင် ၂၄ ဦး စုစုပေါင်း ၁၁၂ ဦးနှင့် ဆေးဘက်ဆိုင်ရာ မဟာသိပ္ပံ (ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ) နှစ်ဦးတို့ကို ဘွဲ့လက်မှတ်များအပ်နှင်းပြီး ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားခဲ့ကြောင်းနှင့် (၁၁)ကြိမ်မြောက် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနားအပါအဝင် ဆေးဘက်ဆိုင်ရာနည်းပညာရှင် စုစုပေါင်း ၁၁၇၃ ဦးနှင့် ဆေးဘက်ဆိုင်ရာ မဟာသိပ္ပံဘွဲ့နှစ်ဦးတို့ကို အောင်အောင်မြင်မြင် မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

(ဝ၄ဝ)

ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေရန် ရတနာပုံတက္ကသိုလ်ကျောင်းသားများကိုယ်ရေးအချက်အလက်တောင်းခံ

မန္တလေး ဖေဖော်ဝါရီ ၂

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ပြည်တွင်းအလုပ်အကိုင်နှင့် အခွင့်အလမ်းများ တိုးတက်ရေးအတွက် ရတနာပုံတက္ကသိုလ်မှ နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများ၏ ကိုယ်ရေးမှတ်တမ်းများကို ၎င်းတို့၏ ဆန္ဒအလျောက် ပေးပို့စေကာ ဘွဲ့ရပြီးနောက် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးအတွက် သက်ဆိုင်ရာအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ဆက်သွယ်ညှိနှိုင်း၍ ဆောင်ရွက်ပေးမည်ဟု သိရကြောင်း ကျောင်းသားတစ်ဦးက ပြောကြားသည်။ ကိုယ်ရေးမှတ်တမ်းတွင် နည်းပညာတတ်ကျွမ်းမှုနှင့် ဘာသာစကားတတ်ကျွမ်းမှု ပါဝင်ကြောင်း၊ ရတနာပုံတက္ကသိုလ်တွင် ယခုကဲ့သို့ ကိုယ်ရေးမှတ်တမ်း ဖော်ပြခြင်းသည် ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း၊ ဘွဲ့ရလူငယ် ၁၀၀၀ လျှင် အလုပ်ရသူဦးရေမှာ သုံးရာခိုင်နှုန်းခန့်သာရှိကြောင်း၊ အများစုသည် မိရိုးဖလာ လုပ်ငန်းနှင့်အောက်ခြေအလုပ်များတွင် ဝင်ရောက်လုပ်ကိုင်နေရကြောင်း ၎င်းက ပြောကြားသည်။

တင်မောင်(မန္တလေး)

မီးသတ်ကားကောင်းထားရှိစေချင်

မန္တလေး ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ်ရှိ ကဍ္ဍနမဟီရပ်ကွက်သည် Down Town ဧရိယာအတွင်းပါဝင်သော ရပ်ကွက်တစ်ခုဖြစ်သည်။ အဆိုပါရပ်ကွက်အတွင်း၌ အရေးကြီးဌာနများဖြစ်သော မန္တလေးဘူတာကြီး၊ ဒီဇယ်စက်ခေါင်းစက်ရုံ၊ Diamond Plaza၊ ရတနာပုံ Shopping Centre များ၊ ထိစပ်နယ်မြေအတွင်း၌ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ကုန်ရုံဘူတာစသည့် အရေးကြီးအဆောက်အအုံများနှင့် ဌာနများ၊ လူဦးရေထူထပ်ပြီး အိမ်ကြီးအိမ်ကောင်းများလည်း ပါရှိသည့် ရပ်ကွက်ဖြစ်သည်။

ကဍ္ဍနမဟီရပ်ကွက်၌ တစ်စီးတည်းသာရှိသော မီးသတ်ယာဉ်မှာ ခေတ်နှင့်မလျော်ညီသော မီးသတ်ယာဉ်တစ်စီးဖြစ်ပြီး ယာဉ်၏ကြံ့ခိုင်မှုနည်းပါးခြင်းကြောင့် မီးဘေးအန္တရာယ်ဖြစ်ပွားရာဒေသများသို့ သွားရောက်ကူညီရာတွင်လည်း မကြာခဏစက်ချွတ်ယွင်းမှုရှိခြင်းများကြောင့် Down Town ဧရိယာနှင့် လျော်ညီသော ခေတ်မီ မီးသတ်ယာဉ်တစ်စီး ထားရှိပေးရန် လိုအပ်ပါသည်။

ထို့ကြောင့် လုပ်ငန်းရှင်များ၏ ခေတ်နှင့်လျော်ညီသော၊ စွမ်းရည်မြင့်မားသော မီးသတ်ယာဉ်တစ်စီး ထားရှိပေးနိုင်ရန်အတွက် ရပ်ကွက်နေပြည်သူများက ကူညီဖြည့်ဆည်းပေးမည့်သူများကို လိုလားလျက်ရှိကြောင်း သိရသည်။

(နန္ဒ)

ကသာခရိုင် အင်းတော်မြို့နယ်အတွင်း တရားမဝင်သစ်စက်များနှင့် သစ်များ ဖမ်းဆီးရမိ

အင်းတော် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် အောက်တောကြိုးဝိုင်းအတွင်း ညအချိန် တရားမဝင် သစ်ခိုးထုတ်ယူမှုများ ပေါ်ပေါက်လာကြောင်း နယ်မြေခံ တာဝန်ကျဝန်ထမ်းများ၏ သတင်းပေးပို့ချက်အရ ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း၊ ကောလင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းထွန်းဇော်နှင့်အတူ ဝန်ထမ်းများ၊ ကသာခရိုင်ရုံးနှင့် အင်းတော်မြို့နယ် သစ်တောဝန်ထမ်းများ စုစုပေါင်း ၁၂ ဦး ပါဝင်သည့် အင်အားကို စုစည်းပြီး ဇန်နဝါရီ ၂၆ ရက်တွင် အင်းတော်မြို့နယ် အောက်တောကြိုးဝိုင်းအတွင်း နေ့အချိန် ဖြန့်ကြက် ရှင်းလင်းခဲ့ရာ တရားမဝင် သစ်စက် ငါးလုံးနှင့် တရားမဝင် ကျွန်းသစ် ၁၉ လုံး ၁၁ ဒသမ ၆၅၀ တန်၊ ကျွန်းသစ်ခွဲသား ၆၀၉ ချောင်း ၁၀ ဒသမ ၁၃၄၆ တန်၊ အင်သစ်လုံး ၂၂ လုံး ၁၁ ဒသမ ၉၅၄ တန်၊ အင်သစ်ခွဲသား ၁၈၉ ချောင်း ၃ ဒသမ ၆၉၇၆ တန် စုစုပေါင်း တရားမဝင်သစ် ၃၈ ဒသမ ၁၃၄၆ တန်နှင့် ဆိုင်ကယ်တစ်စီးနှင့် တရားခံလေးဦး ဖမ်းဆီးရမိခဲ့သည်။ သစ်တောဥပဒေများအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

လူအောင်(ကသာ)

စာအုပ်စာပေ လူ့မိတ်ဆွေ

စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကျင်းပ

စစ်ကိုင်း ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ကင်း-စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက်၁၀နာရီက ကျောင်းခန်းမ၌ ကျင်းပသည်။

ဝန်းသိုမြို့နယ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဝင်းက စာအုပ်စာစောင်များ လှူဒါန်းရခြင်းအကြောင်း ပြောကြားပြီး စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းဖေနှင့် ကင်း-မြင်သာအုပ်ချုပ်ရေးမှူး ဦးဝင်းတင့်တို့က လက်ခံယူသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား ဝန်းသိုမြို့နယ် စာရေးဆရာများအသင်းဥက္ကဋ္ဌ ဦးကံမြင့်(ဝန်းသိုညိုမှိုင်း)၊ ဂျိုးတောင် အထက ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်(မျိုးမြင့်-မြန်မာစာ)နှင့် စာရေးဆရာမ ထိပ်ထား(ဝန်းသို)က စာပေရေးရာများ ဟောပြောကြသည်။ **(မျိုးမြင့်)**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရွှေဘို ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းနှင့် ရွှေဘိုခရိုင်အတွင်းရှိ ဝန်ထမ်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၂ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူးများက ပြည်သူဗဟိုပြု ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြပြီး ခရိုင်ဦးစီးအရာရှိက လုပ်ငန်းဆောင်ရွက်မှုများအပေါ် ခြုံငုံသုံးသပ် ဆွေးနွေးတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူးက ငလျင်ဘေးသင့် ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဌာနအသီးသီးနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ မိမိတို့၏ အဓိကတာဝန်မှာ ပြည်သူကို ဗဟိုပြုသော ပြည်သူ့အကျိုးပြု ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့်အတွက် ပြည်သူလူထုအကျိုးကို အစဉ်ဦးထိပ်ထားပြီး အားကြိုးမာန်တက် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဆီတင်ယာဉ်နှစ်စီး ဆီဖလှယ်စဉ် မီးလောင်မှုဖြစ်ပွား

မန္တလေး ဖေဖော်ဝါရီ ၂

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၄၀-၄၁ လမ်းကြား ၇၈ လမ်းမပေါ်ရှိ Green Luck စက်သုံးဆီအရောင်းဆိုင်ဝင်းအတွင်း၌ ဇန်နဝါရီ ၂၈ ရက် ညနေ ၅ နာရီခန့်က ဆီဘောက်ဆာနှစ်စီး ဆီဖလှယ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၈ ရက် ညနေ ၅ နာရီခန့်က Green Luck စက်သုံးဆီအရောင်းဆိုင်ဝင်းအတွင်း ဂါလန် ၇၂၀၀ ဆံ့ (၆ဂ/---)Foton ဓာတ်ဆီဘောက်ဆာယာဉ်သို့ ဂါလန် ၂၈၀၀ ဆံ့ (၉ခ/----)ဓာတ်ဆီဘောက်ဆာက ဆီပြောင်းထည့်ရာတွင် တည်ငြိမ်လျှပ်စစ်ကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင် ၁၈၀ ကျော်၊ မီးသတ်ယာဉ် ၃၈ စီးဖြင့် အချိန်မီ သွားရောက် မီးငြိမ်းသတ်မှုကြောင့် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းခဲ့ပြီး မီးငြိမ်းသတ်ရာတွင် ဗဟိုမီးသတ်စခန်းရှိ ဆီမီးသတ်ယာဉ်မှ ဆေးရည်ငါးဂါလန်ဖြင့် အသုံးပြုငြိမ်းသတ်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် (၆ဂ/---) ဘောက်ဆာယာဉ်မှ တာယာ ၁၂ လုံး၊ ဆီ ၁၀ ဂါလန်၊ ကားမီးခွက်နှစ်ခု၊ ၁၅ ပေ ပိုက်တစ်ခု မီးလောင်ဆုံးရှုံးခဲ့သည့်အပြင် ဇော်မြင့်မြတ် (၃၂)နှစ်သည် ဒဏ်ရာများရရှိပြီး စောဂေကူ (၂၅)နှစ်တွင် ညာလက်၌ မီးဟပ်ခံရကာ ဇော်မင်းယု (၃၄)နှစ်သည် မီးဟပ်ဒဏ်ရာများရရှိမှုကြောင့် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။ အဆိုပါ သုံးဦးတို့အား အမှတ်(၉) ရဲတပ်ဖွဲ့စခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုယ်ပွား(မန္တလေး)

သမဝါယမတက္ကသိုလ်(သန်လျင်)
ပထမအကြိမ်ဘွဲ့နှင်းသဘင်
ဓာတ်ပုံရိုက်ကူးရေး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမတက္ကသိုလ်(သန်လျင်) ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ပြုလုပ်မည့် ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ခြင်းအခမ်းအနား၊ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျင်းပပြုလုပ်မည့် ပထမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် ရန်ကုန်တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမအတွင်း(အပြင်မပါ) ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း ခွင့်ပြုနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(၁) **တင်ဒါစတင်လက်ခံမည့်ရက်** - ၅-၂-၂၀၁၃ ရက်(အင်္ဂါနေ့)
(၂) **တင်ဒါနောက်ဆုံးလက်ခံမည့်ရက်** - ၁၄-၂-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီ
(၃) **တင်ဒါဖွင့်မည့်ရက်** - ၁၄-၂-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီ

၂။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည့်အချက်များကို ဘွဲ့နှင်းသဘင်ဓာတ်ပုံတင်ဒါရွေးချယ်ရေးကော်မတီ သမဝါယမတက္ကသိုလ်(သန်လျင်)သို့ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဖုန်း-၀၅၆-၂၁၇၃၄ သို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဓာတ်ပုံတင်ဒါရွေးချယ်ရေးကော်မတီ
သမဝါယမတက္ကသိုလ်(သန်လျင်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၈၂၁၄၅ Luojia 110၊ M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၉/မရတ(နိုင်)၁၂၈၅၃၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အောက်ဖော်ပြပါ စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများကို Turn Key Tender (နိုင်ငံခြားငွေ)ဖြင့် တင်ဒါခေါ်ဝယ်ယူလိုပါသည်-

၁။ ၆၆/၁၁ကေဗွီ၊ ၂၀ အမ်ဗွီအေ ကျောက်ဖြူဓာတ်အားခွဲရုံတည်ဆောက်ခြင်း။
၂။ ၂၃၀ကေဗွီ ကျောက်ဖြူ GT-ကျောက်ဖြူ ဓာတ်အားလိုင်း (၇)မိုင် တည်ဆောက်ခြင်း။
၃။ ၂၃၀ကေဗွီ ကျောက်ဖြူ GT ဓာတ်အားခွဲရုံတွင် ၆၆ကေဗွီ ကျောက်ဖြူမြို့ Switch Bay (၁)ခုတိုးချဲ့တည်ဆောက်ခြင်း။

တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၂-၃-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ ခရိုင်/ မြို့နယ်ဆေးရုံတို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးဝါးကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ သက်ဆိုင်ရာ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး စစ်တွေမြို့သို့ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၉-၈၅၁၆၃၀၃၊ ၀၉-၅၆၈၀၂၇၁၊ ၀၉-၄၉၆၄၀၂၆၆ တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) **တင်ဒါတင်သွင်းရမည့်နေရာ** ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး
(ခ) **တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် ရက်/အချိန်** ၈-၂-၂၀၁၃ရက်(သောကြာနေ့) ၁၆:၀၀ နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန
စစ်တွေမြို့

ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့၊ မစိုးရိမ်ကျောင်းတိုက်မှ ဦးပညာနန္ဒ ၅/ဝလန(သ) ၀၀၀၄၁၄ ၏ ပတ်(စ်)ပို့ DEO NO.11 -163747 နှင့် သာသနာစိစစ်ရေးကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဦးပညာနန္ဒ
ဖုန်း-၀၇၅-၃၀၁၃၉

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၄၃၆၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီအေး ၅/ခဥတ(နိုင်)၀၀၂၄၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ ကလေးမြို့

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

ပြည်တွင်း၊ ပြည်ပမှ သင်္ဘောတည်ဆောက်လိုသူများအား (Ship Model Testing) စမ်းသပ်ရန်အတွက် လုပ်ငန်းအပ်နိုင်ပါကြောင်း ဖိတ်ခေါ်ခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ရှိ Marine Hydrodynamics Center၌ Ship Model Towing Tank တစ်ခုအား တည်ဆောက်ပြီးဖြစ်ပါသည်။ ပြည်တွင်း၊ ပြည်ပရှိ သင်္ဘောတည်ဆောက်မည့်သူများအနေဖြင့် မိမိတို့တည်ဆောက်မည့် သင်္ဘောအတွက် ပုံစံငယ်ပြုလုပ်၍ Towing Carriage တွင် တပ်ဆင်ပြီး အမြန်နှုန်းအမျိုးမျိုးဖြင့် ချိတ်ဆွဲစမ်းသပ်ပေးနိုင်ပါသည်။

၂။ တည်ဆောက်လိုသည့် သင်္ဘော၏ Model ဖြင့် အမြန်နှုန်းအမျိုးမျိုးအတွက် Resistance အား ITTC စံချိန်စံညွှန်းနှင့်အညီ တိုင်းတာခြင်း၊ အဆိုပါသင်္ဘော၏ Design Speed တွင် တပ်ဆင်ရန်လိုသည့် Engine Power အား တွက်ချက်ပေးခြင်း၊ Propeller အရွယ်အစားအား တွက်ချက်ပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အလုပ်ရုံမှူး Marine Hydrodynamics Center မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဖုန်း-၀၉-၇၃၂၃၂၆၈၃သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

email: myanmarivarsity@mmu.gov.mm, office.mmu@gmail.com

RIVER VIEW HOTEL
20% Discount
28.2.2013 ထိ
ပြည်တွင်းပြည်ပဧည့်သည်များ ဈေးနှုန်းချိုသာစွာဖြင့် တည်းခိုနိုင်ပါပြီ။
No.374, Strand Road, Botahtaung Tsp, Yangon, Myanmar.
Tel : 95-01-296731, 95-01-297355

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ဝါးဘလောက်သောက်တိုက်နယ်ဆေးရုံကို တိုးချဲ့ဆောက်လုပ်မည်ဖြစ်ပါသည်။ လက်ရှိ ဝါးဘလောက်သောက်တိုက်နယ်ဆေးရုံ(ခွဲစိတ်ခန်းမှအပ) မျက်မြင်အခြေအနေအတိုင်းကို ဖျက်သိမ်းရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၈-၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး
အမှတ်(၅၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်
ဖုန်း-၅၄၄၂၇၉၊ ၅၅၆၀၅၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ဝါးဘလောက်သောက်တိုက်နယ်ဆေးရုံကို တိုးချဲ့ဆောက်လုပ်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၃-၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး
ရန်ကုန်တိုင်းဒေသကြီး
အမှတ်(၅၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်
ဖုန်း-၅၄၄၂၇၉၊ ၅၅၆၀၅၁

တိုးမြှင့်ပင်စင်လစာ

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အငြိမ်းစားဝန်ထမ်းများအား တိုးမြှင့်ပင်စင်ခံစားခွင့်ရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိရာ ဆောင်ရွက်ရန်ကျန်ရှိသော အငြိမ်းစားများသည် ၃၆၃/၄၂၁ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်) အုပ်ချုပ်ရေးဌာနခွဲသို့ အမြန်ဆုံးလာရောက် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးပါသည်။ **ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

တင်ဒါကြေညာချက်ပါ
အာမခံငွေပေးသွင်းရန်တန်ဖိုးပြင်ဆင်သတ်မှတ်ခြင်း

၁။ လားရှိုးခရိုင် မြို့ပြစနစ်စီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့မှ လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ မောရဝတီ(၁)နှင့် မောရဝတီ(၂) တိုးချဲ့မြေကွက်များ၌ အဆင့်မြင့်နှင့် လူမှုဖူလုံရေး အိမ်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက် ၃၀-၁၂-၂၀၁၂ ရက် မြန်မာ့အလင်းသတင်းစာ၌ ကြေညာခေါ်ယူခဲ့ပါသည်။

၂။ လုပ်ငန်းရှင်ကုမ္ပဏီအများစု တင်ပြနိုင်ရန်အတွက် ၃၀-၁-၂၀၁၃ ရက် ပြုလုပ်သည့် လားရှိုးခရိုင် မြို့ပြစနစ်စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ယင်းတင်ဒါခေါ်ယူခြင်းကြေညာချက်အပိုဒ်(၅)၊ အပိုဒ်ခွဲ(ဃ)ပါ တင်ဒါတင်သွင်းမည့်ကုမ္ပဏီ/လုပ်ငန်းရှင်များအနေဖြင့် ကျပ်သိန်း ၃၀၀၀ အာမခံငွေတင်ရန်အစား ကျပ်သိန်း ၁၀၀၀ အာမခံငွေတင်ရန်ဟု ပြင်ဆင်သတ်မှတ်ပါကြောင်း ကြေညာအပ်ပါသည်။

လားရှိုးခရိုင် မြို့ပြစနစ်စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့၊ လားရှိုးမြို့
ဖုန်း-၀၈၂-၂၃၀၅၀၊ ၀၈၂-၂၃၁၈၁၊ ၀၈၂-၂၃၉၇၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၆ယ/၆၁၀၃၅၊ Jialing-90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ထွေးလွင် ၁၃/လရန(နိုင်)၀၈၃၄၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)

အမြန်ဆက်သွယ်ဆောင်ရွက်ရန်

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၁-၁-၂၀၁၀ လစာနှုန်းသစ် မတိုင်မီက အငြိမ်းစားယူခဲ့ကြသည့် ပင်စင်စားများမှ တိုးမြှင့်ပင်စင် လျှောက်ထားရန် ကျန်ရှိနေသူများသည် မိမိတို့နေထိုင်ရာနှင့် နီးစပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်/ခရိုင်/ပြည်နယ်/တိုင်းဒေသကြီး/တပ်ရင်း/တပ်ဖွဲ့/သင်တန်းကျောင်းများသို့ ၅-၂-၂၀၁၃ ရက်မတိုင်မီ အမြန်ဆက်သွယ်လျှောက်ထားကြရန် အကြောင်းကြားပါသည်။

ကွန်ဒိုတိုက်ခန်းများ ရောင်း/ငှားမည်

CHATRIUM HOTEL အနီးရှိ ဖိုးစိန်ကွန်ဒို။

ဖုန်း-၀၉-၅၀၇၄၁၄၅၊ ၀၉-၅၅၀၆၅၄၈

မြေကွက်ရောင်းမည်

၇၇၂/၉၀ ကွမ်းအပ်မင်းသားလမ်းမကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ နှစ် ၆၀ဂရန်ရပြီး (ပွဲစားမလို)။

ဖုန်း-၀၉-၅၁၈၀၉၇၃

အာဒိကာ
▸ လက်ဖဝါးကွဲ
▸ ခြေဖဝါးကွဲ
▸ ခြေဖနောင့်ကွဲ
▸ အသားမာတက်နှင့်
▸ ငါးမျက်စိဖြစ်ခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
Ph: 01 - 379385

Myanmar Environment Institute (MEI)
Certificate of Environmental Studies (5th Batch)
သဘာဝပတ်ဝန်းကျင်ပညာရပ်ဆိုင်ရာသင်တန်း

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာရပ်များကို စိတ်ပါဝင်စားသူတိုင်း သင်တန်းတက်ရောက်နိုင်ပါသည်။
- ပတ်ဝန်းကျင်သိပ္ပံနှင့် အခြားဆက်စပ်သော ဘာသာရပ်များကို သင်ကြားပေးပါမည်။
- သင်တန်းကာလမှာ (၂)လကြာမြင့်မည်ဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄)ရက်နေ့တွင် စတင် ဖွင့်လှစ်ပါမည်။
- သင်ကြားမည့်ဘာသာရပ်များမှာ–
  - Ecosystems; Terrestrial and Aquatic Ecosystems
  - Biodiversity and its Conservation
  - Introduction to Environmental Geology
  - Pollution and Urban Environment
  - Social Issues and Environment
  - Environmental Management, Planning and Law Enforcement
  - Introduction to occupational Health, Safety and Environment (HSE)
  - Field Work
- သင်တန်းအချိန် – ကြာသပတေး (၅း၃၀–၇း၀၀)၊ သောကြာ(၅း၃၀–၇း၀၀)၊ စနေ(၉း၀၀–၂း၃၀)၊ တနင်္ဂနွေ(၉း၀၀–၁၂း၀၀)

Myanmar Environment Institute (MEI)
တိုက်(C), အခန်း(005)၊ Delta Plaza ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 09- 420109463 ၊ 09-73013448

ဦးဇော်မြင့် B.A (Korean) Y.U.F.L
ကိုယ်တိုင်ဦးစီးသင်ကြားသော
"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း
E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အခြေခံတန်းခွဲသစ်များ ဖွင့်လှစ်နေပါသည်။ လစဉ်တန်းခွဲသစ်များရှိပါသည်။
(အလုပ်ချိန်ပြင်ပ သင်တန်းများလည်း ဖွင့်လှစ်ပါမည်။)
အမှတ်(၆၈)၊အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊ ရန်ကုန်–အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊၀၉–၄၃၀၉၇၅၁၇

တရားလွှတ်တော်ရှေ့နေ ဦးလှိုင်ဘွား(စဉ်-၈၁၃၀)/ဒေါ်မေသိင်္ဂီလှိုင် အထက်တန်းရှေ့နေ(စဉ်-၃၈၀၆၆) တို့၏ ၂၄-၁-၂၀၁၃ရက်စွဲပါ

မြန်မာ့အလင်းသတင်းစာပါ ရှင်းလင်းချက်များအပေါ် ပြန်လည်ရှင်းလင်းကြေညာချက်

Sun Light Fiber Speed Boat ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

မိမိတို့ Sun Light Fiber Speed Boat ခရီးသည်ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် ချောင်းသာဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ ခင်မင်ရင်းနှီးသိကျွမ်းသော မိတ်ဆွေများကို ထောက်ထား၍ ချောင်းသာဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ပဋိပက္ခမဖြစ်လိုကြောင်း၊ အပန်းဖြေခရီးသွားဧည့်သည်များအတွက် ကောင်းမွန်သောဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်သောလုပ်ငန်းလိုင်စင်များပြုလုပ်ခြင်း၊ နိုင်ငံတော်သို့ အခွန်အခများပေးသွင်းခြင်း၊ ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ချမှတ်ထားသောစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်း အတိအလင်းဖော်ပြခဲ့ပြီးဖြစ်သော်လည်း ယခုကဲ့သို့ ထပ်မံ၍ မြန်မာ့အလင်းသတင်းစာ ၂၄-၁-၂၀၁၃ရက်စွဲပါ ပြန်လည်ရှင်းလင်းခြင်းကြေညာချက်ဖြင့် မိမိတို့ Sun Light Fiber Speed Boat ဂုဏ်သိက္ခာကျဆင်းစေရန် ထည့်သွင်းဖော်ပြချက်ဖြစ်၍ မှန်ကန်မှုမရှိပါ။

ဖြစ်စဉ်မှာ (၂၀၁၁/၂၀၁၂)ကာလတို စမ်းသပ်ပြေးဆွဲရာတွင် အလှူငွေဟုအကြောင်းပြ၍ ပေးခဲ့ရသောငွေမှာ ကျပ် ၁၀၀၀၀၀၀ ဖြစ်ပြီး လက်မှတ်ရောင်းချပေးသော ဟိုတယ်အလိုက် ရောင်းချရငွေမှ ၁၀ ရာခိုင်နှုန်းကိုပါ မိမိတို့မှ ပေးခဲ့ရပါသည်။ ယခုနှစ် ၂၀၁၂-၂၀၁၃ ရာသီတွင် ယခင်နှစ်ကထက်ပို၍ ကျပ်သိန်း၂၀နှင့် လက်မှတ်ရောင်းချပေးသော ဟိုတယ်အလိုက် ရောင်းရငွေမှ ၁၀ ရာခိုင်နှုန်းပေးအပ်မည်ဟု စာဖြင့်ပေးပို့ထားခဲ့ရာ ချောင်းသာဟိုတယ်လုပ်ငန်းရှင်များအသင်းမှ ကျပ်သိန်း ၅၀ပေးရန် ပြောကြားခဲ့ပါသည်။ မိမိတို့အနေဖြင့် ကာလတိုခရီးသွားရာသီ လေးလခန့်တွင် ကျပ်သိန်း ၅၀ ပေးရန်မှာ လုံးဝမဖြစ်နိုင်၍ ယခုကဲ့သို့ ကိစ္စရပ်များပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

ချောင်းသာဟိုတယ်ဇုန်များအသင်းမှ အရင်းအနှီးထည့်ဝင်ခြင်း၊ တာဝန်ယူခြင်းများ လုံးဝမရှိ၍ ၎င်းတို့ရှင်းလင်းကြေညာသကဲ့သို့ စနစ်တကျစာရင်းရှင်းလင်းရန်အကြောင်းမရှိပါ။ ယခုကဲ့သို့ မလျော်ဩဇာအသုံးပြုပြီး ၎င်းတို့နှင့်အဆင်မပြေပါက နိုင်ငံတော်မှ သတ်မှတ်ထားသော တရားဝင်အခွန်အခများပေးသွင်း၍ လုပ်ငန်းလိုင်စင်များ ရယူထားသော်လည်း လုပ်ငန်းမလုပ်နိုင်အောင် တားဆီးပိတ်ပင်သည့်သဘော သက်ရောက်နေပါသည်။

သတင်းစာတွင် ဖော်ပြထားသောခရီးသည်များ အသက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုံခြုံရေးအစီအမံထားရှိမှုများ အလွန်အမင်းအားနည်းချို့ယွင်းလျက်ရှိပါသည်ဟု ဖော်ပြထားခြင်းမှာ Sun Light Fiber Speed Boat ၏ ဂုဏ်သိက္ခာကျဆင်းစေရန်၊ ခရီးသွားများအပန်းဖြေလာရောက်စီးနင်းမှုမရှိရန် မကောင်းသောစိတ်ထားအကြံအစည်ဖြင့် ရည်ရွယ်ဖော်ပြထားခြင်းဖြစ်ပြီး မှန်ကန်မှုလုံးဝမရှိပါ။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်ရုံးမှ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများကိုယ်တိုင် ချောင်းသာကမ်းခြေသို့ ၂၅-၁၀-၂၀၁၂ရက်မှ ၂၆-၁၀-၂၀၁၂ရက်အထိ လက်တွေ့စမ်းသပ်မောင်းနှင် စစ်ဆေးပြီးမှ ရေယာဉ်များ၏ခိုင်ခံ့မှု၊ ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ စီးနင်းသွားလာနိုင်ရေးအတွက် အစီအမံများဆောင်ရွက်ထားရှိမှု၊ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်မှုတို့ကို စစ်ဆေးပြီးစီး၍ သက်သေခံယာယီ ပြေးဆွဲခွင့်လက်မှတ်များ ထုတ်ပေးခဲ့ခြင်းဖြစ်ပါသည်။

ရေကြောင်းဦးစီးဌာနမှ ကျွမ်းကျင်နားလည်သော ပညာရှင်များလာရောက်စစ်ဆေးပြီး ခွင့်ပြုပေးခဲ့သောကိစ္စအား ချောင်းသာဟိုတယ်ဇုန်လုပ်ငန်းရှင်များအသင်းမှ မဟုတ်မမှန်ဖော်ပြသော ပုဂ္ဂိုလ်များမှ တာဝန်ရှိသူနိုင်ငံ့ဝန်ထမ်းများထက် ပိုသိတတ်ကျွမ်းကျင်နားလည်နေသလား မပြောနိုင်ပါ။ Sun Light Fiber Speed Boat အနေဖြင့် မြန်မာ့အာမခံလုပ်ငန်း သူတစ်ပါးထိခိုက်မှုအာမခံဌာနတွင် ၂၀၁၂-၂၀၁၃ ခရီးသွားရာသီ မစတင်မီအာမခံထားရှိခြင်းကို ၂-၁၀-၂၀၁၂ရက်စွဲဖြင့် တစ်နှစ်အတွက် ကျပ်သန်း ၂၀ အာမခံထားရှိပြီး ခွင့်ပြုချက်ရရှိ၍ ၂၄-၁၀-၂၀၁၂ ရက်တွင် အသက်အာမခံငွေပေးသွင်းထားရှိပြီးဖြစ်ပါသည်။

Sun Light Fiber Speed Boat အနေဖြင့် ယခင်နှစ်ခရီးသွားရာသီကာလဖြစ်သော ၂-၂-၂၀၁၂ရက်တွင် ကမ်းခြေသို့ အပန်းဖြေလာရောက်ရင်း ရေကူးနစ်မြုပ်နေသော ခရီးသွားခြောက်ဦး၏ အသက်အားလည်းကောင်း၊ ၆-၃-၂၀၁၂ရက်တွင် ရေကူးရင်း ရေစီးအတွင်းမျောပါပြီး ရေနစ်မြုပ်နေသော ခရီးသွားဧည့်သည် ၂၈ ဦး၏အသက်ကို မိမိတို့ Sun Light Fiber Speed Boat များဖြင့် စွန့်စွန့်စားစား ရေပြင်အသက်ကယ်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို ကမ်းခြေဒေသရှိ သက်ဆိုင်ရာဌာနအသီးသီးမှ သိရှိထားပြီး ထောက်ခံချက်များရရှိထားပါသည်။ Sun Light Fiber Speed Boat စီးနင်းသွားလာ၍ ထိခိုက်ဒဏ်ရာရသော ခရီးသည်တစ်ဦးတစ်ယောက်ပင်လုံးဝမရှိပါ။ တိုင်တန်းချက်၊ အမှုအခင်းတစ်စုံတစ်ရာလည်းမရှိပါ။

ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှလည်း အမြန်ရေယာဉ်ပြေးဆွဲခြင်းဝန်ဆောင်မှုလုပ်ငန်းအပေါ် ၂၅-၁-၂၀၁၃ရက်စွဲဖြင့် ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံတင်ပြထားပါသည်။

Sun Light Fiber Speed Boat လုပ်ငန်းသည် ချောင်းသာဟိုတယ်ဇုန်လုပ်ငန်းရှင်များအသင်း မပေါ်ပေါက်မီကပင် နိုင်ငံ၏ဒေသအများအပြား၌ ခရီးသည်ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းအား ကောင်းမွန်စွာလုပ်ကိုင် ဆောင်ရွက်နိုင်သော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ချောင်းသာ ဟိုတယ်လုပ်ငန်းရှင်များအသင်း၏ အမည်ကိုသုံးစွဲပြီး လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်ခြင်းမရှိကြောင်း အများသိစေရန် ရှင်းလင်းအပ်ပါသည်။ ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီမှချမှတ်ထားသောစည်းကမ်းများအတိုင်း ခရီးသည်ဝန်ဆောင်မှုလုပ်ငန်းအား ဆက်လက် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အခြားအခြားသော လုပ်ငန်းလုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များအားလည်း ကမ်းခြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်လုပ်ကိုင်ခြင်းကို လှိုက်လှဲစွာကြိုဆိုကြောင်း သိစေအပ်ပါသည်။ ယခုကဲ့သို့ သတင်းစာတွင် မမှန်မကန် ကြေညာခြင်း၊ မလျော်ဩဇာအသုံးပြုပြီး မတရားတားဆီးခြင်းများ Sun Light Fiber Speed Boat ဂုဏ်သိက္ခာကျဆင်းစေရန် ပြောဆိုဖော်ပြမှုများ ပြုလုပ်နေသည့်အသင်းအဖွဲ့မှ လူပုဂ္ဂိုလ်တချို့ကို ထပ်မံပြုလုပ်ပါက တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထက်ထက်အောင်	**ဦးကျော်ကျော် LL.B, D.B.L**
လိုင်စင်-၃၁၇၆၅	**လိုင်စင်-၃၉၀၈၊ တရားလွှတ်တော်ရှေ့နေ**
အထက်တန်းရှေ့နေ	**Kyaw Kyaw Htun Law Firm**
	အမှတ်(၅၁၄/၅၁၈)၊ (သုံးလွှာ-A-3)၊တိုင်းရင်းမေတာဝါ၊ကုန်သည်လမ်းနှင့်ဆိပ်ကမ်းသာလမ်းထောင့်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကြော်ငြာ

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၃)ဖြင့် မန္တလေးမြို့ အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီဥက္ကဋ္ဌ သုဓမ္မမဏိဇောတဓရ ဦးစိုးနိုင်အား သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၃)ဖြင့် မိုးကုတ်မြို့ မြို့မရပ်နေ သုဓမ္မမဏိဇောတဓရ ဦးနန္ဒ (MD, Nanda Aung Mogok Gems Ltd)အား **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

ပညာမြိုင်းမိုရ်၏ စည်းကမ်း၊ပညာ၊အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။

ပညာမြိုင်းမိုရ်

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ်
ကက - ၁၃/၀၉/၀၁၆

ပုဂ္ဂလိကအခြေခံပညာအထက်တန်းကျောင်း နှင့်
ကျောင်းသားသီးသန့် ကျောင်းသူသီးသန့်အဆင့်မြင့်ဘော်ဒါ

- ကျောင်းကြီးတက်ရန်မလို၊ကျူရှင်ထပ်တက်ရန်မလို၊တစ်နေရာတည်းတွင် ပြီးပြည့်စုံသည့်ကျောင်း
- နေ့တက်သင်တန်း၊ဘော်ဒါကျောင်းချိန်လွတ် ညနေပိုင်းပိုင်း (Grade 9,10,11) ကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်။
- နေ့တက်သင်တန်းနှင့်ပိုင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
- လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်။ ကျောင်းကားကြို/ပို့စီစဉ်ပေးသည်။

၅-တန်း မှ ၁၀-တန်းအထိ
၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကြိုတင်အပ်လက်ခံပါပြီ။

၅၉/၃၈၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။ (အောင်ရတနာဆေးရုံဝင်း)
Phone - 09 73004720, 09 5001158, 09 500 2947, 01 561321

နွေရာသီအဆင့်မြင့် ယမိုက်+ပဋ္ဌာန်း အထူးသင်တန်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်ကြီး၌ အကြိမ်(၂၀)မြောက် နွေရာသီအဆင့်မြင့် ယမိုက်+ပဋ္ဌာန်း အထူးသင်တန်းကို ၂၁-၄-၂၀၁၃ ရက်(တနင်္ဂနွေနေ့)မှ ၂၆-၅-၂၀၁၃ ရက်(တနင်္ဂနွေနေ့)အထိ ၃၅ရက်တိုင် ယခင်နှစ်များကဲ့သို့ ကျင်းပပြုလုပ်ပါမည်။ သင်တန်းတက်ရောက်လိုသောသင်တန်းသား/သူများသည် ကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၁- ၆၄၆၄၆၄၊ ၀၁-၆၄၆၈၆၅၊ ၀၁-၆၄၀၂၉၄တို့သို့ ဆက်သွယ်၍လည်းကောင်း စာရင်းပေးသွင်းနိုင်ပါသည်။ သင်တန်းသားများသည် သာသနာ၀င်မှတ်တမ်း(သို့) ခိုင်လုံသောထောက်ခံစာ၊ သပိတ်လွယ်ပါသော သပိတ်၊ အိပ်ရာစသည့် မိမိတို့အသုံးအဆောင်ယူဆောင်၍ ၂၀-၄-၂၀၁၃ ရက်(စနေနေ့)အရောက် ကြွရောက်ရမည်ဖြစ်ပါသည်။ စာချ၊ စာသင် ရဟန်း၊ သာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့အား အထက်ဖော်ပြပါရက်များအတွင်း နံနက်ဆွမ်း၊နေ့ဆွမ်း၊ ဖျော်ရည်အအေးများကို သင်တန်းဖြစ်မြောက်ရေးကော်မတီ ဖုန်း-၀၉-၅၀၇၃၃၃၆၊၀၉-၅၅၀၄၇၃၈၊ ၀၉-၄၃၁၃၄၂၅၄၊ ၀၁-၆၄၆၄၆၄၊ ၀၁-၆၄၆၈၆၅၊ ၀၁-၆၄၀၂၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာနတရားဝင်အသိအမှတ်ပြုသောကျောင်း
မှတ်ပုံတင်အမှတ် (ကက-၁၃/၀၁/၀၀၇)

အစဉ်အလာကြီးမားပြီး၊ အောင်ချက်ကောင်း၊ စည်းကမ်းကောင်း၊ စာသင်ကောင်း စသော ကောင်းခြင်းများနှင့် ပြည့်စုံနေသော မဟာရန်ကုန်မြို့၏

ဆရာ ဦးသန်းစိန်

၂၀၁၃-၂၀၁၄ စာသင်နှစ်အတွက် စတင်လက်ခံပြီ။
၀,၉,၁၀-တန်း (10-3-2013)စမည်။

၅-တန်း မှ ၁၀-တန်း အထိ
လူငယ်ဘက်စုံထူးချွန်ရေး
ကိုယ်ပိုင်အထက်တန်းကျောင်း

လေ့လာပါ၊စုံစမ်းပါ၊ကြိုက်မှကျောင်းအပ်ပါ။

သင်တန်းတည်နေရာ
ဆရာဦးသန်းစိန်လူငယ်လေ့ကျင့်ရေးသင်တန်းကျောင်း
ပြည်တော်သာမှတ်တိုင်ရှေ့၊ ရွာမအရှေ့ရပ်ကွက်၊ ရွာမလမ်းဆုံဘေး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
Phone: 095100862, 09150014600, 09120206123, 0973016830, 09420041323, 210501
e-mail: zinnimyint@gmail.com website: http //: utsschool.wall.fm

အခန်းရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်မြို့၊ လေးထောင့်ကန်လမ်းနောက်၊ မေခ မလိခအိမ်ရာရှေ့၊ ပေ၅၀ လမ်းကျယ်၊ မြေညီနှစ်ခန်းတွဲ (သို့မဟုတ်) တစ်ခန်းချင်း တိုက်သစ် အဖိုးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ **ဖုန်း-၀၉-၄၂၀၇၁၆၇၇**

ရောင်းမည်

တောင်ဒဂုံစက်မှုဇုန်(၂)၊ (၆၄)ရပ်ကွက်၊ ခြံအမှတ် ၄၅၀၊ သံလွင်လမ်း ပေ (၄၀×၆၀) ပါဝါမီတာ ၄၅ကောင်၊ နှစ်ထပ်အာစီ။
ဖုန်း-၀၉-၇၃၀၇၂၉၉၉၊ ၀၉-၈၆၃၄၄၇၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၉

ဦးရှောက်တီ(ခ)ကြည်ကျားစိမ် **နှင့်** ၁။ ဒေါ်ကျောက်လန်
၂။ ဦးစံသိန်း
၃။ ဒေါ်သီတာခိုင်(ခ)အားချွင့်

တရားလို **တရားပြိုင်များ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ကမ္ဘောဇလမ်း၊ အမှတ် (၄/၈) နေ ဒေါ်ကျောက်လန်၊ ဦးစံသိန်းနှင့် ဒေါ်သီတာခိုင်(ခ)အားချွင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးရှောက်တီ(ခ)ကြည်ကျားစိမ်က နိုင်ငံတော်မှ သတ်မှတ်သော အတိုးနှုန်းနှင့်တကွ စုကြေးထည့်ဝင်ငွေရင်း ၁၄၄၂၆၇၀၀/-ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၁ရက် (၁၃၇၄ခုနှစ် တပို့တွဲလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ဟန်သိန်း)
ဒုတိယခရိုင်တရားသူကြီး(၃)
တောင်ကြီးခရိုင်တရားရုံး

အမွေထိန်းစာသက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
မူဆယ်ခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၁
ကွယ်လွန်သူ ဒေါ်နန်းမြဟန်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း

နန်းဟွမ်နွမ်ခေး **လျှောက်ထားသူ**

အမှတ်(မ၀/၁၉၀)၊ မန့်ဝိန်းရပ်ကွက်၊ မူဆယ်မြို့နေ နန်းဟွမ်နွမ်ခေးသည် ကွယ်လွန်သူ ဒေါ်နန်းမြဟန်၏ သမီးဖြစ်ပြီး အတူနေသူဖြစ်သူဟူ၍ ကွယ်လွန်သူ ဒေါ်နန်းမြဟန်မှာ ကျန်ရှိရစ်သော ပစ္စည်းဥစ္စာများ၊ ပေးဆပ်ရန်ရှိသော ကြွေးမြီများ ပေးဆပ်နိုင်ရန်၊ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေထိန်းစာ သက်သေခံအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်နန်းမြဟန်မှာ ကျန်ရှိရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ဤရုံးတော်သို့ လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ နန်းဟွမ်နွမ်ခေး၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

သန်းထွေး(တ/၁၆၈၅)
ခရိုင်တရားသူကြီး
မူဆယ်ခရိုင်တရားရုံး

ကိတ္တိမသား/သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ တောစိမ့်ကျေးရွာနေ ဒေါ်တင်ငွေ ၈/စလန(နိုင်)၀၆၄၁၂၄ ၏ ကိတ္တိမသား မောင်မင်းဇော် ၈/စလန(နိုင်)၀၆၉၅၇၃ နှင့် ကိတ္တိမသမီး မသိန်းသိန်းခိုင် ၈/စလန(နိုင်)၁၀၇၈၁၇တို့သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါဖြင့် ယနေ့မှစ၍ ကိတ္တိမသား/သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်း၏ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိခင်-ဒေါ်တင်ငွေ

ခင်မောင်သန်း ၁၁/ဘသတ(ယ)၁၂၃၁၀၇အား
အမွေပြတ်စွန့်လွှတ်ခြင်း

ဘုးသီးတောင်မြို့၊ အမှတ် (၇)ရပ်ကွက်နေ ဦးဇော်မင်းနှင့် ဒေါ်ခင်ကြည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသိစေပါသည်။

ကျွန်ုပ်အမှုသည်တို့၏ ဒုတိယမြောက်သားတစ်ဦးဖြစ်သူ ခင်မောင်သန်း ၁၁/ဘသတ(ယ)၁၂၃၁၀၇သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသဖြင့် ယနေ့မှစ၍ ကျွန်ုပ်အမှုသည်တို့က အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်သည်။ နောင်တွင် ၎င်း၏ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမှ ကျွန်ုပ်အမှုသည်တို့က တာဝန်ယူတော့မည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစန်းငွေ (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၂၁၂၅)
အနောက်စံပြရပ်ကွက်၊ စစ်တွေမြို့
ဖုန်း-၀၉-၄၂၁၇၁၂၀၉၆၊ ၀၉-၈၅၁၃၃၂၄

ဦးသိန်းနိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၉၁၅)
အမှတ် (၅)ရပ်ကွက်၊ ဘူးသီးတောင်မြို့

တန်းကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၈) ပိုင်၊ မြိုင်ဓေဝန်အိမ်ရာ၊ အခန်း (၄၀၈)၊ တိုက် (၅) နေ ဒေါ်နုနုအေးအေးပင်၊ (၁၄/ပသန (နိုင်) ၁၆၂၅၅၆) မှ ဦးပင်းသုခ (၅/မရန (နိုင်) ၁၂၂၇၀) ထံမှ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်ကွက်၊ မဂ္ဂင်ကျောင်းလမ်း၊ အမှတ် (၂၆၂) ဟုခေါ်တွင်သော အလျား (၂၃) ပေ × အနံ (၆၀) ပေ ရှိသော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားများနှင့်တကွ ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိက အထက်ပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်အိအိစိုး
အထက်တန်းရှေ့နေ (စဉ် - ၂၆၅၈၃)
ရှေ့နေများရုံးခန်း၊ အင်းစိန်ရုံးပေါင်းစုံဝင်း

ကြော်ငြာ

မအူပင် GTI / GTC / TU ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ ဖိတ်ကြားလွှာ

မအူပင် GTI/GTC/TU ကျောင်းတွင် ပညာသင်နှစ် ၁၉၉၁ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့မည့် စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲအား ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) အင်္ဂါနေ့၊ မွန်းလွဲ ၁နာရီတွင် ကမာရွတ်မြို့နယ်၊ လှည်းတန်းရှိ တက္ကသိုလ်များဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး မိတ်ဆုံညစာ စားပွဲအား ရန်ကုန်မြို့၊ လေးဒေါင့်ကန်လမ်းနှင့် ဝေဇယန္တာလမ်းထောင့် (သုဝဏ္ဏစကိတ်ကွင်း)ရှိ EAGLE GARDEN RESTAURANT တွင် ယင်းနေ့ ညနေ ၅နာရီမှ စတင်ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်း ညီအစ်ကိုမောင်နှမအပေါင်း ပျော်ရွှင်စွာဆုံတွေ့နိုင်ရန်အတွက် တက်ရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ

ဒဂုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်ပါ၍ ဓနုဖြူမြို့နယ် အသင်းဝင်/အသင်းသားများ စုံစုံညီညီကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကန်တော့ခံ အသက် (၈၀)နှင့်အထက် အသင်းဝင်သက်ကြီးဘိုးဘွားများ၊ ၂၀၁၂/၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာဂုဏ်ထူးဖြင့်အောင်မြင်ကြသည့် အသင်းဝင်များ၏ သားသမီးများစာရင်းကို အထောက်အထားပြည့်စုံစွာဖြင့် ဥက္ကဋ္ဌ ဦးလှမြင့်(မာဃ) ဖုန်း-၂၂၄၃၉၁၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့် (ရွှေဟသာ) ဖုန်း-၂၅၂၇၉၃၊ အတွင်းရေးမှူး ဦးကျော်ရီ ဖုန်း-၅၄၁၈၂၃၊ ဦးကျော်သူ ဖုန်း-၂၂၃၆၃၃နှင့် ဦးမြင့်သိန်း ဖုန်း-၂၁၀၉၉၁တို့ထံ ဆက်သွယ်ပေးပို့ကြပါရန် အသိပေးအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၄-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈ နာရီ
ကျင်းပမည့်နေရာ - အဘိဓမ္မရတနာဃရဓမ္မဗိမာန်၊ ဗဟန်း(၃)လမ်းမှတ်တိုင်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အမှုဆောင်အဖွဲ့

လက်ဆောင်ပစ္စည်းများပေးခြင်းနှင့် ကံစမ်းမဲဖောက်ခြင်း အစီအစဉ်များလည်းပါဝင်ပါသည်။

ဖခင်အမည်မှန်

တာချီလိတ်မြို့ အထက(၁)၊ နဝမတန်း(ဂ)မှ မစိုးနန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးဟန်သိန်း SRM-၀၇၆၁၁၄ ဖြစ်ပါသည်။

မိခင်အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တတိယတန်း(က)မှ မနှင်းနုဇူလိုင်၏ အမည်မှန်မှာ မနှင်းနုမိုးဦးဖြစ်၍ မိခင်အမည်မှန်မှာ ဒေါ်ဥမ္မာရွှေ ဖြစ်ပါသည်။

ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ ၃၁-၁-၂၀၁၃ ရက် အချပ်ပို(ဂ)ပါ ကမာရွတ်မြို့နယ်၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင်မြေကွက်တည်နေရာအမှတ်(၅၁)အစား အမှတ်(၅)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်ပြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဖအွဲ့ကော့ကျိုက်ကျေးရွာအုပ်စု ညောင်ကုန်းရွာနေ ဦးစန်းမောင်-ဒေါ်နန်းရင်အေးတို့၏သမီး ဖအွဲ့ကော့ကျိုက် အလကကျောင်း အဋ္ဌမတန်းမှ နန်းကေသရီထွေးအား နန်းကေသရီအေးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **နန်းကေသရီအေး**

အမည်ပြောင်း

သထုံမြို့၊ကျိုက္ကော်ကျေးရွာနေ ဦးစောနိုင်၏သမီး အထက(သိမ်ဆိပ်)သတ္တမတန်း (A)နေ မအေးယမုံထင်အား ယနေ့မှစ၍ မသြမုံထင်ဟုပြောင်းလဲခေါ်ပါရန်။

မသြမုံထင်
ကျိုက္ကော်ကျေးရွာ

မွေးသက္ကရာဇ်အမှန်

လေးမျက်နှာမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဦးထွန်းကြည်၏သား မောင်မင်းဝေထွန်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၇-၄-၁၉၈၆ ဖြစ်ပါကြောင်း။ **မောင်မင်းဝေထွန်း**
၁၄/လမန(နိုင်)၀၇၇၄၆၉

ကန့်ကွက်နိုင်ပါသည်

သန်လျင်မြို့၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ကုလားစုကွက်၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ ၁ ဒသမ ၂၄၂ ဧကရှိ မြေကွက်ကြီးအတွင်းမှ တစ်စိတ်တစ်ဒေသဖြစ်သော (၄၅ ပေ×၉၀/၁၂၀ ပေ)အကျယ်ရှိ မြေကွက်ကို ပိုင်ဆိုင်စီမံခွင့်ရှိသူ ဦးကြည်ဝင်း ပါ-(၈) ၁၂/သလန(နိုင်)၀၉၈၉၅၅ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတချို့ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစောဝင်း(LL.B)	**ဒေါ်စမ်းစိမ့်စိမ့်အေး (စဉ်-၂၅၉၉၅)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၆၁)	**ဒေါ်ဖြူမြတ်သွယ်(စဉ်-၂၅၆၃၀)**
အမှတ် ၄၊ ဦးထွန်းစိန်လမ်း၊	**ဒေါ်အေးသန္တာ(စဉ်-၂၈၇၂၃)**
အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့	**ဒေါ်ခိုင်သူဇာဝင်း(စဉ်-၂၈၇၁၉)**
	အထက်တန်းရှေ့နေများ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုလက်မှု၊ မြေကွက်အမှတ် ၂၃၇/B၊ မြေကွက်တည်နေရာ ၂၃၇/B၊ မြနန္ဒာလမ်း၊ စက်မှုလက်မှုရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးလှကြူး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှကြူး ကွယ်လွန်သဖြင့် ဒေါ်ကြည် ၉/စကတ(နိုင်)၀၂၁၄၈၂က မိခင်တော်စပ်ကြောင်းနှင့် ဦးလှကြူးသည် လူပျိုကြီးဘဝဖြင့်ကွယ်လွန်ကြောင်း ကိတ္တိမမွေးစားထားခြင်းမရှိသကဲ့သို့ မွေးချင်းညီအစ်ကိုမောင်နှမများ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ဦးလှကြူး၏ဖခင်ဖြစ်သူ ဦးရာကျော်သည် ၁၃-၄-၇၅ ရက်တွင် ကွယ်လွန်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်ဦးထွန်းလှကျော် ၁၂/ကမတ(နိုင်)၀၄၂၃၆၁၊ အမှတ် ၂/၄၊ ချမ်းသာလမ်း၊ ကျွန်းတောတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေသူ၏ ဇနီးဖြစ်သူ ဒေါ်မြမြဝင်း ၁၂/စခန(နိုင်)၀၃၅၉၇၇က ခင်ပွန်းသည် ခရီးသွားနေခိုက် ၁၅-၁-၂၀၁၃ရက်တွင် အိမ်ရှိငွေကြေးများအား ယူဆောင်၍ ငွေကြေး အလွဲသုံးစားပြုလုပ်သည့်အပြင် ခွင့်မလွှတ်နိုင်သော တခြားကိစ္စရပ်များကို လုပ်ဆောင်ပါသဖြင့် ၎င်းအား ၂၀-၁-၂၀၁၃ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်မှန်သမျှ လုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းနိုင်ပါသည်။

ဦးထွန်းလှကျော်
၁၂/ကမတ(နိုင်)၀၄၂၃၆၁

ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းရေး နှိုးဆော်လွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၏ ကျက်သရေတော်ဆောင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးသည် မုဋ္ဌောကိုးဆူဘုရားသမိုင်းဝင် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်ပါသည်။ ဘီစီ (၃၀၅)နှစ်မှစ၍ သီရိဓမ္မာအသောကမင်းကြီးမှ မြတ်ဗုဒ္ဓ၏သရီရဓာတ်တော်မွေတော်တို့ကို ဌာပနာလျက် ရွှေအာဏာဟူသောဘွဲ့တော်ဖြင့် ဉာဏ်တော် ခုနစ်ပေခွဲရှိ စေတီတော်ကိုလည်းကောင်း၊ ခရစ်နှစ် (၁၁၁၅)တွင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးမှ ထိုမူလစေတီတော်တွင် ဉာဏ်တော် ၃၆ပေရှိ ထူပါရုံဘွဲ့တော်ဖြင့် ထပ်ဆင့်တည်ထားကိုးကွယ်ခဲ့ပါသည်။ ထို့ပြင် ခရစ်နှစ် (၁၂၆၃)တွင် ပုသိမ်မြို့နှင့် အရံ(၃၁)မြို့ကို အုပ်စိုးသောဘုရင် သမုဒ္ဒဃောသနှင့် မိဖုရား ဥမ္မာဒန္တီတို့မှ ဉာဏ်တော် (၁၃၀)ပေအထိ တိုးမြှင့်မွမ်းမံလျက် ရွှေမုဋ္ဌောမဟာ စေတီတော်မြတ်ကြီးဟု ဘွဲ့တော်တင်သကာ ယနေ့တိုင်ထင်ရှားကျော်ကြားခဲ့ပါသည်။ ယင်းသို့အကြိမ်ကြိမ်ပြုပြင်မွမ်းမံမှုတို့ကြောင့် စေတီတော်ကြီးမှာ ဉာဏ်တော် (၁၅၃)ပေသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

ယခုအခါစေတီတော်မြတ်ကြီးသည် မိုးသားရေငွေ့နေအတွေ့တို့ကြောင့် လွန်ခဲ့သော ခြောက်နှစ်ခန့်က ကပ်လှူပူဇော်ထားသော ရွှေစင်ရွှေသားများမှာ ဟောင်းနွမ်းညိုးမှိန်လျက် ပျက်စီးယိုယွင်းလာမှုတို့ကြောင့် ငွေထီးတော်မှ အထက်ပစ္စယာအရံစေတီ ရှစ်ဆူအပါအဝင် အောက်ပစ္စယာ ရှစ်ထောင့်ပတ်လည် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရန်နှင့် စုပေါင်းရေစက်သွန်းချမှု အလှူတော်မင်္ဂလာကို ၂၀၁၃ ခုနှစ် မေလအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ အဝေးရောက် ပုသိမ်မြို့သူ မြို့သားများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းနှင့် မြန်မာပြည် အနယ်နယ်အရပ်ရပ်ရှိ အများပြည်သူတို့မှ ကြံ့တောင့်ကြံ့ခဲကုသိုလ်တော်မြတ်ကြီးတွင် အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ လေးစားစွာအသိပေး တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ခြောက်လက်မပတ်လည် ရွှေပြားတစ်ချပ် (၄က်ပျောဖူးတွင်) ၇၅၀၀၀ဝိ/-
(၂) နှစ်လက်မပတ်လည် ရွက် ၁၀၀ပြည့် မျက်ပါးရွှေတစ်ဆိုင်း ၄၀၀၀ဝိ/-
(၃) နှစ်လက်မပတ်လည် ရွက် ၅၀ပြည့် မျက်ပါးရွှေဆိုင်းဝက် ၂၀၀၀ဝိ/-

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး
ပုသိမ်မြို့၊ ဖုန်း-၀၄၂-၂၄၂၇၇၊ ၀၄၂-၂၅၂၉၈

အခတော်ထွက်ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

လှိုင်မြို့နယ်၊ (၂) ရပ်ကွက်၊ သီရိ (၄)လမ်း၊ အမှတ် - ၁၀၆ နေ ဒေါ်ကြည်ကြည်ဝင်း - ၁၂/လမန (နိုင်) ၁၄၂၀၀၉ သို့ လွှဲအပ်သည့် စာချုပ်အမှတ် - ၂၃၅၅၃အား ယနေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

ဦးလွန်းမောင် - ၉/မရက (နိုင်) ၁၀၅၄၉၆

✱ ဘဝအောင်မြင်တိုးတက်ရေး စိတ်ခွန်အားဖြည့် စာစုများကို အချိန်အနည်းငယ် ပေးဖတ်မိရုံနှင့် တွေးတောဆင်ခြင် အားတက်ဖွယ်ရာ အသိအမြင်များ ရရှိစေပါလိမ့်မည်။

ထွက်ပြီ

ကောင်းသန့်

စေတနာစကား (ပေါင်းချုပ်)

ရသဝတ္ထုများ

အင်္ဂလိပ်စကားပြောသင်တန်း

RESEARCHERS (စစ်တွေ)

အလယ်တန်းနှင့်အထက်တန်းအဆင့်

စမည့်ရက်	အတန်း	နေ့ရက်များ	အချိန်
၅-၃-၁၃	၅၊ ၆ တန်း	အင်္ဂါ၊ဗုဒ္ဓဟူး၊ကြာသပတေး	၉း၀၀ မှ ၁၁း၀၀
၅-၃-၁၃	၇၊၈၊၉ တန်း	အင်္ဂါ၊ဗုဒ္ဓဟူး၊ကြာသပတေး	၂း၀၀ မှ ၄း၀၀

ဖုန်း - ၂၀၉၃၈၂၊ ၀၉ ၅၆၈၀၂၃၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်မင်းလမ်း၊ အမှတ်(၁၂)ဟုခေါ်တွင်သော မြေအကျယ်အဝန်း(၂၅×၃၀)ပေရှိမြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အဆောက်အအုံနှင့် ရေ၊ မီးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိပိုင်ရှင် ဒေါ်နုငွေ ၁၂/မရက(နိုင်)၀၂၁၀၁၂ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့် (စဉ်-၆၈၄၈)	**ဒေါ်အုံးအုံး (စဉ်-၂၅၁၃၅)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**

ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်၊
ဖုန်း-၀၉-၄၃၀၈၀၉၉၁၊ ၀၉-၇၃၀၀၇၅၃၄

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လ/၅၄၃ Toyota Camry ၊ အမျိုးအစား S/L ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလင်း ၁၃/လရန(နိုင်)၀၉၅၇၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်နှင့် ကွယ်လွန်သူ ဒေါ်လှဝင်းတို့၏ သမီးလတ် မသူဇာဝင်း ၁၀/မဒန(နိုင်)၂၀၂၇၆၆သည် မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ဆိုဆုံးမမှုကိုမနာခံခြင်းတို့ကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိရန်ကြေညာအပ်ပါသည်။

ဖခင်-ဦးလှစိန် ၁၀/မဒန(နိုင်)၁၁၉၂၈၀
မုဒုံမြို့

အထူးကျေးဇူးတင်ရှိခြင်း ဘဒ္ဒန္တဓမ္မပါလမဟာထေရ် (ဗန်းမော်မြို့)

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ကန်တော်ရပ် သီရိမင်္ဂလာ ကန်တော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၅၁)ဝါရှိ ဘဒ္ဒန္တဓမ္မပါလ မဟာထေရ်မြတ်ကြီး၏ အန္တိမအဂ္ဂိဈာပနပူဇော်ပွဲကြီးကို ၂၈-၁-၂၀၁၃ရက်တွင် ဗန်းမော်မြို့ မြေနုရပ်ကွက် သဲသောင်ပြင်ကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ရာ၌ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော ရဟန်းရှင်လူ၊ ဌာနဆိုင်ရာအသီးသီးနှင့် ဗုဒ္ဓလူငယ်အဖွဲ့များ လုပ်သားပြည်သူ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကန်တော်ရပ်ကွက် ဒါယကာ၊ ဒါယိကာမများနှင့်
ဆရာတော်၏ ဆွေတော်မျိုးတော်များ

ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတိုင်း၊ မုခ်ဦးဒါယကာကြီး ဦးအောင်ကြီး (စစ်တွေ) ကျောင်းဆရာ(ငြိမ်း) အသက်(၇၈)နှစ်

စစ်တွေမြို့၊ ဘောင်းဒွတ်သားစုရပ်ကွက်၊ ဝင်္ဂဘာလမ်း (ဦးဦးကျော်ဇံ-ဒေါ်မနီ)တို့၏သား၊ (ဦးဖတော်-ဒေါ်မညွန့်ဖြူ)တို့၏သားသမက်၊ တိုက် ၂၂၊ အခန်း ၁၃၊ ၄၁ တိုးချဲ့ရပ်ကွက်၊ တော်ဝင်အိမ်ရာနေ ဒေါ်စိန်လှဦး၏ခင်ပွန်း၊ ဒေါ်သန်းသန်းငွေ-ဦးဘသန်း၊ ဦးမောင်မောင်သန်း-ဒေါ်သက်သက်ဆွေ၊ ဦးကျော်သန်းဝင်း-ဒေါ်သန်းသန်းမြ၊ (ဦးခင်မောင်သန်း)၊ ဦးထွန်းမောင်ကြီး-ဒေါ်ခင်ချိုခက်၊ မခင်ခင်သန်းတို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုးရှင်သည် ၁-၂-၂၀၁၃ရက်(သောကြာနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၂-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

(၁)လပြည့်ဆွမ်းသွတ်သတိရအမှျပေးဝေခြင်း ဦးဇေယျာဝင်း အသက်(၃၉)နှစ်

မေတို့သားအမိဆီ ပြန်လာဖို့ပြင်ဆင်နေရင်းက မထင်မှတ်ဘဲ ကိုရီးယားနိုင်ငံ၌ အပြီးတိုင်ခွဲခွာသွားတဲ့ ချစ်ခင်ပွန်းမောင်၊ နေ့စဉ်နေ့တိုင်းနှင့် (၁)လပြည့် ၃၁-၁-၂၀၁၃ရက်မှာ မိသားစုတွေပြုသည့် ကုသိုလ်အမှုဒါနအစုစုအတွက် သာဓုခေါ်ဆိုနိုင်ပါစေ။ မေ့အပေါ် ခင်ပွန်းကောင်းပီသစွာ ချစ်ခင်သစ္စာရှိမှု၊ သားအတွက် ကျန်းမာရေးကိုမငဲ့ကွက်ဘဲ ဖခင်ကောင်းပီသစွာ အလုပ်လုပ်ရင်း အသက်စွန့်သွားသည့် မောင့်အား လေးစားဂုဏ်ယူကျေးဇူးတင်လျက်…

နှမြောတမ်းတလွမ်းဆွတ်စွာဖြင့်
ကျန်ရစ်သူ မေနှင့်သား

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ခ/၃၉၆၉၊ Nissan Diesel Crane 17T ယာဉ်လက်ဝယ်ရှိသူ ဧဒင်အုပ်စုကုမ္ပဏီလီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ကညန(တိုင်းဒေသကြီးရုံးခွဲ)၊ ရွာသာကြီး

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၆၅၄၇၅၊ ဟွန်ဒါဝေ့ ယာဉ်လက်ဝယ်ရှိသူ ဦးကြိုင် ၁၃/တကန(နိုင်)၀၃၇၂၆၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(တောင်ကြီး)**

မြေးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကွန်ဟိန်းမြို့၊ ရပ်ကွက်(၃)၊ သူရလမ်း၊ အမှတ် ၃/၃၂၅ နေ ဦးစိုးမြင့်- ဒေါ်ခင်ဝင်းရီတို့၏မြေးသမီး မသီသီအောင်(ခ)သွန်းသွန်း ၁၃/ကဟန(နိုင်)၀၂၇၈၁၉ သည် ဘိုးဘွားများ၏ ဆိုဆုံးမမှုများကိုမလိုက်နာဘဲ အကျင့်စာရိတ္တပျက်ပြားစွာပြုမူနေပါ၍ မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သို့မျှမသက်ဆိုင်တော့ပါကြောင်း။

ဦးစိုးမြင့်-ဒေါ်ခင်ဝင်းရီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃၆၊မြေကွက်အမှတ်၃၄၆၊ မြေကွက်တည်နေရာအမှတ် ၃၄၆၊ (၁၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးပြည်ညွှန့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးပြည်ညွှန့် ၁၂/ကမရ(နိုင်)၀၂၈၈၆၄ က ပါမစ်ပျောက်ဆုံးသဖြင့် ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြပြီး နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၂၊ မြေကွက်အမှတ် ၉၄၅၊ မြေကွက်တည်နေရာအမှတ် ၉၄၅၊ ၁လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်မြရီ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်မိခင် ဒေါ်မြရီ ၂၈-၉-၂၀၁၂ရက် ကွယ်လွန်၊ ဖခင် ဦးထွန်းအောင် ၂၀-၅-၁၉၈၃ကွယ်လွန်သွားပါသဖြင့် ဒေါ်မြင့်မြင့်သန်း ၁၂/မရက(နိုင်)၀၄၉၇၃၉၈က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ အကြောင်းပြန်ကြားစာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် သကမ ၁၇၊ မြေကွက်အမှတ် ၁၃၄/က၊ မြေကွက်တည်နေရာ ၁၃၄/က၊ ဝေပုလ္လ ၅လမ်း၊ လှိုင်သာယာ (၂၀)ရပ်ကွက်၊ ဒေါ်သန်းတင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်သန်းတင်ထံမှ အရပ်ကတိ အရောင်းစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဥမ္မာမိုး ၁၂/မရက(နိုင်)၀၇၉၉၉၅က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံစာ၊ ဝန်ခံကတိ၊ ရဲစခန်းထောက်ခံစာများတင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် (၃၁/၁၀၀၀)၊ မြေကွက်တည်နေရာအမှတ် (၃၁/၁၀၀၀)၊ (၂၉)ရပ်ကွက်၊ အောင်တံခွန် ၆လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးတင်ဇော်မြင့် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်ဇော်မြင့်ထံမှ GP ၁၀၄၈၈/၀၇ / ၁၆-၁၀-၀၇ ရသူဒေါ်ခင်နှင်းရီ ၁၂/ဥကတ(နိုင်)၀၈၀၃၃၀ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း မရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

မဟေမာဆွေ
အသက်(၃၉)နှစ်

ပုသိမ်မြို့နှင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သုခမိန်လမ်း၊ အမှတ် ၁၅နေ ဦးညွန့်ဆွေ-ဒေါ်ခင်လှလှနွယ်တို့၏သမီးကြီး၊ ဒေါက်တာဇော်မျိုးဆွေ-မဆုမြတ်သံလွင်အောင်၊ ဒေါက်တာဖြိုးမင်းဆွေတို့၏အစ်မ၊ မဆုပြည့်ဝေလျှန်၊ မောင်သုတဝေယံတို့၏အဒေါ်၊ ဗိုလ်မှူးကျော်သူရ[ကလေးအထူးကုပါရဂူ၊အမှတ်(၂)တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံကြီး၊ နေပြည်တော်)၏ဇနီး၊ မသူသူလင်းလဲ့၏မိခင်သည် ၁-၂-၂၀၂၃ ရက် နံနက် ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

၂၉-၁-၂၀၂၃ရက်တွင် ကွယ်လွန်ခဲ့ပါသော ဒေါ်ထွေးကြည်(ချောင်းဆုံ) အသက်(၈၆)နှစ် နာရေးတွင် အဘက်ဘက်မှ အကူအညီအမျိုးမျိုးပေးခဲ့သော မိတ်ဆွေသင်္ဂဟများ၊ ကွယ်လွန်သူအားရည်စူး၍ လှူဖွယ်ပစ္စည်းအမျိုးမျိုးကို ပေးပို့လှူဒါန်းခဲ့ကြသော အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ သတင်းစာများ၌လည်းကောင်း မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြောင်းနှင့်နှစ်သိမ့်အားပေးကြပါသော ဆရာသမားများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

မရီသား(ခ)မကြူကြူခိုင်အား လွမ်းဆွတ်သတိရခြင်း

မိသားစုအားလုံးနဲ့ ရုတ်တရက်ခွဲခွာသွားခဲ့တာ (၁)လပြည့်ခဲ့ပေမယ့် တစ်ရက်မှ မမေ့ပါဘူး ဒီဒီးရေ၊ ဒီဒီးအတွက်ရည်စူးတဲ့ ကောင်းမှုကုသိုလ် အလှူဒါနတွေကို ရောက်ရာဘဝကနေ သာဓုခေါ်ပါနော်။

ကျန်ရစ်သူမိသားစုများ

ဒေါ်သင်းသင်းမော်
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၉၁နေ ဦးမောင်ဝင်း-ဒေါ်ချစ်စိန်တို့၏ သမီး၊(ဦးငွေအောင်-ဒေါ်အုံးလေး)တို့၏ သမီးချွေးမ၊ ဦးယဉ်ငွေ(ဒုလက်ထောက်အကောက်ခွန်မှူး)၏ဇနီး၊ မောင်ချစ်ကိုကိုဝင်း-မအိဖြူဖွေး၊ မောင်သက်ပိုင်ထူးတို့၏မိခင်၊ မောင်မြင့်မိုရ်ထက်၏အဘွားသည် ၁-၂-၂၀၂၃ရက် (သောကြာနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၃ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ချိုချိုလှိုင် [ကထိက (ပထဝီဝင်ဌာန)၊ ဒဂုံတက္ကသိုလ်]
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ အမှတ် ခ/၆၊ ဘုရင့်နောင်လမ်းနေ ဦးစိန်လှိုင်(M.O.G.E-ငြိမ်း)-ဒေါ်သန်းလှတို့၏သမီး၊ ဒေါ်ငွေးငွေးလှိုင်၏ညီမ၊ ဒေါ်ထွန်းထွန်းလှိုင်-ဦးထွန်းလင်း၊ ဦးအောင်အောင်နိုင်(ခ) ဦးမင်းခန့်- ဒေါ်စိုးဝင့်မွန်၊ ဒေါ်သီတာလှိုင်-ဦးညီလွင်အောင်တို့၏အစ်မ၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၂-၂-၂၀၂၃ရက် မွန်းလွဲ ၁၂း၄၅နာရီတွင် အာရုတော်ဝင်အထူးကုဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၃ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ချိုချိုဦး (သဲအင်းယောဂီ)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၆၅၊သုံးလွှာ-A၊ သမိန်ဗရမ်းလမ်း၊ နတ်ချောင်းရပ်ကွက်နေ(ဦးတင်-ဒေါ်အေး)တို့၏သမီး၊(ဦးသန်းညွန့်-ဒေါ်ခင်ထား)တို့၏သမီးချွေးမ၊ (ဦးသန်းဝင်း)၏ဇနီး၊ ဦးအောင်ခင်ဇော်-ဒေါ်ဥမ္မာငွေ၊ ဦးမောင်မောင်-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးကျော်နိုင်-ဒေါ်ရီချိုဝင်း၊ ဦးတင်အောင်ကျော်တို့၏မိခင်၊ မသဥ္ဇာမျိုးကျော်၊ မောင်ပြည့်ပိုင်ဇော်၊ မနေခြည်ကျော်၊ မဟေမာန်ထွန်း၊ မောင်ဟိဏ်းပြည့်ဇော်တို့၏အဘွားသည် ၃၁-၁-၂၀၂၃ရက် (ကြာသပတေးနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမောင်မောင်ခင်
လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊မြန်မာ့သစ်လုပ်ငန်း
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၃)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အိမ်အမှတ် ၁၂၄နေ(ဝဏ္ဏကျော်ထင်ဦးဘထူး-ဒေါ်ငွေရင်)တို့၏သား၊ (ဦးပု-ဒေါ်မြ)တို့၏သားသမက်၊ (ဦးညွန့်စိန်-ဒေါ်ခင်ခင်)၊ ဒေါ်ခင်ထွေး၊ (ဦးအောင်တိုး-ဒေါ်ဒေါ်လုံး)၊ (ဦးမောင်မောင်သွင်-ဒေါ်ရင်မြ)၊ဦးမောင်မောင်မျှင်-ဒေါ်ကြည်ကြည်၊ (ဦးမောင်မောင်တင် - ဒေါ်နီနီ)တို့၏ညီငယ်သည် ၂-၂-၂၀၂၃ရက်(စနေနေ့)တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စု

ဦးချိုသန်း (လမင်းစတိုး)
အလုပ်အမှုဆောင်အဖွဲ့ဝင် လူမှုကူညီရေးအသင်း(ရန်ကုန်)
အသက်(၄၈)နှစ်

ပဲခူးမြို့၊ မဟာမြိုင်(၂)ရပ်ကွက်၊ သစ်တောပျိုးဥယျာဉ်လမ်း၊ အမှတ် ၂၄နေ ဦးရေခဲ-(ဒေါ်မြကြည်)တို့၏သား၊ဦးငွေးမောင်-(ဒေါ်ချိုတူး)တို့၏မောင်၊ မချိုမာဝင်း၊ကိုဇော်ဝင်းတို့၏အစ်ကို၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၅)ရပ်ကွက်၊ဖားရွှေကျော်လမ်း၊ အမှတ် ၃၁၆နေ (ဦးမောင်မောင်)-ဒေါ်စန်းမြင့်တို့၏ သားသမက်၊ ဒေါ်မိုးစန္ဒာ(Smile Happy Co.,Ltd)၏ခင်ပွန်း၊ မောင်စွမ်းပြည့်အောင်၏ဖခင်သည် ၁-၂-၂၀၂၃ရက် (သောကြာနေ့) ည ၇း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၂-၂၀၂၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီဦးကာစင်(မ်)(ခ) ဦးဖေခင်
အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ (ဦးပု)-ဒေါ်ကျင်မှုံတို့၏သား၊(ဦးမောင်မောင်-ဒေါ်တင်ရွှေ)တို့၏သမက်၊ ရန်ကုန်မြို့၊ အမှတ် ၂၄၄၊ ပထမထပ်၊၃၅လမ်း(အပေါ်)နေ ဟာဂျီမဒေါ်လှလှဝင်း၏ခင်ပွန်း၊ ဟာဂျီယူနွစ်(ခ)ဦးခင်မောင်ဝင်း - ဟာဂျီမဒေါ်ခင်သော်တာ၊ ဟာဂျီဦးသန်းထွန်း-ဟာဂျီမဒေါ်ခင်သီတာဝင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၁-၁-၂၀၂၃ရက်ညနေ ၅နာရီတွင်အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၁-၂-၂၀၂၃ရက်နေ့လယ်တွင် ဂျူမှအဟ်နမားဇ်အပြီးတွင် ဘင်္ဂါလီဗလီ၌ဂျနာဇဟ်နစ်မာဇဖတ်၍ ရေဝေးကဘာရ်စတန်တွင် ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်သိန်း
ပေါက်စေတီ-ယောဂီ(ဟင်္သာတ)
အသက်(၉၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၆)ရပ်ကွက်၊ (၈)မိုင်၊ ပေါက်စေတီကျောင်းတိုက် ဆရာတော် အရှင်သုမိတ္တာဘိဝံသနှင့် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်း ဓမ္မဒူတတောရကျောင်းတိုက်ဆရာတော် ဓမ္မဒူတ အရှင်ပညာဇောတတို့၏အစ်မကြီးသည် ၁-၂-၂၀၂၃ရက် (သောကြာနေ့) ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ပေါက်စေတီကျောင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ပေါက်စေတီကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ရှုခင် (ပိန်းဇလုပ်မြို့)
အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပိန်းဇလုပ်မြို့၊ စာတိုက်လမ်းနေ (ဦးစုလှိုင်)၏ဇနီး၊ တပ်ကုန်းမြို့နေ ဒေါ်ရှုကြူး၊ ဦးကျော်ကြူး၊ ဦးကျော်ဝမ်း-ဒေါ်သီတာတို့၏ အစ်မကြီး၊ ရန်ကုန်မြို့နေ ဒေါ်အေးအေးလှိုင်၊ တပ်ကုန်းမြို့နေ ဦးအောင်ကျော်-ဒေါ်မိုးမိုးလှိုင်၊ ရန်ကုန်မြို့နေ ဒေါက်တာဝင်းမြင့်-ဒေါက်တာဝင်းဝင်းကြည်၊ ဦးဉာဏ်မြင့်-ဒေါ်ဝေဝေလွင်၊ ပိန်းဇလုပ်မြို့နေ ဒေါ်တင်တင်လှိုင်၊ ရန်ကုန်မြို့နေ ဦးဝင်းမိုး-ဒေါ်မြမြဝင်း၊ ကျောက်တံခါးမြို့နေ ဦးစိုးလွင်-ဒေါ်မိမိလှိုင်၊ ပိန်းဇလုပ်မြို့နေ ဦးသီဟ-ဒေါ်မာလာထွန်းတို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၁-၂-၂၀၂၃ရက် (သောကြာနေ့) ဒေသစံတော်ချိန် ည ၈း၅၀နာရီတွင် ဗန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ထွားတင့် (ပြည်)
(စာရင်းစစ်ချုပ်ရုံး)
အသက်(၇၉)နှစ်

တိုက် ၃၁၁၊ အခန်း၁၄၊ ရန်အောင်လမ်းသွယ်-၃၊ (၂)ရပ်ကွက်၊ အရှေ့ရန်ကင်းနေ ဦးခင်ညို(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၏ဇနီး။ ဒေါ်အေးမာတင့်ညို-ဦးအောင်ကျော်လှိုင်၊ (ဦးတေဇာတင့်ညို-ဒေါ်မြင့်မြင့်အေး)၊ ဗိုလ်မှူးနွေဝါတင့်ညို-ဒုတိယဗိုလ်မှူးကြီးနေဝင်းအောင်၊ ဦးဇေယျာတင့်ညို(တရားရုံးချုပ်)-ဒေါ်အိအိနွယ်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁-၂-၂၀၂၃ရက် (သောကြာနေ့) နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်သန်းသန်းစိန်
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် ၁၁၀နေ (ဦးသွင်-ဒေါ်ငွေစိန်)တို့၏သမီး၊ (ဦးဘမြင့်)၏ဇနီး၊ ဦးကျော်မြင့်ဦး၊ ဦးဇော်မြင့်-ဒေါ်နိုင်နိုင်မော်၊ ဦးနေမျိုးအောင်-ဒေါ်မိုးမိုး၊ ဦးသက်ဆွေ၊ ဒေါ်ခင်ဥမ္မာမြင့်တို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၂-၂-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၃ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးထင်အောင်
အလပြ(ငြိမ်း)၊ ပုသိမ်မြို့
အသက်(၇၂)နှစ်

ပုသိမ်မြို့၊ ယိုးဒယားကုန်းလမ်း၊ အမှတ် ၄၄နေ ဦးချစ်တင်-(ဒေါ်ကျင်မြိုင်)တို့၏သားကြီး၊ ဒေါ်ခင်အုန်းမြင့်၏ခင်ပွန်း၊ ဦးထွန်းအောင်ကျော်-ဒေါ်မြမြသိန်း၊ ဦးဟုန်စိန်-ဒေါ်ခင်မမတို့၏အစ်ကိုကြီး၊ မောင်အောင်ထွဋ်-ဒေါက်တာလဲ့ရည်သင်းတို့၏ဖခင်သည် ၁-၂-၂၀၂၃ရက်တွင် ရန်ကုန်မြို့ ဗဟိုစည်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ရဟန်းအမ
ဒေါ်တင်ရွှေ
(မင်းကင်း)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ပေါ်ဆန်းမွှေးလမ်းသွယ်(၄)၊ တိုက် ၄၆၊ အခန်း ၃နေ (ဦးဘလှသိန်း - ဒေါ်ဆင့်)တို့၏သမီး၊ (ဦးဇော်တင့်)၏ဇနီး၊ ဦးဇော်လင်း(ယဉ်ကျေးမှု)-ဒေါ်မြင့်မြင့်ဇော် (ဟိုတယ်/ခရီး၊ ငြိမ်း)၊ ဦးဝင်းမြင့်လေး(ဟိုတယ်/ခရီး၊ငြိမ်း)-ဒေါ်မြင့်မြင့်မော်(ဟိုတယ်/ခရီး၊ ငြိမ်း)၊ ဒေါ်ချစ်ချစ်(ဦးစီးအရာရှိ၊ သမိုင်းသုတေသန)၊ ဦးအောင်အောင်(1/E) - ဒေါ်သစ်သစ်တို့၏မိခင်၊ ဖြိုးမောင်မောင် (Premier) - ဒေါ်နီရာ၊ ပြည့်ဖြိုးဇော် (Graphic Designer)-မေသက်ဇွန် (Computer Operator)၊ မေသင်္ကြန် (ဒုတိယနှစ်၊ စီးပွားရေး)၊ မောင်စည်သူထွဋ်(ရန်ကင်း TTC)တို့၏အဘွား၊ ရွှန်းရတီခေတ်၏ဘွားဘွားကြီးသည် ၁-၂-၂၀၂၃ရက် (သောကြာနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၃ရက်(တနင်္ဂနွေနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
အလ်ဟာဂျ်အိဗ်ရာဟီးမ်အိစ်မာအီးလ်အာရိဖ်(ခ)အီဘူးလားလ်
(စူရတီစွန္နီဂျူမ္မာဗလီကြီး၏ ဂေါပက) ပိတောက်မြိုင်(ကဖီး)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း(အလယ်)၊ အမှတ် ၂၃၄နေ(အလ်ဟာဂျ်အိစ်မာအီးလ်အိဗ်ရာဟီးမ်အာရိဖ် - ဒေါ်ဆာရာဘီဘီ E အိစ်မာအီးလ်)တို့၏သား၊ ဟာဂျီမဒေါ်ဖရီဒဟ်ဘီဘီအာဇမ်အိစ်မာအီးလ်၏ ခင်ပွန်း၊ ဟာဂျီမဒေါ်ခဒီဂျဟ်ဘီအာရိဖ်-မော်လဝီဟာဖိဇ်အစ္စမာအီးလ်ဘားမ်၊ ဟာဂျီမဒေါ်ဖာသွေမဟ်ဘီအာရိဖ်၊ ဟာဂျီမဒေါ်ဆာရာဘီအာရိဖ် - အလ်ဟာဂျ်ဟာဖိဇ်ဟာရှင်မ်ဘားမ်၊ အလ်ဟာဂျဟ်ဟာဖဇွဟ်ဟာဂျရဟ်ဘီအာရိဖ်၊ အလ်ဟာဂျ်မော်လဝီဟာဖိဇ်ကာရီမုဟမ္မဒ်အာရိဖ်(အဆ်အဒီ)(ရွှေပိတောက်)၊ အလ်ဟာဂျ်ဟာဖိဇ်အိစ်မာအီးလ်အာရိဖ်တို့၏ဖခင်၊ အာမေနဟ်ဘီ၊ မုဟမ္မဒ်အိဘ်ရာဟီးတို့၏အဘိုးသည် ၃၁-၁-၂၀၂၃ရက် (ကြာသပတေးနေ့) ည ၉း၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁-၂-၂၀၂၃ရက် (သောကြာနေ့) ဂျုမ္မဟ်နမားဇ်အပြီး စုရတီစွန္နီဂျူမ္မာဗလီကြီးတွင် ဂျနာဇဟ်မားဇ်ဖတ်ပြီး ရေဝေး စွန္နီဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကိုခွေး(ခ)ဦးခွေး(ခ) အောင်လျှောင်ဝှက်
(ခနုဖြူ-ရေပေါက်)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၁၊ ဗားဂရာလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် (ဦးမောင်ချို-ဒေါ်ပွန်းနန်း-ဒေါ်ငွေသင်)တို့၏သားကြီး၊ (ဒေါ်မြသန်း)၏ ခင်ပွန်း၊ (ဦးမောင်လေး)၊ ဦးမောင်ငွေးတို့၏အစ်ကိုကြီး၊ ဒေါ်ဝင်းမြင့်(ကြည့်မြင်တိုင်ညဈေး)၊ ဦးယုရှိန်၊ ဒေါ်တင်ရီ(အထက-၂၊ အလုံ)၊ ဒေါ်ခင်ကြည်၊ ဒေါ်တင်ကြည်(ခ)မစူး (ကြည့်မြင်တိုင်ညဈေး)၊ ဒေါ်တင်မြင့်၊ ဒေါ်ကြူကြူလှိုင်တို့၏ဖခင်သည် ၂-၂-၂၀၂၃ရက် (စနေနေ့) ၀၀း၁၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၂၃ရက်(တနင်္လာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကျော်မြင့်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၃၄/၃၆၊ ၂လမ်းနေ (ဦးရွှေရ-ဒေါ်လှယဉ်)တို့၏သား၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် ၆၇၉၊ မဟာဗန္ဓုလလမ်း၊ တတိယထပ်နေ ဒေါ်ကြည်အောင် (ကုန်သွယ်ရေး-၅၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ ငြိမ်း)၏ခင်ပွန်း၊ ဦးကျော်ထွန်းအောင်-ဒေါ်နန်းခမ်းပေါင်၊ ဒေါ်နွယ်နီအောင်တို့၏ဖခင်သည် ၁-၂-၂၀၂၃ရက် (သောကြာနေ့)မွန်းလွဲ ၁း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၃ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးဘညွန့်ဦး
(ဒု-ညွှန်မှူး၊ ထွေ/အုပ်၊ ငြိမ်း)
ပလက်ဝ၊ စစ်တွေမြို့
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စီ(၅၁)၊ ပိတောက်ဝါ ၈လမ်း၊ F.M.I City နေ (ဦးရွှေသာလှ-ဒေါ်မကျော့နု)တို့၏သား၊ စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ ၁၈/၈နေ ဦးမောင်စိန်-(ဒေါ်တင်လှ)တို့၏သားသမက်၊ (ဒေါ်နီနီခင်)၏ခင်ပွန်း၊ ဦးအောင်ကျော်ညွန့်-ဒေါ်စံပယ်မော်၊ ဒေါက်တာအောင်ဇော်ညွန့်(စစ်တွေဆေးရုံ) - ဒေါ်တင်တင်မိုး၊ ဦးကျော်နိုင်လှ-ဒေါ်ခိုင်သန္တာညွန့်၊(မခိုင်သူဇာညွန့်)၊ ဦးအောင်ကိုညွန့်-ဒေါ်ဖြူဖြူတင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁-၂-၂၀၂၃ရက်(သောကြာနေ့) နံနက် ၁း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးကျင်မောင်
မြန်မာ့မီးရထား အင်ဂျင်နီယာမှူး(ငြိမ်း)
အသက်(၇၀)

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ပေါက်ကုန်းကြီးကျေးရွာနေ (ဦးရွှေရ-ဒေါ်စိန်တင်)တို့၏သား၊ (ဦးလှအောင်-ဒေါ်လှစီ)တို့၏သားသမက်၊ အမှတ် ၈၊ ဦးညိုခြံ၊သီရိဟေမာလမ်း၊ဇဝနရပ်ကွက်၊ သဃ်္ဃန်းကျွန်းနေဒေါ်အေးကြိုင်၏ခင်ပွန်း၊ မစန်းစန်းဦး၊ ဦးကျော်ထွန်း-ဒေါ်အေးအေးမာ၊ ကိုသက်ဝင်းဇော်၊ ကိုနိုင်ထွန်းအောင်-မဝင်းဝင်းမာ၊ ကိုထွန်းမင်းလတ်-မတိုးတိုးမာတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂-၂-၂၀၂၃ ရက် နံနက် ၂နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၃ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂ
သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ
သက်တော်(၅၆)နှစ်၊ သိက္ခာတော်(၃၆)ဝါ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဖျာပုံလမ်း၊ အောင်တော်မူ(ကင်းစမ်း)ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ကင်းစမ်းကျေးရွာနေ ဦးကံညွန့်-ဒေါ်ငွေလှိုင်တို့၏သားဖြစ်တော်မူသော ဘဒ္ဒန္တဝိလာသဂ္ဂသည် (၁၃၈၄ခုနှစ် ပြာသိုလပြည့်ကျော် ၆ရက်) ၁-၂-၂၀၂၃ရက်(သောကြာနေ့) နံနက် ၂း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၄ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ရက်) ၅-၂-၂၀၀၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်၌ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ရဟန်းရှင်လူ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [အောင်တော်မူ(ကင်းစမ်း) ပရိယတ္တိစာသင်တိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။]

ဈာပနကော်မတီ၊ အောင်တော်မူ(ကင်းစမ်း)
ပရိယတ္တိစာသင်တိုက်

ဦးခင်မောင်
အသက်(၇၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြွန်တန်ဆာမြို့နယ်၊ ဒုံသရစ်နေ (ဦးထွန်းလှ-ဒေါ်ပိုက်)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ အနောက်ဗဟိုရ်လမ်း၊ အမှတ် ၁၃နေ ဒေါ်ရီ၏ခင်ပွန်း၊ ဦးတင်ဦး၊ ဒေါ်ဝင်းမာရီ-ဦးသောင်းဆွေမြင့်၊ ဒေါ်ဥမ္မာကြည်-ဦးကျော်ကျော်၊ ဒေါ်မာလာကြည်-ဦးသက်ကိုကို၊ ဒေါ်နီလာဆွေ-ဦးကျော်လွင်တို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂-၂-၂၀၂၃ရက် (စနေနေ့)နံနက် ၃း၁၅နာရီတွင်သျှင်ပါကူဆေးရုံ၌ကွယ်လွန်သွားပါ၍၄-၂-၂၀၂၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးထွန်းထွန်း
(တောင်ငူအသင်းဥက္ကဋ္ဌ)
ဘုရင့်နောင်သင်္ကန်းတိုက်
အသက်(၇၁)နှစ်

ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ် ၃၅၊ အခန်း ၃နေ ဒေါ်မြင့်မြင့်ရီ၏ခင်ပွန်း၊ မောင်မျိုးကျော်သူ[B.Sc (Physic)]၊မောင်မျိုးစည်သူ၊ မမျိုးသဇင်ထွန်း [B.Sc (Chem)]၊ ဗိုလ်လောင်းထွန်းတေဇာလင်း (နောက်ဆုံးနှစ်၊ တပ်မတော်နည်းပညာတက္ကသိုလ်)တို့၏ဖခင်သည် ၂-၂-၂၀၂၃ရက် နံနက် ၆း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၂၃ရက် (သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးသန်းနု
(ရှောက်ချောင်း)(ပန်းတိမ်)
အသက်(၅၀)

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ ချောင်းဖျားတိုက်နယ်၊ ရှောက်ချောင်းကျေးရွာနေ ဦးအောင်ဘ-ဒေါ်အောင်ပြည့်တို့၏သား၊ ရမ်းဗြဲမြို့၊အမှတ်(၁)ရပ်ကွက်နေ ဦးယဉ်ထွန်း - ဒေါ်အေးချမ်းညိုတို့၏ သားသမက်၊ ရှောက်ချောင်းကျေးရွာနေ ဦးသိန်းရွှေ၊ ဒေါ်ခင်သန်းတို့၏ညီမောင်၊ တိုက် ၈၊ အခန်း ၅၀၂၊ အောင်ချမ်းသာအိမ်ရာ၊ ဗဟန်းမြို့နယ်နေ ဒေါ်လှတင်ရီ၏ခင်ပွန်း၊ မောင်ခင်မျိုးဇော်(အဝေးသင်သင်္ချာ၊ဒုနှစ်)၊မမြင့်မြင့်ဇော်(ကွန်ပျူတာ ဒုနှစ်)တို့၏မွေးစားဖခင်သည် ၁-၂-၂၀၂၃ရက် (သောကြာနေ့) ညနေ ၃း၂၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၃ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၂၃ရက် (ကြာသပတေးနေ့)နံနက် ၇ နာရီတွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးရွှေလှ (မြိတ်)
စား/ထွေ(ငြိမ်း)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာဝင်း၊ အမှတ် ၂၂-Dနေ (ဦးခင်မောင် - ဒေါ်ထူးရင်)တို့၏သားငယ်၊ (ဦးသန်းစိုး-ဒေါ်ရိမ်)၊ (ဦးဖေငယ်-ဒေါ်ဘီ)တို့၏ညီမောင်၊ (ဦးဟန်ထူး)-ဒေါ်ပိုတို့၏အစ်ကို၊ (ကိုဘွန်ကျင်)-မနုရီ၊ ကိုသက်တင်-မဝင်းကြည်၊ ကိုသက်ဝင်း-မမာမာဇင်၊ ကိုတင်မောင်သော်-မစုစုလှိုင်၊ ကိုမင်းကို-မစိုးစိုးဟန်၊ ကိုကျော်ဝင်းနိုင် - မစီစီဟန် (USA)၊ မတင်ယုတို့၏ဦးကြီး၊ မောင်အောင်မြတ်ကျော်-မချိုရည်အောင်၊ မောင်သန့်ဇင်-မခင်နွယ်ဝင်း၊မဝင်းယုမော်၊မောင်အောင်မျိုးသူ၊ မစိုးရူပါကို၊ မအိမ့်ကေသရီ၊ မပိုင်ပိုင်(ခ) Ashly Saw တို့၏ဘိုးဘိုးကြီး၊ မောင်ဖွဲ့လင်းဆက်၊ မမေမြတ်ချိုသာ၊ ဖွဲ့သုတပိုင်တို့၏ဘိုးဘိုးကြီးသည် ၂-၂-၂၀၂၃ရက်(စနေနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်ခင်
လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊မြန်မာ့သစ်လုပ်ငန်း
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ် ၁၂၄နေ (ဝဏ္ဏကျော်ထင်ဦးဘထူး-ဒေါ်ငွေရင်)တို့၏သား၊(ဦးပု-ဒေါ်မြ)တို့၏သားသမက်၊ ဒေါ်ခင်ဝင်းဝင်း(ROSIE)၏ခင်ပွန်း၊ ဒေါ်ခင်စောဦး(လက်ထောက် အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးတူးမောင်၊ ဦးကိုကိုမောင်-ဒေါ်နန်းသူဇာ၊ ဦးထွန်းထိုက် C/O (Marines Shipping)-ဒေါ်မူယာခင်၊ ဦးမန်းသက်ထူး-ဒေါ်မီမီညွန့်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂-၂-၂၀၂၃ရက် (စနေနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးလန်ကွန်း
အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊တိုက်ကြီးမြို့၊ မြို့လယ်လမ်း၊ဈေးရပ်ကွက်၊ အမှတ် ၆၁နေ ဦးမောင်ခင် - ဒေါ်အင်တို့၏သား၊ ဒေါ်ကင်တီ၏ခင်ပွန်း၊ ဒေါ်ငွေးငွေးဝင်း၊ ဦးစိန်ဝင်း-ဒေါ်သန်းသန်းညွန့်၊ ကိုသက်နိုင်ဝင်း-မနီနီဝင်း၊ ကိုဝင်းအောင်ထွန်းတို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁-၂-၂၀၂၃ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၃ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုက်ကြီး မြို့မသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၃
၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်-

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ကော်မရှင်ရုံး**ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဂ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဃ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့်ပုံစံကို ဆိုသည်။

(င) **ဇယား** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ဖော်ပြပါရှိသည့် ဇယားကိုဆိုသည်။

(စ) **ဘီအိုတီ** ဆိုသည်မှာ လုပ်ငန်းတည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးချိန်တွင် လုပ်ငန်းလုပ်ဆောင်သူတို့က သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခြင်းကိုဆိုသည်။

(ဆ) **ဘီတီအို**ဆိုသည်မှာ လုပ်ငန်းတည်ဆောက်ခြင်း၊ တည်ဆောက်ပြီးချိန်တွင် လုပ်ငန်းလုပ်ဆောင်သူတို့က သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဇ) **အခြေပစ္စည်း**ဆိုသည်မှာ မြေ၊ အဆောက်အအုံ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းကို ဆိုသည်။ ယင်း စကားရပ်တွင် အစုရှယ်ယာနှင့် ကတိဝန်ခံစာချုပ်တို့အပြင် ယင်းတို့ကဲ့သို့သော အလားတူ စာချုပ်စာတမ်းများလည်း ပါဝင်သည်။

အခန်း (၂)
သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ

၃။ ကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။ ယင်းသို့ သတ်မှတ်ရာတွင် အောက်ပါအချက်များကို အခြေခံရမည်-

(က) နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ များစွာပေါ်ပေါက်စေမည့် လုပ်သားအင်အား အသုံးပြုလုပ်ငန်းဖြစ်ခြင်း၊

(ခ) နိုင်ငံတော်၏ ထွက်ကုန်များကို တန်ဖိုးမြှင့်တင် ထုတ်လုပ်နိုင်မည့် လုပ်ငန်းဖြစ်ခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားသောလုပ်ငန်းဖြစ်ခြင်း၊

(ဃ) အဆင့်မြင့်နည်းပညာ အသုံးပြုသည့်လုပ်ငန်းဖြစ်ခြင်း၊

(င) နိုင်ငံသားများ သက်သာချောင်ချိစွာ စားသုံးစေနိုင်ရေးကို ဦးတည်သည့် ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ခြင်း၊

(စ) နိုင်ငံသားများ၏ လူနေမှုဘဝ အဆင့်မြင့်မားရေးကို အထောက်အကူပြုစေသည့် လုပ်ငန်းဖြစ်ခြင်း။

၄။ ကော်မရှင်သည် စီးပွားရေးလုပ်ငန်းများသတ်မှတ်ရာတွင် နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုကို ခွင့်မပြုသည့်လုပ်ငန်းများ၊ နိုင်ငံသားနှင့်ဖက်စပ်စနစ်ဖြင့်သာ ခွင့်ပြုမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေ တစ်ရပ်ရပ်အရသာ ခွင့်ပြုမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိသည့်အခါ ကော်မရှင်သည် နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုကို ခွင့်မပြုသည့် လုပ်ငန်းများ၊ နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုမည့် လုပ်ငန်းများနှင့် သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေ တစ်ရပ်ရပ်အရသာ ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုမည့်လုပ်ငန်းများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။

၆။ ကော်မရှင်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးအတွက် သတ်မှတ်သည့်လုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ ကြိုတင်သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်၍ ထုတ်ပြန်ကြေညာနိုင်သည်။

၇။ နိုင်ငံသားများ လုပ်ကိုင်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို **ဇယား(၁)**ပါအတိုင်း သတ်မှတ်သည်။

၈။ နိုင်ငံသားများလုပ်ကိုင်နိုင်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် နှစ်တိုနှစ်ရှည်စိုက်ပျိုးရေးလုပ်ငန်းများကို **ဇယား(၂)** ပါအတိုင်း သတ်မှတ်သည်။

၉။ နိုင်ငံသားများလုပ်ကိုင်နိုင်သည့် မွေးမြူရေးလုပ်ငန်းများကို **ဇယား(၃)**ပါအတိုင်း သတ်မှတ်သည်။

၁၀။ နိုင်ငံသားများလုပ်ကိုင်နိုင်သည့် မြန်မာ့ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းများကို **ဇယား(၄)**ပါအတိုင်း သတ်မှတ်သည်။

၁၁။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ ၇၊ ၈၊ ၉ နှင့် ၁၀ အရ သတ်မှတ်သည့် လုပ်ငန်းများကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၂။ ကော်မရှင်သည် နိုင်ငံတော်၏ နယ်နိမိတ်နှင့် အခြားနိုင်ငံများ နယ်နိမိတ်ထိစပ်လျက်ရှိသည့် နယ်စပ်မျဉ်းမှ ၁၀ မိုင်အတွင်း စက်မှုဇုန်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဇုန်များ၊ ခရီးသွားလုပ်ငန်းဇုန်များ၊ ကုန်သွယ်ရေးဇုန်များ အပါအဝင် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ စုစည်းဆောင်ရွက်မည့်ဇုန်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စီးပွားရေးဇုန်အဖြစ် သတ်မှတ်နိုင်သည်။

၁၃။ နည်းဥပဒေ ၁၂ အရ စီးပွားရေးဇုန်အဖြစ် သတ်မှတ်ခြင်းကို ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များက အဆိုပြုလာလျှင်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူက အဆိုပြုခြင်းအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များက သဘောတူညီလျှင်ဖြစ်စေ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြကာ ခွင့်ပြုချက်ရယူ ဆောင်ရွက်ရမည်။

၁၄။ ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက လုပ်ကိုင်ဆောင်ရွက်လိုကြောင်း အဆိုပြုလာလျှင် ကော်မရှင်သည် နိုင်ငံတော်နှင့်နိုင်ငံသား အထူးသဖြင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ အောက်ပါအချက်များအပေါ် အခြေခံ၍ စိစစ်ရမည် -

(က) အဆိုပြုသည့်ရင်းနှီးမြှုပ်နှံမှုအပေါ် သက်ဆိုင်ရာဒေသရှိ နယ်မြေခံလူထု သို့မဟုတ် လူမှုရေးအဖွဲ့အစည်းများ၏ သဘောထား၊

(ခ) အဆိုပြုသည့် ရင်းနှီးမြှုပ်နှံမှုအပေါ် သက်ဆိုင်ရာဒေသရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ သဘောထား၊

(ဂ) လုပ်ငန်းဆောင်ရွက်မည့်ဒေသအပေါ်မူတည်ကာ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထား။

၁၅။ ကော်မရှင်သည် နည်းဥပဒေ ၁၄ ပါ အချက်များနှင့် ပြည့်စုံသည့် အဆိုပြုချက်များကို မိမိ၏ သဘောထားနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၁၆။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူအတည်ပြုချက်ရရှိသည့်အခါ ကော်မရှင်သည် ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

အခန်း (၃)
ရင်းနှီးမြှုပ်နှံမှုပုံစံ

၁၇။ ရင်းနှီးမြှုပ်နှံမှုကို အောက်ပါပုံစံတစ်ခုခုဖြင့် ဆောင်ရွက်နိုင်သည် -

(က) နည်းဥပဒေ ၅ အရ ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော လုပ်ငန်းများမှအပ အခြားကျန်လုပ်ငန်းများတွင် နိုင်ငံခြားသားက နိုင်ငံခြားမတည်ငွေရင်း ရာခိုင်နှုန်းအပြည့်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံခြားသားနှင့် နိုင်ငံသား သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတို့ ဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းပါက နိုင်ငံခြားမတည်ငွေနှင့် နိုင်ငံသားမတည်ငွေ အချိုးကို နှစ်ဦးနှစ်ဖက် သဘောတူညီချက်နှင့်အညီ ပဋိညာဉ် စာချုပ်ချုပ်ဆိုဆောင်ရွက်ခြင်း၊

(ဂ) နှစ်ဦးနှစ်ဖက် သဘောတူသော ပဋိညာဉ်စာချုပ်ပါ စနစ်တစ်ခုခုဖြင့် ဆောင်ရွက်ရာတွင် ဘီအိုတီ၊ ဘီတီအိုစသည့် စနစ်များအပါအဝင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် လုပ်နည်းစနစ်များ သို့မဟုတ် အခြားလုပ်နည်းစနစ်များနှင့် ဆောင်ရွက်ခြင်း။

၁၈။ ရင်းနှီးမြှုပ်နှံမှုအတွက် အဆိုပြုချက်တင်သွင်းရာတွင် နိုင်ငံခြားကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့်ကို တည်ဆဲကုမ္ပဏီဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ တစ်ပြိုင်တည်း လျှောက်ထားရမည်။

၁၉။ အဆိုပြုချက်ကို ကော်မရှင်က လက်ခံ၍ ခွင့်ပြုမိန့် ထုတ်ပေးသည့်အခါ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံခြားကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့်ကို တစ်ပြိုင်တည်း ထုတ်ပေးရမည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက နိုင်ငံခြားကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့်ကို ကြိုတင်ထုတ်ယူခွင့်ပြုရန် လျှောက်ထားလာလျှင် လုံလောက်သော အကြောင်းပြချက်ရှိပါက ညွှန်ကြားရေးမှူးချုပ်သည် ဖွဲ့စည်းတည်ထောင်ခွင့် (ယာယီ) သို့မဟုတ် မှတ်ပုံတင်ခွင့်(ယာယီ)ကို ကြိုတင်ထုတ်ပေးနိုင်သည်။ သို့ရာတွင် ဖွဲ့စည်းတည်ထောင်ခွင့် (ယာယီ) သို့မဟုတ် မှတ်ပုံတင်ခွင့်(ယာယီ) ကြိုတင်ထုတ်ပေးခြင်းကို ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့် ထုတ်ပေးခြင်းအဖြစ် မှတ်ယူခြင်း မရှိစေရ။

၂၀။ နိုင်ငံခြားသားသည် တားမြစ်သည့်လုပ်ငန်း သို့မဟုတ် ကန့်သတ်သည့်လုပ်ငန်းများကို နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်ပါက နိုင်ငံခြားမတည်ငွေရင်းအချိုးသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၈၀ ရာခိုင်နှုန်းထက် မကျော်လွန်စေရ။ ဤသတ်မှတ်ချက်ကို ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြင်ဆင်သတ်မှတ် နိုင်သည်။

၂၁။ ပဋိညာဉ်စာချုပ်ပါ သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းရပ်စဲခွင့်ရရှိ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် လည်းကောင်း၊ လုပ်ငန်းပြီးဆုံး၍ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် လည်းကောင်း ကော်မရှင်သို့ ကြိုတင်တင်ပြခွင့်ပြုချက်ရယူပြီး တည်ဆဲကုမ္ပဏီအက်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

အခန်း (၄)
ကော်မရှင် ဖွဲ့စည်းခြင်းနှင့် အစည်းအဝေးကျင်းပခြင်း

၂၂။ ကော်မရှင်အဖွဲ့ဝင် အရေအတွက်သည် “မ” ဂဏန်းအရေအတွက် ဖြစ်ရမည်။

၂၃။ ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ သက်တမ်းသည် သုံးနှစ်ထက် မပိုစေရ၊ သို့ရာတွင် ကျွမ်းကျင်မှုနှင့် အခြားလိုအပ်ချက်များရှိပါက ပြည်ထောင်စုအစိုးရသည် အဖွဲ့ဝင် တစ်ဦးဦး၏ သက်တမ်းကို သုံးနှစ်ထက် ပိုမိုတာဝန်ပေးအပ်နိုင်သည်။

၂၄။ အကြောင်းတစ်ရပ်ရပ်ကြောင့် ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် သက်တမ်းသုံးနှစ်မပြည့်မီ ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိတော့ပါက ၎င်းလစ်လပ်နေရာအတွက် အစားထိုးတာဝန်ပေးသည့် အဖွဲ့ဝင်သည် ၎င်းဆက်ခံသည့် အဖွဲ့ဝင်၏ ကျန်သက်တမ်း အတိုင်းသာ တာဝန်ရှိသည်။

၂၅။ ကော်မရှင်အစည်းအဝေးများကို တစ်လလျှင် အနည်းဆုံး နှစ်ကြိမ် ကျင်းပရမည်။

၂၆။ ကော်မရှင်ဥက္ကဋ္ဌသည် အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌ မတက်ရောက်နိုင်သည့်အခါ ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ် လည်းကောင်း၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ မတက်ရောက်နိုင်သည့်အခါ အတွင်းရေးမှူးက သဘာပတိအဖြစ်လည်းကောင်း သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးက သဘာပတိအဖြစ် လည်းကောင်း ဆောင်ရွက်ရမည်။

၂၇။ အစည်းအဝေးသို့ အဖွဲ့ဝင် ၅၀ ရာခိုင်နှုန်းနှင့်အထက် တက်ရောက်လျှင် အထမြောက်သည်။

၂၈။ ကော်မရှင်သည် အစည်းအဝေးတက်ရောက်သည့် အဖွဲ့ဝင်အများ၏ သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်များကို ချမှတ်ရမည်။ အစည်းအဝေးတက်ရောက်သည့် ကော်မရှင်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်ကို အစည်းအဝေးတက်ရောက်နိုင်ခြင်း မရှိသည့် ကော်မရှင်အဖွဲ့ဝင်များက ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြုခြင်းတို့ ဆောင်ရွက်ခွင့်မရှိ။

၂၉။ ကော်မရှင်သည် လိုအပ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး၊ ဘာသာရပ် ကျွမ်းကျင်သူများနှင့် အခြားလိုအပ်သူများကို အစည်းအဝေးသို့ ဖိတ်ကြားတက်ရောက်စေနိုင်သည်။

၃၀။ ကော်မရှင်သည် အစည်းအဝေးများတွင် ရင်းနှီးမြှုပ်နှံမှုအတွက် ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူနှင့် ယင်းတို့အား အထောက်အကူပြုမည့်သူများကို တက်ရောက်၍ ရှင်းလင်းတင်ပြခွင့်နှင့် ဆွေးနွေးခွင့်ပြုရမည်။

အခန်း (၅)
ခွင့်ပြုမိန့်လျှောက်ထားခြင်း

၃၁။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် ကော်မရှင်သို့ အဆိုပြုချက် တင်ပြရာတွင် အောက်ပါအချက်အလက်များ ပါဝင်သော **အဆိုပြုချက်ပုံစံ(၁)**ပါအတိုင်းဖြည့်စွက်၍ ကမကထပြုသူကိုယ်တိုင် လက်မှတ်ရေးထိုးတင်ပြရမည်-

(က) ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူ၏အမည်၊ မည်သည့်နိုင်ငံသားဖြစ်ကြောင်း ဖော်ပြချက်၊ နေရပ်လိပ်စာ၊ လုပ်ငန်းတည်ရှိရာ အရပ်ဒေသ၊ သက်ဆိုင်ရာ ဥပဒေအရ အမှန်တကယ် လုပ်ကိုင်သည့်လုပ်ငန်း၊ ထိရောက်သည့် စီမံခန့်ခွဲမှု လုပ်ကိုင်သည့် ဌာနချုပ်တည်ရှိရာဒေသ၊ စီးပွားရေးအဖွဲ့ တည်ထောင်ဖွဲ့စည်းရာ အရပ်ဒေသ၊ လုပ်ငန်းအမျိုးအစား၊

(ခ) ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်လုပ်ငန်းတွင် ပါဝင်လိုသူများနှင့် သက်ဆိုင်သည့် အပိုဒ်ခွဲ(က)ပါ အချက်အလက်များ၊

(ဂ) အပိုဒ်ခွဲ (က) သို့မဟုတ် (ခ) နှင့် သက်ဆိုင်သော အထောက်အထားများ၊

(ဃ) ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူ သို့မဟုတ် ဖက်စပ်လုပ်ငန်းတွင် ပါဝင်လိုသူများ၏ လုပ်ငန်းပိုင်းနှင့်ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ၊

(င) ရင်းနှီးမြှုပ်နှံလိုသည့်ကုန်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့် အချက်အလက်များ၊

(စ) ရင်းနှီးမြှုပ်နှံသည့် သက်တမ်း၊ တည်ဆောက်မှုကာလ၊

(ဆ) နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံလိုသည့် အရပ်ဒေသ၊

(ဇ) ထုတ်လုပ်ရောင်းချရာတွင် အသုံးပြုမည့် နည်းပညာရပ်များနှင့် စနစ်များ၊

(ဈ) သုံးစွဲလိုသည့် စွမ်းအင်အမျိုးအစားနှင့် ပမာဏ၊

(ည) တည်ဆောက်မှုကာလအတွင်း လုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အဓိကစက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ကုန်ကြမ်းများနှင့် အလားတူပစ္စည်းများ၏ ပမာဏနှင့်တန်ဖိုး၊

(ဋ) လိုအပ်မည့် မြေနေရာနှင့် အကျယ်အဝန်း၊

(ဌ) လုပ်ငန်းမှ နှစ်စဉ်ထုတ်လုပ်မည့် ခန့်မှန်းပမာဏနှင့်တန်ဖိုး သို့မဟုတ် ဆောင်ရွက်မည့် ဝန်ဆောင်မှု ခန့်မှန်းပမာဏနှင့်တန်ဖိုး၊

(ဍ) လုပ်ငန်းဆောင်ရွက်ရန် နှစ်စဉ်လိုအပ်မည့် နိုင်ငံခြားသုံးငွေနှင့် ရရှိရန်ခန့်မှန်းသည့် နိုင်ငံခြားသုံးငွေ၊

(ဎ) နှစ်စဉ် ပြည်တွင်း ပြည်ပ ရောင်းချနိုင်မည့် ကုန်ပစ္စည်းများ ခန့်မှန်းပမာဏ၊ ခန့်မှန်းတန်ဖိုးနှင့် ကာလအပိုင်းအခြား၊

(ဏ) စီးပွားရေး တွက်ခြေကိုက်မှုအခြေအနေ၊

(တ) သက်ဆိုင်ရာ တည်ဆဲဥပဒေပါ လိုက်နာဆောင်ရွက်ရမည့် ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲထားသော ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ထိန်းသိမ်းကာကွယ်ရေး ဆောင်ရွက်မည့် အစီအမံများ။

(ထ) နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်သည့် ဖွဲ့စည်းပုံ၊

(ဒ) အစုစပ်လုပ်ငန်းဖွဲ့စည်းလိုပါက အစုစပ်လုပ်ငန်းစာချုပ်မူကြမ်း၊ အစုစပ်ဝင်တို့က ထည့်ဝင်မည့် အစုငွေအချိုးအစားနှင့်ပမာဏ၊ အကျိုးအမြတ်ခွဲဝေမည့် အချိုးအစားနှင့် အစုစပ်ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊

(ဓ) လီမိတက်ကုမ္ပဏီ ပုံသဏ္ဌာန် ဖွဲ့စည်းလိုပါက ပဋိညာဉ်စာချုပ်မူကြမ်း၊ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း မူကြမ်းများ၊ ကုမ္ပဏီ၏ ခွင့်ပြုမတည်ငွေရင်း၊ အစုရှယ်ယာ အမျိုးအစားများ၊ အစုရှယ်ယာဝင်များက ထည့်ဝင်မည့် အစုရှယ်ယာ ပမာဏ၊

(န) ရင်းနှီးမြှုပ်နှံမည့်အဖွဲ့အစည်းကို စီမံခန့်ခွဲမည့်သူများ၏ အမည်၊ မည်သည့်နိုင်ငံသားဖြစ်ကြောင်း ဖော်ပြချက်၊ နေရပ်လိပ်စာနှင့် ရာထူး၊

(ပ) ရင်းနှီးမြှုပ်နှံမည့် အဖွဲ့အစည်း၏ စုစုပေါင်း မတည်ငွေရင်း၊ ပြည်တွင်းနှင့် ပြည်ပမှ ထည့်ဝင်မည့် မတည်ငွေရင်း အချိုးအစားနှင့် နိုင်ငံတော်သို့ ယူဆောင်လာမည့် နိုင်ငံခြားမတည်ငွေရင်းတို့နှင့်စပ်လျဉ်း၍ စုစုပေါင်းတန်ဖိုး၊ အမျိုးအစားအသီးသီး၏ တန်ဖိုးများနှင့် ယူဆောင်လာမည့် အချိန်ကာလ။

၃၂။ အဆိုပြုချက်နှင့်အတူ နိုင်ငံသား သို့မဟုတ် အစိုးရဌာန၊ အဖွဲ့အစည်းတို့နှင့် ချုပ်ဆိုမည့် မြေငှားရမ်းခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ်မူကြမ်းနှင့် ဖက်စပ်လုပ်ငန်း သို့မဟုတ် နှစ်ဦးနှစ်ဖက် ပဋိညာဉ်စာချုပ် ချုပ်ဆိုဆောင်ရွက်မည့် လုပ်ငန်းနှင့် သက်ဆိုင်သည့် ပဋိညာဉ်စာချုပ် မူကြမ်းကို ပူးတွဲတင်ပြရမည်။

၃၃။ ကော်မရှင်က ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားသည်ဟု သတ်မှတ်သည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်ရန် သတ်မှတ်ထားသောလုပ်ငန်းများအတွက် အဆိုပြုချက် တင်သွင်းရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းများ ပူးတွဲတင်ပြရမည်။

၃၄။ အဆိုပြုချက် တင်သွင်းရာတွင် သဘာဝအရင်းအမြစ်ကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေနှင့် အကျုံးဝင်သည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါက ကော်မရှင်ရုံးသို့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှတစ်ဆင့် တင်သွင်းရမည်။

၃၅။ နည်းဥပဒေ ၃၄ ပါ အခြေအနေနှင့် သက်ဆိုင်ခြင်းမရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အဆိုပြုချက်ကို ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူက ကော်မရှင်ရုံးသို့ တိုက်ရိုက်တင်သွင်းနိုင်သည်။

၃၆။ နည်းဥပဒေ ၃၅ အရ တင်သွင်းသော အဆိုပြုချက်ကို ရရှိသည့်အခါ ကော်မရှင်ရုံးသည် သတ်မှတ်သည့် အချက်အလက်များ ပြည့်စုံမှုရှိ၊ မရှိ စိစစ်၍ ပြည့်စုံပါက အဆိုပြုချက်ကို လက်ခံရမည်။ ပြည့်စုံမှုမရှိပါက လိုအပ်ချက်များကို ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူအား ရှင်းလင်းပြောကြားကာ ပြန်လည်ပြင်ဆင်ဖြည့်စွက် တင်သွင်းစေရမည်။

၃၇။ ပြည့်စုံသည့်အဆိုပြုချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် စိစစ်နိုင်ရေးအတွက် ကော်မရှင်သည် အောက်ပါဌာနများမှ အကြီးတန်းအရာရှိများပါဝင်သည့် အဆိုပြုချက် စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး စိစစ်စေရမည် -

(က) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊

(ခ) အကောက်ခွန်ဦးစီးဌာန၊

(ဂ) ပြည်တွင်းအခွန်များဦးစီးဌာန၊

(ဃ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊

(င) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှသက်ဆိုင်ရာဌာန၊

(စ) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊

(ဆ) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊

(ဇ) ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊

(ဈ) စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊

(ည) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။

၃၈။ နည်းဥပဒေ ၃၇ အရ ပဏာမစိစစ်ရာတွင် လိုအပ်ပါက လုပ်ငန်းသဘာဝအရ သက်ဆိုင်သည့်အစိုးရဌာနများ၊ အဖွဲ့အစည်းများမှ ဘာသာရပ်ကျွမ်းကျင်သူများကို ဖိတ်ကြား တက်ရောက်စေရမည်။

၃၉။ ညွှန်ကြားရေးမှူးချုပ်သည် အဆိုပြုချက် စိစစ်ရေးအဖွဲ့၏အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူရမည်။

၄၀။ အဆိုပြုချက် စိစစ်ရေးအဖွဲ့သည် ခုနစ်ရက်လျှင်တစ်ကြိမ် အစည်းအဝေးကျင်းပ၍ အစည်းအဝေး မကျင်းပမီကာလအတွင်း လက်ခံရရှိထားသည့် အဆိုပြုချက်များကို စိစစ်ပြီး လက်ခံသင့်သည့် အဆိုပြုချက်များကို နည်းဥပဒေများနှင့်အညီ ဆက်လက်

စာမျက်နှာ ၈ သို့

စာမျက်နှာ ၄ မှ

ဆောင်ရွက်ခွင့်ပြုရန် ကော်မရှင်သို့ တင်ပြရမည်။ ကော်မရှင်က ခွင့်ပြုလျှင် အဆိုပြုချက်ကို လက်ခံကြောင်းကိုသော်လည်းကောင်း၊ ငြင်းပယ်လျှင် မည်သည့်အကြောင်းကြောင့် ငြင်းပယ်ကြောင်းကိုသော်လည်းကောင်း ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူထံ စာဖြင့်ဖြစ်စေ၊ အခြားဆက်သွယ်ရေးနည်းစနစ် တစ်ခုခုဖြင့်ဖြစ်စေ ပြန်ကြားရမည်။

၄၁။ အဆိုပြုချက်စိစစ်ရေးအဖွဲ့သည် အစည်းအဝေးကျင်းပသည့်အခါ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ ကိုယ်တိုင်ကိုဖြစ်စေ၊ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက တာဝန်လွှဲအပ်သူကိုဖြစ်စေ တက်ရောက်စေရမည်။

အခန်း (၆)

အဆိုပြုချက်အပေါ် ဆက်လက်ဆောင်ရွက်ခြင်း

၄၂။ အဆိုပြုချက်ကို ကော်မရှင်က လက်ခံလျှင် ကော်မရှင်ရုံးသည် လုပ်ငန်းဆောင်ရွက်မည့် ဒေသအပေါ်မူတည်ကာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ အဆိုပြုချက်ပါ ရင်းနှီးမြှုပ်နှံမှုကို လက်ခံ ခွင့်ပြုနိုင်ခြင်းရှိ မရှိကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုမရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးဆောင်ရွက်မည့် အစီအမံများအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကိုလည်းကောင်း စိစစ်ပြန်ကြားပေးရန် သဘောထားတောင်းခံရမည်။

၄၃။ ကော်မရှင်ရုံး၏ သဘောထားတောင်းခံချက်ရရှိသည့်အခါ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လိုအပ်သည့် စိစစ်မှုများ ဆောင်ရွက်၍ အဆိုပြုသည့် ရင်းနှီးမြှုပ်နှံမှုကို လက်ခံခွင့်ပြုနိုင်ခြင်းရှိ မရှိ သဘောထားမှတ်ချက်ကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်တိုင် သို့မဟုတ် ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သူက လက်မှတ်ရေးထိုးကာ သဘောထားတောင်းခံစာ လက်ခံရရှိသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း အမြန်ဆုံး ပြန်ကြားနိုင်မည့် ဆက်သွယ်ရေးနည်းလမ်းတစ်ခုခုဖြင့် ကော်မရှင်သို့ ပြန်ကြားရမည်။

၄၄။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုမရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ဆောင်ရွက်မည့် အစီအမံများအပေါ် စိစစ်ချက်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သဘောထားတောင်းခံစာ လက်ခံရရှိသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း သဘောထားမှတ်ချက်ကို ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးမှ တာဝန်ပေးအပ်သူက လက်မှတ်ရေးထိုးကာ အမြန်ဆုံး ပြန်ကြားနိုင်မည့် ဆက်သွယ်ရေးနည်းလမ်းတစ်ခုခုဖြင့် ကော်မရှင်သို့ ပြန်ကြားရမည်။

၄၅။ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းသဘာဝအရသော်လည်းကောင်း၊ လိုအပ်ချက်အရသော်လည်းကောင်း ကော်မရှင်က သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ သဘောထားမှတ်ချက် သို့မဟုတ် အကြံပြုချက် တောင်းခံသည့်အခါ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသည် စာလက်ခံရရှိသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကော်မရှင်သို့ ပြန်ကြားရမည်။ ဤသို့ ပြန်ကြားနိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးတွင် အနိမ့်ဆုံးအဆင့် ညွှန်ကြားရေးမှူး သို့မဟုတ် ညွှန်ကြားရေးမှူးနှင့်အဆင့်တူ အရာထမ်းတစ်ဦး ခေါင်းဆောင်သည့် ရင်းနှီးမြှုပ်နှံမှု စိစစ်ပြန်ကြားရေးအဖွဲ့ကို ဖွဲ့စည်းထားရှိရမည်။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ မိမိဌာန၏ မူဝါဒများကို ယင်းအဖွဲ့အား ချမှတ်ပေးထားရမည်။ ယင်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ထားမှု အခြေအနေကို ကော်မရှင်သို့ ပေးပို့ထားရမည့်ပြင် အဖွဲ့ဝင်ပြောင်းလဲမှုရှိတိုင်း ကော်မရှင်သို့အသိပေးအကြောင်းကြားရမည်။ ယင်းအဖွဲ့သည် ကော်မရှင်ကဖြစ်စေ၊ ကော်မရှင်ရုံးကဖြစ်စေ ကျင်းပသည့် အစည်းအဝေးများသို့ တက်ရောက်ရန် အခါအားလျော်စွာ ဖိတ်ကြားသည့်အခါ သက်ဆိုင်ရာ ဝန်ကြီးဌာနကို ကိုယ်စားပြု၍ တက်ရောက်ရမည်။

၄၆။ ကော်မရှင်ရုံးသည် သက်ဆိုင်ရာ သဘောထားမှတ်ချက်နှင့် စိစစ်ချက်များရရှိသည့်အခါ အနီးဆုံးကျင်းပမည့် ကော်မရှင် အစည်းအဝေးသို့ အဆိုပြုချက်ကို တင်ပြရမည်။

အခန်း (၇)

အဆိုပြုချက်ကို စိစစ်ခြင်း

၄၇။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အဆိုပြုချက်သည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း ၄ ပါ အခြေခံမူများနှင့် ကိုက်ညီမှုရှိ မရှိ စိစစ်ခြင်း၊

(ခ) ငွေကြေးယုံကြည်စိတ်ချရမှုအတွက် အောက်ပါအချက်များကို တောင်းယူ၍စိစစ်ခြင်း -

(၁) ဘဏ်ငွေစာရင်းရှင်းတမ်း၊

(၂) ကုမ္ပဏီ၏ နောက်ဆုံးစာရင်းစစ် အစီရင်ခံစာ၊

(၃) ကုမ္ပဏီ၏ လုပ်ငန်းအခြေအနေ အစီရင်ခံစာ။

(ဂ) လုပ်ငန်း၏ စီးပွားရေးတွက်ခြေကိုက်မှုကို အောက်ပါအချက်များအား အခြေခံကာ စိစစ်ခြင်း -

(၁) နှစ်စဉ်ရရှိမည့် ခန့်မှန်းခြေ အသားတင်အမြတ်ငွေ၊

(၂) နှစ်စဉ်ရရှိမည့် ခန့်မှန်းခြေ နိုင်ငံခြားသုံးငွေနှင့် နှစ်စဉ်သုံးစွဲမည့် ခန့်မှန်းခြေ နိုင်ငံခြားသုံးငွေ၊

(၃) အရင်းကျေကာလ၊

(၄) အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာမည့် အခြေအနေ၊

(၅) အမျိုးသားဝင်ငွေ တိုးတက်ရရှိနိုင်မည့် အခြေအနေ၊

(၆) ပြည်တွင်းနှင့်ပြည်ပ ဈေးကွက်အခြေအနေ၊

(၇) ပြည်တွင်းစားသုံးရန် လိုအပ်ချက် အခြေအနေ။

(ဃ) စက်မှုနည်းပညာ ဆီလျော်မှုရှိ မရှိ ကျွမ်းကျင်သူများအား တာဝန်ပေးစိစစ်စေခြင်း၊

(င) ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ထိန်းသိမ်းကာကွယ်ရေးဆောင်ရွက်မည့် အစီအမံများအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သဘောထားရယူ စိစစ်ခြင်း၊

(စ) နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် တာဝန်ယူမှုရှိသော၊ လူမှုစီးပွား အကျိုးသက်ရောက်မှုကို အလေးအနက်ထားသော ရင်းနှီးမြှုပ်နှံမှုဟုတ် မဟုတ် စိစစ်ခြင်း၊

(ဆ) အဆိုပြုချက်သည် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းရှိ မရှိ စိစစ်ခြင်း။

အခန်း (၈)

ခွင့်ပြုမိန့်ထုတ်ပေးခြင်း

၄၈။ ကော်မရှင်သည် အဆိုပြုချက်ကို စိစစ်ပြီးနောက် သဘောတူလက်ခံလျှင် ယင်းအဆိုပြုချက်လက်ခံသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း **ခွင့်ပြုမိန့်ပုံစံ(၂)**ကို ထုတ်ပေးရမည်။ ခွင့်ပြုမိန့် မိတ္တူကို လုပ်ငန်းဆက်စပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနများသို့လည်း ပေးပို့ရမည်။

အခန်း (၉)

ခွင့်ပြုမိန့် ရရှိပြီးနောက် ဆက်လက်ဆောင်ရွက်ခြင်း

၄၉။ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ရရှိပြီးသည့်အခါ သတ်မှတ်သည့် တည်ဆောက်မှုကာလ သို့မဟုတ် ကာလကို ထပ်မံတိုးမြှင့်ခွင့် ရရှိပါက ယင်းသို့ တိုးမြှင့်ရရှိသည့်ကာလအတွင်း တည်ဆောက်မှုလုပ်ငန်းများကို ပြီးစီးစေရန် ဆောင်ရွက်ရမည်။ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးသည့်အခါ လုပ်ငန်းပြီးစီးကြောင်း လုပ်ငန်းပြီးစီးသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကော်မရှင်သို့ တင်ပြရမည်။

၅၀။ ရင်းနှီးမြှုပ်နှံသူသည် တည်ဆောက်မှုကာလ ပြီးဆုံးသည်နှင့် ကုန်ထုတ်လုပ်မှု သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ရမည်။

၅၁။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း မိမိလုပ်ငန်း၏ **လုပ်ငန်းအစီရင်ခံစာ ပုံစံ(၃)** ကို သုံးလလျှင် တစ်ကြိမ် စာဖြင့်ဖြစ်စေ၊ အခြားဆက်သွယ်ရေးနည်းစနစ် တစ်ခုခုဖြင့်ဖြစ်စေ ကော်မရှင်သို့ မပျက်မကွက် ပေးပို့တင်ပြရမည်။

၅၂။ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း နည်းဥပဒေ ၁၂၁ ပါ အခြေအနေ တစ်ရပ်ရပ် ကြုံတွေ့လျှင် စတင်တွေ့ရှိချိန်မှ ၂၄ နာရီအတွင်း အမြန်ဆုံးဆက်သွယ်ဆောင်ရွက်နိုင်မည့် နည်းလမ်းတစ်ခုခုဖြင့် ကော်မရှင်သို့ သတင်းပေးပို့ အစီရင်ခံရမည်။

၅၃။ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏လုပ်ငန်းသည် လုပ်ငန်းသဘာဝအရ ဖြစ်စေ၊ အခြားလိုအပ်ချက်အရဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင် ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၅၄။ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် -

(က) မိမိလုပ်ငန်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(ခ) မိမိ၏လုပ်ငန်းအား နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု ဖြစ်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) မိမိ၏လုပ်ငန်းအား တာဝန်ရှိသူများက အခါအားလျော်စွာဖြစ်စေ၊ လိုအပ်ချက်အရဖြစ်စေ စစ်ဆေးခြင်းကို လက်ခံ၍ ပူးပေါင်းဆောင်ရွက်ရမည်။

(ဃ) မိမိလုပ်ငန်း၏ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတည်ဆောက်ခြင်းနှင့် အခြားလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းမှန်ကန်ရေးအတွက်လည်းကောင်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့် သဟဇာတဖြစ်စေရေးအတွက်လည်းကောင်း အလေးအနက်ထား ဆောင်ရွက်ရမည်။

(င) မိမိ၏လုပ်ငန်းတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အစီအစဉ်များကိုလည်းကောင်း ဆောင်ရွက်ထားရှိရမည်။

(စ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများ၊ အဆိပ်အတောက်ဖြစ်စေသော ကုန်ပစ္စည်းများနှင့် အခြားအလားတူ ကုန်ပစ္စည်းများသယ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် အသုံးပြုခြင်းတို့ စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဆ) မိမိထုတ်ကုန်များသည်အရည်အသွေးအရဖြစ်စေ၊ စံချိန်စံညွှန်းအရဖြစ်စေ စားသုံးသူများ ထိခိုက်နစ်နာမှုမရှိအောင် ဆောင်ရွက်ရမည်။

၅၅။ ဓာတ်သတ္တုရှာဖွေခြင်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်းသည် စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း လုပ်ငန်းတစ်ရပ်ရပ်နှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိစေရ၊ ရင်းနှီးမြှုပ်နှံသူသည် ဓာတ်သတ္တုရှာဖွေခြင်းလုပ်ငန်းပြီးဆုံးပြီးသည့်အခါ စမ်းသပ် တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန်ခွင့်ပြုမိန့်ရရှိရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနမှတစ်ဆင့် ကော်မရှင်သို့ ထပ်မံတင်ပြရမည်။

အခန်း (၁၀)

တည်ဆောက်မှုကာလ သတ်မှတ်ခြင်း

၅၆။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်ကထုတ်ပေးသည့် ခွင့်ပြုမိန့်ရရှိပြီးသည့်အခါ ခွင့်ပြုမိန့်ထုတ်ပေးသည့် နေ့ရက်မှစ၍ သတ်မှတ်ထားသည့် တည်ဆောက်မှုကာလအတွင်း မိမိ၏ တည်ဆောက်ရေးလုပ်ငန်းများကို ပြီးပြတ်စေရန် ဆောင်ရွက်ရမည်။

၅၇။ ရင်းနှီးမြှုပ်နှံသူသည် သတ်မှတ်ထားသည့် တည်ဆောက်မှုကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးပြတ်ခြင်းမရှိပါက နှောင့်နှေးကြန့်ကြာရသည့်အကြောင်းရင်းကိုဖော်ပြ၍ တည်ဆောက်မှုကာလ တိုးမြှင့်ပေးရန် မူလသတ်မှတ်ထားသည့် တည်ဆောက်မှုကာလမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ ကော်မရှင်သို့ လျှောက်ထားရမည်။

၅၈။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက တည်ဆောက်မှုကာလ တိုးမြှင့်ပေးရန် တင်ပြလျှင် လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်၍ တည်ဆောက်မှုကာလ တိုးမြှင့်ပေးသင့်ကြောင်း ခိုင်လုံသည့်အခြေအနေရှိပါက မူလခွင့်ပြုခဲ့သည့် တည်ဆောက်မှုကာလ၏ ၅၀ ရာခိုင်နှုန်းထက် မပိုသော ကာလအထိ တိုးမြှင့်ပေးနိုင်သည်။

၅၉။ သဘာဝဘေးဒဏ် ကျရောက်ခြင်း၊ မငြိမ်သက်မှုဖြစ်ပွားခြင်း၊ အဓိကရုဏ်းဖြစ်ပေါ်ခြင်း၊ ဆန္ဒပြမှုပေါ်ပေါက်ခြင်း၊ နိုင်ငံတော်အရေးပေါ်အခြေအနေဖြစ်ပွားခြင်း၊ လက်နက်ကိုင်ဆန့်ကျင်မှု ဖြစ်ပေါ်ခြင်း၊ ဆူပူသောင်းကျန်းမှုပေါ်ပေါက်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်း စသည့် မလွန်ဆန်နိုင်သော အကြောင်းကိစ္စများ ဖြစ်ပေါ်ခြင်းကြောင့်မှတစ်ပါး တည်ဆောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်းကို တစ်ကြိမ်ထက်ပိုမို၍ ခွင့်မပြုရ။

၆၀။ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုလုပ်ငန်းများတွင် လေ့လာတိုင်းတာ စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်းနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်းရှိသည့်အဆင့်သို့ ရောက်ရှိစေရန် ဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ချုပ်ဆိုထားသည့် စာချုပ်ပါ စည်းကမ်းအတိုင်း တည်ဆောက်မှုကာလသတ်မှတ်ရမည်။

၆၁။ မူလခွင့်ပြုသည့် တည်ဆောက်မှုကာလ သို့မဟုတ် ထပ်မံတိုးမြှင့်သည့် တည်ဆောက်မှုကာလအတွင်း တည်ဆောက်မှုလုပ်ငန်းပြီးပြတ်ခြင်း မရှိလျှင် ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းရမည်။ ယင်းသို့ ပြန်လည်ရုပ်သိမ်းခြင်းကြောင့် နစ်နာကြေးဖြစ်စေ၊ လျော်ကြေးဖြစ်စေ၊ အခြားငွေကြေး တစ်ရပ်ရပ်ဖြစ်စေ ရင်းနှီးမြှုပ်နှံသူအား ပြန်လည်ထုတ်ပေးခြင်းပြုရန်မလို။

အခန်း (၁၁)

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်း၊ လုပ်ငန်းလွှဲပြောင်းခြင်း

၆၂။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော မြေနှင့် အဆောက်အအုံများကို ခွင့်ပြုသက်တမ်းကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားပြောင်းလဲခြင်းမရှိဘဲ မြေအသုံးပြုခွင့်ရသူ သို့မဟုတ် မြေငှားရမ်းခွင့်ရှိသူ၏ သဘောတူညီချက်ဖြင့် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့် ငှားရမ်းခြင်းပြုလိုပါက **ငှားရမ်းခြင်း ပုံစံ(၄)** ဖြင့်လည်းကောင်း၊ ပေါင်နှံခြင်းပြုလိုပါက **ပေါင်နှံခြင်းပုံစံ(၅)** ဖြင့် လည်းကောင်း ကော်မရှင်ရုံးသို့တင်ပြလျှောက်ထားပြီး ခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်ရမည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက် ပူးတွဲတင်ပြရမည်။

၆၃။ နည်းဥပဒေ ၆၂ အရ သတ်မှတ်ပုံစံဖြင့် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ ကော်မရှင်ရုံးသည် အောက်ပါအချက်များကို စိစစ်ရမည် -

(က) ငှားရမ်းခြင်း သို့မဟုတ် ပေါင်နှံခြင်း ဆောင်ရွက်လိုသည့် အကြောင်းရင်း မှန်ကန်မှု ရှိ မရှိ၊

(ခ) ငှားရမ်းခြင်း သို့မဟုတ် ပေါင်နှံခြင်းကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိခိုက်နိုင်ခြင်းရှိ မရှိ၊

(ဂ) ငှားရမ်းခြင်း သို့မဟုတ် ပေါင်နှံခြင်းကို လက်ခံဆောင်ရွက်မည့်သူသည် လုပ်ငန်းအား အောင်မြင်စွာ ဆက်လက်လုပ်ဆောင်သွားနိုင်မည့် အခြေအနေ ရှိ မရှိ။

၆၄။ ကော်မရှင်ရုံးသည် စိစစ်တွေ့ရှိချက်အရ ငှားရမ်းခြင်း သို့မဟုတ် ပေါင်နှံခြင်းကို ခွင့်ပြုသင့်သည်ဟု ယူဆပါက အနီးကပ်ဆုံးကျင်းပသည့် ကော်မရှင်အစည်းအဝေးသို့တင်ပြ၍ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၆၅။ အစုရှယ်ယာအားလုံးကို နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံသားတစ်ဦးဦးသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချလိုပါက **လွှဲပြောင်းရောင်းချခြင်းပုံစံ(၆)**ပါအတိုင်း ဖြည့်စွက်၍ ကော်မရှင်ရုံးသို့ လျှောက်ထားရမည်။ ဤသို့လျှောက်ထားရာတွင် အစုရှယ်ယာလွှဲပြောင်း ရောင်းချသူသည် အစုရှယ်ယာရောင်းချခြင်းအတွက် အခွန်ဆိုင်ရာ စိစစ်ဆောင်ရွက်မှုခံယူပြီးကြောင်း သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံး၏ ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွင် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက် ပူးတွဲတင်ပြရမည်။

၆၆။ နည်းဥပဒေ ၆၅ အရ သတ်မှတ်ပုံစံဖြင့် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ ကော်မရှင်ရုံးသည် အောက်ပါအချက်များကို စိစစ်ရမည်-

(က) အစုရှယ်ယာအားလုံးကို လွှဲပြောင်းရောင်းချလိုသည့် အကြောင်းရင်း မှန်ကန်မှု ရှိ မရှိ၊

(ခ) အစုရှယ်ယာအားလုံးကို လွှဲပြောင်းရောင်းချခြင်းကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိခိုက်နိုင်ခြင်း ရှိ မရှိ၊

(ဂ) အစုရှယ်ယာအားလုံးကို လွှဲပြောင်းရောင်းချခြင်းကို လက်ခံဆောင်ရွက်မည့်သူသည် လုပ်ငန်းအား အောင်မြင်စွာ ဆက်လက် လုပ်ဆောင်သွားနိုင်မည့် အခြေအနေ ရှိ မရှိ။

၆၇။ ကော်မရှင်ရုံးသည် စိစစ်တွေ့ရှိချက်အရ အစုရှယ်ယာအားလုံး လွှဲပြောင်းရောင်းချခြင်းကို ခွင့်ပြုသင့်သည်ဟု ယူဆပါက အနီးကပ်ဆုံး ကျင်းပမည့် ကော်မရှင်အစည်းအဝေးသို့ တင်ပြ၍ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၆၈။ ခွင့်ပြုချက်ရရှိပြီး အစုရှယ်ယာအားလုံး လွှဲပြောင်းရောင်းချသူသည် မိမိလက်ဝယ်ရှိ ကော်မရှင်၏ ခွင့်ပြုမိန့်ကို ကော်မရှင်ရုံးသို့ ပြန်လည်အပ်နှံရမည်။

၆၉။ အစုရှယ်ယာအားလုံးကို လက်ခံဝယ်ယူသူသည် နိုင်ငံခြားသားဖြစ်ပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် တည်ဆဲကုမ္ပဏီဥပဒေနှင့်အညီ နိုင်ငံခြားကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့် လျှောက်ထားနိုင်သည် သို့မဟုတ် အစုရှယ်ယာရောင်းချသူက သဘောတူညီလျှင် လက်ရှိကုမ္ပဏီ၏အမည်ကို ဆက်လက်အသုံးပြုနိုင်သည်။

၇၀။ အစုရှယ်ယာအားလုံးကို လက်ခံဝယ်ယူသူသည် နိုင်ငံသားဖြစ်ပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ကော်မရှင်သို့ ခွင့်ပြုမိန့် လျှောက်ထားရမည်။ ကော်မရှင်၏ ခွင့်ပြုမိန့်ရရှိသည့်အခါ တည်ဆဲကုမ္ပဏီဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မြန်မာနိုင်ငံသားကုမ္ပဏီအဖြစ် မှတ်ပုံတင်ရမည်။

၇၁။ ခွင့်ပြုမိန့်အသစ်ထုတ်ပေးရာတွင် မူလရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း ၁၂ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊ ပုဒ်မ ၂၇ အရ ခွင့်ပြုထားသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားရန် ကျန်ရှိနေပါက ယင်းကျန်ရှိသည့်ကာလအတွက် ဝယ်ယူသူက ဆက်လက်ခံစားခွင့်ရှိသည်။ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ခံစားနိုင်သည့် ကာလကျော်လွန်ပြီး ဖြစ်ပါက ခွင့်ပြုမိန့်အသစ် ထုတ်ပေးခြင်းကြောင့် အဆိုပါ အခွင့်အရေးများအား ထပ်မံခံစားခွင့် မရှိစေရ။

၇၂။ အစုရှယ်ယာအချို့ကို နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံသားတစ်ဦးဦးသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချလိုပါက **လွှဲပြောင်းရောင်းချခြင်းပုံစံ (၇)** ပါအတိုင်း ဖြည့်စွက်၍ ကော်မရှင်သို့ လျှောက်ထားရမည်။

၇၃။ နည်းဥပဒေ ၇၂ အရ သတ်မှတ်ပုံစံဖြင့် လျှောက်ထားချက် လက်ခံရရှိသည့်အခါ ကော်မရှင်ရုံးသည် အောက်ပါအချက်များကို စိစစ်ရမည်-

(က) အစုရှယ်ယာအချို့ကို လွှဲပြောင်းရောင်းချလိုသည့် အကြောင်းရင်း မှန်ကန်မှုရှိ မရှိ၊

(ခ) အစုရှယ်ယာအချို့ကို လွှဲပြောင်းရောင်းချခြင်းကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိခိုက်နိုင်ခြင်းရှိ မရှိ၊

(ဂ) အစုရှယ်ယာအချို့ကို လွှဲပြောင်းရောင်းချခြင်းကို လက်ခံဆောင်ရွက်မည့်သူသည် လုပ်ငန်းအား အောင်မြင်စွာ ဆက်လက်လုပ်ဆောင်သွားနိုင်မည့် အခြေအနေ ရှိ မရှိ။

၇၄။ ကော်မရှင်ရုံးသည် စိစစ်တွေ့ရှိချက်အရ အစုရှယ်ယာအချို့ လွှဲပြောင်းရောင်းချခြင်းကို ခွင့်ပြုသင့်သည်ဟု ယူဆပါက အနီးကပ်ဆုံး ကျင်းပမည့် ကော်မရှင်အစည်းအဝေးသို့ တင်ပြ၍ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၇၅။ ခွင့်ပြုချက်ရရှိပါက အစုရှယ်ယာလွှဲပြောင်းမှုကို တည်ဆဲကုမ္ပဏီဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ ကော်မရှင်၏ ခွင့်ပြုမိန့်နှင့်အတူ ပူးတွဲလျှောက်ထား မှတ်ပုံတင်ရမည်။

၇၆။ နည်းဥပဒေ ၆၃၊ ၆၆ နှင့် ၇၃ ပါ စိစစ်ချက်များကို ဆောင်ရွက်ရာတွင် ကော်မရှင်ရုံးသည် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများပါဝင်သည့် စိစစ်ရေးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းခွင့်ရှိသည်။

အခန်း (၁၂)

အာမခံထားရှိခြင်း

၇၇။ ခွင့်ပြုမိန့်ရရှိထားသည့် စီးပွားရေးလုပ်ငန်းသည် အောက်ပါအာမခံ အမျိုးအစားများကို နိုင်ငံတော်အတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် အာမခံထားရှိရမည် -

(က) စက်ပစ္စည်းအာမခံ၊

(ခ) မီးအာမခံ၊

(ဂ) ရေကြောင်းအာမခံ၊

(ဃ) ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊

(င) သဘာဝဘေးအန္တရာယ်အာမခံ၊

(စ) အသက်အာမခံ။

၇၈။ နည်းဥပဒေ ၇၇ ပါ အာမခံအမျိုးအစားများ အပါအဝင် လုပ်ငန်းအမျိုးအစားအလိုက် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် အခြားအာမခံများကိုလည်း အာမခံထားရှိရမည်။

အခန်း (၁၃)

အမှုထမ်းများနှင့် အလုပ်သမားများ ခန့်ထားခြင်း

၇၉။ ရင်းနှီးမြှုပ်နှံသူသည် အဆိုပြုချက်တင်သွင်းသည့်အခါ ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများအတွက် ခန့်ထားမည့် ကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများ အရေအတွက်ကို လည်းကောင်း၊ ကျွမ်းကျင်မှုမလိုသည့် လုပ်သားအရေအတွက်ကို လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

၈၀။ လုပ်ငန်းကို စီးပွားဖြစ် စတင်လည်ပတ်ဆောင်ရွက်ချိန်တွင် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများအတွက် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း ၁၁ ပုဒ်မ ၂၄ နှင့်အညီ ခန့်ထားရမည်။

စာမျက်နှာ ဆ သို့

ဥပဒေ

စာမျက်နှာ ၈ မှ

ယင်းသို့ ခန့်ထားရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက် ထုတ်ပြန်သတ်မှတ်သည့် အနိမ့်ဆုံး လုပ်ခနှုန်းထားအောက် လျှော့နည်းခြင်း မရှိစေရ။

၈၁။ ရင်းနှီးမြှုပ်နှံသူသည် အမှုထမ်းများ၊ အလုပ်သမားများ ခန့်ထားရာတွင် တည်ဆဲအလုပ်သမားရေးရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၈၂။ ရင်းနှီးမြှုပ်နှံသူသည် မြန်မာနိုင်ငံသား အမှုထမ်းများ၊ အလုပ်သမားများအား ဖြစ်စေ၊ နိုင်ငံခြားသား အမှုထမ်းများ၊ အလုပ်သမားများအားဖြစ်စေ အလုပ်ခန့်အပ်ပါက ယင်းသို့ ခန့်အပ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ချုပ်ဆိုရမည်။

၈၃။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံသားဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာစေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်းတို့နှင့် စပ်လျဉ်း၍ နှစ်အလိုက်ဆောင်ရွက်မည့် အစီအစဉ်များကို နှစ်စဉ် ဇန်နဝါရီလ ၃၁ ရက်မတိုင်မီ ကော်မရှင်ရုံးသို့ ပေးပို့တင်ပြရမည်။

၈၄။ ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အလုပ်လုပ်ကိုင်သည့် နိုင်ငံခြားသား အမှုထမ်းများ၊ အလုပ်သမားများအတွက် အလုပ်လုပ်ခွင့် လက်မှတ်ကို ကော်မရှင်၏ ထောက်ခံချက်အရ နိုင်ငံခြားသား အလုပ်သမားဆိုင်ရာ ဥပဒေနှင့်အညီ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသို့ **အလုပ်လုပ်ကိုင်ခွင့်ပုံစံ(၈)**ဖြင့် လျှောက်ထားရမည်။ ပြည်တွင်းနေထိုင်ခွင့် လက်မှတ်ကို **ပြည်တွင်းနေထိုင်ခွင့်ပုံစံ(၉)** ဖြင့် ကော်မရှင်ရုံးသို့ လျှောက်ထားရမည်။

၈၅။ ကော်မရှင်ရုံးသည် နည်းဥပဒေ ၈၄ အရ လျှောက်ထားချက်ကို ရရှိသည့်အခါ ကော်မရှင်ရုံးတွင် ပူးတွဲဖွဲ့စည်းထားသည့် ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့တွင် ပါရှိသည့် သက်ဆိုင်ရာဌာန ကိုယ်စားလှယ်အား စိစစ်စေ၍ ခွင့်ပြုချက်ကို ထုတ်ပေးရမည်။

၈၆။ ရင်းနှီးမြှုပ်နှံသူသည် လူမှုဖူလုံရေးဥပဒေနှင့် သက်ဆိုင်သော လုပ်ငန်းဌာနများနှင့် ဆက်စပ်လုပ်ငန်းဌာနများတွင် မြန်မာကျပ်ငွေရယူ၍ဖြစ်စေ၊ နိုင်ငံခြားငွေရယူ၍ဖြစ်စေ အလုပ်လုပ်ကိုင်သူအားလုံးကို လူမှုဖူလုံရေးဥပဒေပါ ခံစားခွင့်များရရှိစေရေးအတွက် လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားရှိရမည်။

၈၇။ ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်းစတင်လုပ်ကိုင်ပြီး ၁၅ ရက်အတွင်း သက်ဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားရှိရန်နှင့် ယင်းသို့ အကျုံးဝင်မှတ်တမ်းထားရှိပြီးကြောင်း လူမှုဖူလုံရေးအဖွဲ့မှ ထုတ်ပေးသည့် အလုပ်ဌာနမှတ်ပုံတင်ကတ်ပြား မိတ္တူပူးတွဲလျက် ကော်မရှင်ရုံးသို့ တင်ပြရမည်။

၈၈။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်လုပ်ကိုင်နိုင်ရန် လူမှုဖူလုံရေးအဖွဲ့တွင် ထည့်ဝင်ကြေး ကြွေးကျန်မရှိကြောင်း သက်ဆိုင်ရာ လူမှုဖူလုံရေးရုံး၏ထောက်ခံချက်အား ခြောက်လတစ်ကြိမ် ကော်မရှင်ရုံးသို့ တင်ပြရမည်။

၈၉။ ရင်းနှီးမြှုပ်နှံသူသည် စာချုပ်သက်တမ်းကုန်ဆုံး၍ ရပိုင်ခွင့်များ ပြန်လည်မထုတ်ပေးမီ လူမှုဖူလုံရေးအဖွဲ့တွင် ကြွေးကျန်များ အားလုံးကင်းရှင်းကြောင်း သက်ဆိုင်ရာ လူမှုဖူလုံရေးအဖွဲ့၏ ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၉၀။ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင် အဖွဲ့အစည်းများနှင့်အလုပ်သမား သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုအား အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေအရ ဖြေရှင်းရမည်။

၉၁။ ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းနှင့် သက်ဆိုင်သည့် နိုင်ငံခြားသားများ ဝင်ရောက်နေထိုင်ခွင့်နှင့် စပ်လျဉ်း၍ တည်ဆဲလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားစာ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီလိုက်နာ ဆောင်ရွက်ရမည်။

အခန်း (၁၄)
ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ

၉၂။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း ၁၂၊ ပုဒ်မ ၂၇ (ခ) မှ (ဍ)ပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားခွင့်ရရှိရေးအတွက် မိမိခံစားလိုသည့် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ခံစားခွင့်ပြုရန် ကော်မရှင်သို့ **အခွန်အကောက်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပုံစံ(၁၀)** ဖြင့် တင်ပြလျှောက်ထားခွင့်ရှိသည်။

၉၃။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူက နည်းဥပဒေ ၉၂ အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ လျှောက်ထားလာလျှင် ကော်မရှင်သည် လိုအပ်သလို စိစစ်ခွင့်ပြုနိုင်သည်။ ယင်းသို့ စိစစ်ရာတွင် လိုအပ်သည့် အထောက်အထား၊ စာရွက်စာတမ်းများကို ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူထံမှဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှဖြစ်စေ၊ အခြားသက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းထံမှဖြစ်စေ တောင်းယူစိစစ်နိုင်သည်။

၉၄။ ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု စီးပွားဖြစ်စတင်လုပ်ကိုင်သော နေ့ရက်ကို အောက်ပါအတိုင်း သတ်မှတ်သည် -

(က) ပြည်ပသို့ တင်ပို့သည့် ကုန်ထုတ်လုပ်ငန်းအတွက် သင်္ဘောတင် စာရွက်စာတမ်း သို့မဟုတ် လေကြောင်းကုန်ပို့လွှာနှင့် အလားတူ နိုင်ငံတကာ ကုန်သွယ်မှုတွင် ကျင့်သုံးသည့် အထောက်အထား စာရွက်စာတမ်းများတွင် ဖော်ပြသည့် နေ့ရက်၊ ယင်းရက်သည် တည်ဆောက်မှုကာလ ကုန်ဆုံးသည့် နေ့ရက်မှ ရက်ပေါင်း ၁၈၀ ထက် မကျော်လွန်စေရ။

(ခ) ပြည်တွင်းရောင်းချသည့် ကုန်ထုတ်လုပ်ငန်းအတွက် ပထမဆုံး ဝင်ငွေစတင်ရရှိသည့် နေ့ရက်၊ ယင်းရက်သည် တည်ဆောက်မှုကာလ ကုန်ဆုံးသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ ထက် မကျော်လွန်စေရ။

(ဂ) ဝန်ဆောင်မှုလုပ်ငန်းများအတွက် လုပ်ငန်းစတင်ဖွင့်လှစ်သည့် နေ့ရက်၊ ယင်းရက်သည် တည်ဆောက်မှုကာလ ကုန်ဆုံးသည့် နေ့ရက်မှရက်ပေါင်း ၉၀ ထက် မကျော်လွန်စေရ။

၉၅။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် နည်းဥပဒေ ၉၄ နှင့်အညီ မိမိ၏ ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှု လုပ်ငန်းစီးပွားဖြစ် စတင်လုပ်ကိုင်သောနေ့ကို ကော်မရှင်သို့ စီးပွားဖြစ် စတင်လုပ်ကိုင်သော **အစီရင်ခံခြင်းပုံစံ(၁၁)** ဖြင့် တင်ပြလျှောက်ထားရမည်။

၉၆။ ကော်မရှင်သည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များကို ခံစားခွင့်ပြုရာတွင် ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏ တင်ပြလျှောက်ထားချက်အပေါ် အခြေခံ၍ စိစစ်ပြီး စီးပွားဖြစ် စတင်လုပ်ကိုင်သော နေ့ရက်ကို သတ်မှတ်ခွင့်ပြုနိုင်သည်။ ထိုသို့ ခံစားခွင့်ပြုသည့်အခါ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အမျိုးအစားနှင့် ခံစားခွင့်ကာလကို သတ်မှတ်ဖော်ပြရမည်။ ထိုသို့ ခွင့်ပြုခြင်းကို ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ အကြောင်းကြားရမည်။

အခန်း (၁၅)
မြေအသုံးပြုခွင့်

၉၇။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား ကော်မရှင်က ခွင့်ပြုသော စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန်အလို့ငှာ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူထံမှ အောက်ပါမြေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့် ငှားရမ်းရန် ခွင့်ပြုနိုင်သည် -

(က) အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင်မြေ၊

(ဂ) နိုင်ငံသားပိုင် ပုဂ္ဂလိကမြေ။

၉၈။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းနှင့်ဆက်နွှယ်လျက်ရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လိုသည့် ရင်းနှီးမြှုပ်နှံသူသည် မိမိငှားရမ်းလိုသည့်မြေကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့်အညီ ငှားရမ်းဆောင်ရွက်နိုင်သည်။

၉၉။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား အမှန်လိုအပ်သည့် မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့် ကာလကို စီးပွားရေး လုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏအပေါ် မူတည်၍ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူထံမှ ကနဦး နှစ် ၅၀ အထိ ငှားရမ်းခွင့်ပြုနိုင်သည်။

၁၀၀။ ကော်မရှင်သည် နည်းဥပဒေ ၉၉ အရ ရင်းနှီးမြှုပ်နှံသူအား မြေငှားရမ်းခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ရင်းနှီးမြှုပ်နှံသူက ဆက်လက်လုပ်ကိုင်လိုသည့်အခါ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူမှ သဘောတူညီချက်ရရှိလျှင် ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ သက်တမ်းတိုးခွင့်ကို ၁၀ နှစ်အထိ တစ်ဆက်တည်း နှစ်ကြိမ် တိုးမြှင့်ရန် ခွင့်ပြုနိုင်သည်။

၁၀၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ လျှောက်ထားရမည်။ ဤသို့ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံသူအား မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ငှားရမ်းခွင့်ကာလ သို့မဟုတ် အသုံးပြုခွင့်ကာလကို အဆိုပါ ဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေး လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံမှု ပမာဏအပေါ်မူတည်၍ ကနဦး နှစ် ၃၀အထိ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်လိုသောလုပ်ငန်းအတွက် လုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏအပေါ်မူတည်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ ထပ်မံခွင့်ပြုနိုင်သည်။

၁၀၂။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံသားများ လုပ်ကိုင်ခွင့်ရရှိထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို နည်းပညာနှင့်အရင်းအနှီး သင့်လျော်ရာအချိုးဖြင့် နိုင်ငံသားနှင့်ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၁၀၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိသူသည် ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိထားသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအတွက် အာမခံကြေးငွေကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေများပါအတိုင်း ပေးသွင်းရမည်။

၁၀၄။ မြေငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသူသည် ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ခွင့်ရှိသည်။

၁၀၅။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံသားများ လုပ်ကိုင်ခွင့်ရရှိထားသည့် လယ်ယာမြေများတွင် လယ်ယာသီးနှံ စိုက်ပျိုးထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် သီးနှံရာသီအလိုက် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ကန်ထရိုက်လယ်ယာစနစ်ကို နိုင်ငံသား ရင်းနှီးမြှုပ်နှံသူနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ရှိသည်။

၁၀၆။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံသားများ လုပ်ကိုင်ခွင့် ရရှိထားသော မြေယာများတွင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေး လုပ်ငန်းများကို နည်းပညာနှင့် အရင်းအနှီးသင့်လျော်ရာ အချိုးဖြင့် နိုင်ငံသားနှင့် ဖက်စပ်စနစ် ဆောင်ရွက်ခွင့်ရှိသည်။

၁၀၇။ ကော်မရှင်သည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် စီးပွားရေးဖွံ့ဖြိုးမှု နည်းပါးပြီး ဆက်သွယ်သွားလာရေးခက်ခဲသောဒေသများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် နည်းဥပဒေ ၉၉ နှင့် ၁၀၀ တို့ပါ မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့်ကာလထက် အများဆုံး ၁၀ နှစ်ထိ ပိုမို၍ ခံစားခွင့်ရရှိစေရန် ခွင့်ပြုနိုင်သည်။

၁၀၈။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် စီးပွားရေးလုပ်ငန်းတစ်ခုခု ဆောင်ရွက်ရန် အလို့ငှာ အသုံးပြုလိုသည့် မြေနှင့် စပ်လျဉ်း၍ မြေငှားရမ်းခွင့် ရရှိရေးအတွက် **မြေငှားရမ်း ပုံစံ(၁၂)** တွင် ဖြည့်သွင်းကာ ယင်းမြေကို မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူထံမှ ငှားရမ်းရန် သဘောတူကြောင်း အထောက်အထားများကို ပူးတွဲလျက် ကော်မရှင်သို့ လျှောက်ထားရမည်။

၁၀၉။ နည်းဥပဒေ ၁၀၈ အရ လျှောက်ထားလာပါက ကော်မရှင်သည် လျှောက်ထားသူ အသုံးပြုလိုသည့် မြေနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မည့် ဒေသအပေါ်မူတည်ကာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံမှ သဘောတူခွင့်ပြုနိုင်ခြင်း ရှိ မရှိ သဘောထား ရယူရမည်။

၁၁၀။ အသုံးပြုလိုသည့် မြေသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ပိုင်ဆိုင်သော သို့မဟုတ် စီမံခန့်ခွဲသော မြေဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ငှားရမ်းရန် သဘောတူညီကြောင်း ကော်မရှင်သို့ လိပ်မူပေးပို့သည့်စာ တစ်ပါတည်း ပါရှိရမည်။

၁၁၁။ ကော်မရှင်၏ ခွင့်ပြုချက်ရရှိပြီးနောက် မြေငှားရမ်းခြင်းကိစ္စများ ဆောင်ရွက်ရာတွင် မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူနှင့် ရင်းနှီးမြှုပ်နှံသူတို့သည် မြေငှားစာချုပ်ချုပ်ဆိုကာ ယင်းစာချုပ်ကို ကော်မရှင်သို့ ပေးပို့ရမည်။

၁၁၂။ ကော်မရှင်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် မြေငှားရမ်းခနှုန်းထားများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက အတည်ပြုထားသည့် မြေငှားရမ်းခအတိုင်း ခွင့်ပြုနိုင်ပြီး လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြဆောင်ရွက်နိုင်သည်။

၁၁၃။ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူ နိုင်ငံသားထံမှ ရင်းနှီးမြှုပ်နှံသူက ငှားရမ်းသည့် မြေငှားရမ်းခနှုန်းထားနှင့် ငှားရမ်းကာလအလိုက် ကာလပေါက်ဈေးနှင့်အညီ နှစ်အလိုက် စာချုပ်ချုပ်ဆိုခြင်းများကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းသတ်မှတ်ရန်ဖြစ်ပြီး သဘောတူညီသည့် မြေငှားရမ်းခနှုန်းထားကို ကော်မရှင်သို့ တင်ပြရမည်။

၁၁၄။ မြေငှားရမ်းခ နှုန်းထားသတ်မှတ်ရာတွင် ငှားရမ်းမည့် ကာလအတွက် စတင်ငှားရမ်းမည့် နေ့ရက်မှစ၍ ၃၆၅ ရက်အတွက် တစ်ကြိမ်ပေးချေရမည့်နှုန်းထားကို အခြေခံတွက်ချက် ငှားရမ်းရမည်။

၁၁၅။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် မြေများကို ငှားရမ်းရာတွင် မြေအသုံးပြုမှု ပရီမီယံကြေးကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ရင်းနှီးမြှုပ်နှံသူထံမှ တောင်းခံနိုင်သည်။

၁၁၆။ ကော်မရှင်သည် မြေငှားရမ်းမှုနှင့် စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ မြေငှားရမ်းမှုနှင့် ခွင့်ပြုသည့် လုပ်ငန်းကို ရပ်ဆိုင်းနိုင်သည်-

(က) ရင်းနှီးမြှုပ်နှံသူက မြေငှားရမ်းခများကို စာချုပ်ပါ ကတိကဝတ်အတိုင်း ပေးချေရန် ပျက်ကွက်ကြောင်းကိုဖြစ်စေ၊ စာချုပ်ပါ အခြားကတိကဝတ်များ လိုက်နာရန် ပျက်ကွက်ကြောင်းကိုဖြစ်စေ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူက ကော်မရှင်သို့ တင်ပြခြင်းအပေါ် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုပြု၍ တိုင်ကြားချက် မှန်ကန်ကြောင်း တွေ့ရှိခြင်း၊

(ခ) ငှားရမ်းထားသည့် မြေပေါ်တွင် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ရင်းနှီးမြှုပ်နှံသူက ချိုးဖောက်ကြောင်း ကော်မရှင်သို့ တိုင်ကြားခြင်းအပေါ် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုပြု၍ တိုင်ကြားချက် မှန်ကန်ကြောင်း တွေ့ရှိခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံသူအား အမည်ပျက်စာရင်းကြေညာခြင်း သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ခြင်းကြောင့် ဥပဒေနှင့်အညီ တရားစီရင်ခြင်းခံရပြီး ၎င်းရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းကို ပိတ်သိမ်းရန် တရားရုံး သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်က ဆုံးဖြတ်ခြင်း။

၁၁၇။ ရင်းနှီးမြှုပ်နှံသူသည်-

(က) တွက်ခြေမကိုက်၍ဖြစ်စေ၊ အရှုံးပေါ်၍ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းကို ရပ်ဆိုင်းလိုလျှင် ကော်မရှင်သို့ အနည်းဆုံး ခြောက်လကြိုတင် တင်ပြရမည်။

(ခ) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း သို့မဟုတ် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကိုဖြစ်စေ၊ ရတနာသိုက်ကိုဖြစ်စေ တွေ့ရှိပါက ယင်းသို့ တွေ့ရှိသည့်အချိန်မှ ၂၄ နာရီအတွင်း ကော်မရှင်သို့ သတင်းပေးပို့ တင်ပြရမည်။

(ဂ) မိမိနှင့် မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူတို့ ချုပ်ဆိုထားသည့် စာချုပ်ပါ ကတိကဝတ်များနှင့်အညီလိုက်နာဆောင်ရွက်၍ ငှားရမ်းမှုပြီးဆုံးသည့်အခါ ငှားရမ်းထားသည့် မြေအား မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူထံသို့ နှစ်ဦးနှစ်ဖက် စာရင်းရှင်းလင်းပြီးသည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ပြန်လည် လွှဲပြောင်းပေးအပ်ရမည်။

(ဃ) နည်းဥပဒေ ၁၁၆ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်စေ ငှားရမ်းစာချုပ် ကာလမပြည့်မီ လုပ်ငန်းရပ်ဆိုင်းရပါက မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူ နစ်နာမှုမရှိစေရေးအတွက် မူလ ငှားရမ်းစာချုပ်ပါ သတ်မှတ်ချက်များအတိုင်း ငှားရမ်းခများကို ပေးချေရမည်။

၁၁၈။ သက်ဆိုင်သည့် မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူသည် မိမိငှားရမ်းထားသည့်မြေ ပြန်လည်လက်ခံရရှိပြီးကြောင်းကို ယင်းမြေ ပြန်လည်လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ကော်မရှင်သို့ အသိပေးတင်ပြရမည်။

၁၁၉။ ရင်းနှီးမြှုပ်နှံသူကငှားရမ်းအသုံးပြုလျက်ရှိသည့်မြေပေါ်တွင် မူလရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်ပါ စီးပွားရေးလုပ်ငန်းနှင့် မသက်ဆိုင်သော လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့် မရှိစေရ။

၁၂၀။ ရင်းနှီးမြှုပ်နှံသူက ငှားရမ်းအသုံးပြုလျက်ရှိသည့် မြေတွင် ကော်မရှင်က ခွင့်ပြုထားသည့် လုပ်ငန်းမှအပ မြေပေါ်မြေအောက်ရှိ သယံဇာတပစ္စည်းများ ထုတ်ယူခြင်းမပြုရ။

၁၂၁။ ရင်းနှီးမြှုပ်နှံသူကငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏မြေပေါ်မြေအောက်၌ ခွင့်ပြုသည့် လုပ်ငန်းနှင့်မသက်ဆိုင်ဘဲ မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတတွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံကိုဖြစ်စေ၊ ရတနာသိုက်ကိုဖြစ်စေ တွေ့ရှိလျှင် ယင်းသို့ တွေ့ရှိသည့် အချိန်မှ ၂၄ နာရီအတွင်း ကော်မရှင်သို့ ချက်ချင်းအကြောင်းကြားရမည်။ ကော်မရှင်သည် အကြောင်းကြားချက်ရရှိလျှင် ပြည်ထောင်စုဝန်ကြီးဌာန၊ လုပ်ငန်းဆောင်ရွက်မည့်ဒေသအပေါ် မူတည်ကာ နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းရမည်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၏ သဘောတူညီချက်အရ ကော်မရှင်က ခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်သည်။ ခွင့်ပြုခြင်းမရှိလျှင် အစားထိုးစီစဉ်ပေးသည့် နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ရမည်။

၁၂၂။ ရင်းနှီးမြှုပ်နှံသူက ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိသော မြေ၏ သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့် အနေအထားကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူ၏ သဘောတူညီချက်ဖြင့်သာ ပြုပြင်ပြောင်းလဲ ပြင်ဆင်အသုံးပြုခွင့်ရှိသည်။

၁၂၃။ ရင်းနှီးမြှုပ်နှံသူက ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရသော မြေနေရာတွင် မူလအဆိုပြုချက်နှင့် မကိုက်ညီဘဲ ပတ်ဝန်းကျင်ထိခိုက်စေမည့် လုပ်ငန်းဆောင်ရွက်ကြောင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိလျှင်ဖြစ်စေ၊ ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းသည် အသံဆူညံမှုကြောင့်သော်လည်းကောင်း၊ ယဉ်ကျေးမှုအရသော်လည်းကောင်း ယင်းနေရာတစ်ဝိုက်တွင် နေထိုင်သူများအား အနှောင့်အယှက် ဖြစ်ပေါ်စေလျှင်ဖြစ်စေ၊ စစ်ဆေးတွေ့ရှိသူ သို့မဟုတ် ယင်းနေရာတစ်ဝိုက်တွင် နေထိုင်သူများက တရားဝင်ကန့်ကွက်လာလျှင်ဖြစ်စေ ကော်မရှင်သည် လိုအပ်သည့် စုံစမ်းစစ်ဆေးမှု ဆောင်ရွက်၍ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ဆက်လက်ခွင့်ပြုရန် မသင့်ပါက ငှားရမ်းခြင်းသို့မဟုတ် အသုံးပြုခွင့်ပေးခြင်းကို ရပ်ဆိုင်းနိုင်သည်။

၁၂၄။ ရင်းနှီးမြှုပ်နှံသူသည် သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ နိုင်ငံသားက လုပ်ကိုင်ခွင့်ရရှိထားသည့် လယ်ယာမြေများကို ငှားရမ်းဆောင်ရွက်ရာတွင် လယ်ယာသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဆက်စပ်လျက်ရှိသည့် လုပ်ငန်းများမှအပ အခြားမည်သည့် လုပ်ငန်းကိုမျှ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်မရရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခွင့်မရှိ။

၁၂၅။ အောက်ပါမြေများအား ရင်းနှီးမြှုပ်နှံသူက စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ် လုပ်ကိုင်ရန် ငှားရမ်းဆောင်ရွက်ခွင့်မရှိ -

(က) သာသနာ့မြေများ၊

(ခ) သက်ဆိုင်ရာ ဝန်ကြီးဌာနများက သတ်မှတ်ထားသော ယဉ်ကျေးမှုအမွေအနှစ် ဒေသများ၊ သဘာဝအမွေအနှစ်ဒေသများ၊

(ဂ) နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ကန့်သတ်ထားသည့်မြေများ၊

(ဃ) အမှုအခင်း ဖြစ်ပွားလျက်ရှိသည့် မြေများ၊

(င) နိုင်ငံတော်က အခါအားလျော်စွာ ကန့်သတ်တားမြစ်သည့် မြေများ၊

(စ) ရင်းနှီးမြှုပ်နှံသူ၏ စီးပွားရေးလုပ်ငန်းကြောင့် မြို့ပြလူနေထိုင်ရာ ရပ်ဝန်းအတွင်း အများပြည်သူ၏ ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်း၊ အသံဆူညံမှု ဖြစ်စေခြင်း၊ ယဉ်ကျေးမှုထိခိုက်စေခြင်းစသည့် အခြေအနေဖြစ်ပေါ်နိုင်သည့်အရပ်ဒေသ သို့မဟုတ် အဆောက်အအုံတည်ရှိသည့် မြေများ။

၁၂၆။ ရင်းနှီးမြှုပ်နှံသူသည် မြေငှားရမ်း၍ ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်သည့် မြေပေါ်တွင် လူနေအိမ်ခြေများ၊ အဆောက်အအုံများ၊ လယ်ယာဥယျာဉ်ခြံမြေများ၊ သီးပင်စားပင်များစသည်တို့ကို ပြောင်းရွှေ့ ရှင်းလင်းရန်လိုအပ်ပါက ပြောင်းရွှေ့နေရာချထားပေးခြင်း၊ မိမိ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အလုပ်အကိုင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည့်အပြင် ဒေသန္တရကာလပေါက်ဈေးဖြင့် ပေးချေခြင်းနှင့် လျော်ကြေးပေးခြင်းတို့ကို သက်ဆိုင်ရာ ပိုင်ဆိုင်သူ၏ သဘောတူကျေနပ်ကြောင်း ဖော်ပြချက်နှင့်အတူ လုပ်ငန်းဆောင်ရွက်မည့် ဒေသအပေါ်မူတည်ကာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ အစိုးရဌာနတို့၏ ခွင့်ပြုချက် ရယူညှိနှိုင်း ဆောင်ရွက်ရမည်။ အများပြည်သူက ရွှေ့ပြောင်းဖယ်ရှားပေးလိုခြင်းမရှိသည့် နေရာများတွင် မြေငှားရမ်း၍ ရင်းနှီးမြှုပ်နှံခွင့် မရှိစေရ။

၁၂၇။ ရင်းနှီးမြှုပ်နှံသူသည် မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိသောမြေကို ကော်မရှင်က သတ်မှတ်ထားသော စည်းကမ်းချက်များ၊ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အသုံးပြုရမည်။

၁၂၈။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိထားသော မြေကိုသတ်မှတ်ထားသည့် သက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်း၊ လုပ်ငန်းလွှဲပြောင်းခြင်းကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လိုပါက ကော်မရှင်၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။

၁၂၉။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် မြို့ပြတည်ဆောက်ခြင်း၊ ဟိုတယ်၊ စာသင်ကျောင်း၊ ဆေးရုံ၊ လူနေထိုင်ရန် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ စက်ရုံအလုပ်ရုံ တည်ဆောက်ခြင်း၊ လမ်း၊ တံတား၊ ဆက်သွယ်ပို့ဆောင်ရေး အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းတို့ ပါဝင်ပါက လုပ်ငန်းဆောင်ရွက်မည့် ဒေသအပေါ်မူတည်ပြီး နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ရေးဆွဲထားသည့် မြို့ပြ ဖွံ့ဖြိုးရေး အစီအစဉ်များနှင့် ကိုက်ညီပြီး ယင်းတို့က ခွင့်ပြုမှသာလျှင် ကော်မရှင်သို့ တင်ပြဆောင်ရွက်ရမည်။

၁၃၀။ ရင်းနှီးမြှုပ်နှံသူသည် မိမိငှားရမ်းထားသည့် မြေပေါ်တွင် မူလအဆိုပြုထားသည့် စီးပွားရေးလုပ်ငန်းကို ရပ်ဆိုင်း၍ အခြားစီးပွားရေးလုပ်ငန်း ပြောင်းလဲလုပ်ကိုင်ခြင်း၊ မူလအဆိုပြုထားသည့် စီးပွားရေးလုပ်ငန်းအပြင် အခြားစီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ခြင်းတို့ ပြုလုပ်လိုပါက ကော်မရှင်၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

စာမျက်နှာ ၉ သို့

ဥပဒေ

စာမျက်နှာ ဆ မှ

၁၃၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအနက်မှ လိုအပ်မည့် အနည်းဆုံး မြေဧရိယာကို ပြန်လည်ရယူပိုင်ခွင့်ရှိသည်-

(က) ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တွေ့ရှိခြင်း၊

(ခ) နိုင်ငံတော်အကျိုးငှာ အခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်း သို့မဟုတ် အထူးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ခြင်း၊

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ခွင့်ပြုထားသော ဓာတ်သတ္တုအမျိုးအစားမှတစ်ပါး အခြားသယံဇာတပစ္စည်းတွေ့ရှိခြင်း။

၁၃၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသည် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နည်းဥပဒေအရ ပြန်လည်ရယူခြင်းအတွက် ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသူက အမှန်တကယ် ရင်းနှီးမြှုပ်နှံထားသည့် ကုန်ကျစရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကာလတန်ဖိုးတွက်ချက်၍ သင့်လျော်သည့် သတ်မှတ်ကာလအတွင်း လျော်ကြေးရရှိစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

အခန်း (၁၆)
နိုင်ငံခြားမတည်ငွေရင်း

၁၃၃။ ရင်းနှီးမြှုပ်နှံသူသည် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်အတွက် ကော်မရှင်၏ ခွင့်ပြုမိန့်နှင့်အညီ နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားငွေဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ရှိသည့် ဘဏ်တစ်ခုခုတွင် အဆိုပြုချက်ပါ နိုင်ငံခြားငွေကို ငွေစာရင်းဖွင့်လှစ်၍ အပ်နှံထားရှိရမည်။

၁၃၄။ ရင်းနှီးမြှုပ်နှံရန် အဆိုပြုရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဈ)၊ (၂) အရ နိုင်ငံအတွင်းသို့ တင်သွင်းလာမည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပစ္စည်းများကို အဆိုပြုထားသည့် ကိစ္စနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ) (၃) နှင့်(၄) တို့ပါ ကိစ္စရပ်များအတွက် လျာထားငွေမှတစ်ပါး ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် အဆိုပြု တင်ပြထားသည့် နိုင်ငံခြား ငွေ အပြည့်အဝကိုဖြစ်စေ၊ နှစ်ကာလအပိုင်းအလိုက် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခြင်းဖြစ်ပါက ယင်းသို့ အဆင့်အလိုက် ရင်းနှီးသုံးစွဲရမည့်ပမာဏကိုဖြစ်စေ နည်းဥပဒေ ၁၃၃ ပါအတိုင်း ဘဏ်တွင် ငွေစာရင်း ဖွင့်လှစ်အပ်နှံရမည်။

၁၃၅။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမည့် စီးပွားရေးလုပ်ငန်းအတွက် နိုင်ငံတော်အတွင်းသို့ ယူဆောင်လာမည့် နိုင်ငံခြားငွေ ပမာဏ တစ်ရပ်လုံးအတွက် နှစ်အလိုက် ပမာဏလျာထားချက်ကို ကော်မရှင်သို့ ကြိုတင်ပေးပို့ တင်ပြရမည်။

၁၃၆။ ရင်းနှီးမြှုပ်နှံသူသည် ဘဏ်စာရင်း ဖွင့်လှစ်ပြီးသည့်အခါ ဖွင့်လှစ်သည့်ဘဏ် လိပ်စာ၊ ငွေစာရင်း အမှတ်နှင့် ငွေထုတ်ယူခွင့်ရှိသူ အမည်တို့ပါရှိသော တင်ပြချက်ကို ဘဏ်ငွေစာရင်းဖော်ပြချက် မိတ္တူပူးတွဲပြီး ဘဏ်စာရင်း ဖွင့်လှစ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ကော်မရှင်သို့ ပေးပို့တင်ပြရမည်။

၁၃၇။ ရင်းနှီးမြှုပ်နှံသူသည် မိမိဘဏ်ငွေစာရင်းရှိ နိုင်ငံခြားငွေကို အောက်ပါကိစ္စများအတွက် စာရင်းလွှဲပြောင်းခွင့်ရှိသည်-

(က) ပြည်တွင်းတွင် နိုင်ငံခြားငွေဖြင့်ပေးချေရမည့်ကိစ္စ၊

(ခ) မိမိရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအတွက် ပြည်တွင်းရှိ မိတ်ဖက်ကုမ္ပဏီ စီးပွားရေးလုပ်ငန်းကိုဖြစ်စေ၊ နိုင်ငံသားကိုဖြစ်စေ၊ နိုင်ငံသားပိုင်ကုမ္ပဏီ စီးပွားရေးလုပ်ငန်းကိုဖြစ်စေ ဘဏ်ငွေစာရင်းလွှဲပြောင်းရန်ကိစ္စ။

၁၃၈။ ရင်းနှီးမြှုပ်နှံသူသည် မိမိဘဏ်စာရင်းရှိ နိုင်ငံခြားငွေကို မိမိရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်းနှင့် မသက်ဆိုင်သည့် အခြားကိစ္စရပ်များအတွက် ထုတ်ယူသုံးစွဲခြင်း၊ ဘဏ်ငွေစာရင်းလွှဲပြောင်းခြင်း မပြုရ။

၁၃၉။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေ ၁၃၅ အရ ကော်မရှင်သို့ ကြိုတင်ပေးပို့ထားသည့် လျာထားချက်အရ မိမိဘဏ်စာရင်းသို့ ဖြည့်တင်းရမည့် နိုင်ငံခြားငွေကို သတ်မှတ်ကာလအတွင်း တစ်လုံးတစ်ခဲတည်းဖြစ်စေ၊ အကြိမ်ကြိမ်ခွဲ၍ဖြစ်စေ ဖြည့်တင်းရမည်။

၁၄၀။ နည်းဥပဒေ ၁၃၉ အရ နိုင်ငံခြားငွေ ဖြည့်တင်းရာတွင် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံသားတစ်ဦးဦး သို့မဟုတ် ၎င်းတို့က စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ကိုင်ဆောင်ရွက်ရန် ပြည်တွင်းရှိ ဘဏ်တစ်ခုခုတွင် စာရင်းဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းမှ ဘဏ်ငွေစာရင်း လွှဲပြောင်းရယူ ဖြည့်တင်းခြင်း မပြုရ။

၁၄၁။ ရင်းနှီးမြှုပ်နှံသူသည် မိမိ၏ ဘဏ်ငွေစာရင်းသို့ ပြည်ပမှ ယူဆောင်လာသည့် နိုင်ငံခြားငွေ ထပ်မံဖြည့်တင်းလျှင် ဘဏ်ငွေ စာရင်းသို့ နိုင်ငံခြားငွေ စာရင်းဝင်ရောက်လာသည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ဘဏ်ငွေစာရင်းရှင်းတမ်းနှင့်အတူ ကော်မရှင်သို့ အသိပေး တင်ပြရမည်။

၁၄၂။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၏ ခွင့်ပြုချက်နှင့်အညီ ရင်းနှီးမြှုပ်နှံမှုပမာဏကို တိုးချဲ့လုပ်ကိုင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်း များအတွက် နိုင်ငံတော်အတွင်းသို့ ထပ်မံဖြည့်သွင်းယူဆောင်လာမည့် နိုင်ငံခြားငွေနှင့် စပ်လျဉ်း၍ ဖြည့်တင်းမည့် လျာထားချက်ကို ကော်မရှင်သို့ ကြိုတင်ပေးပို့ တင်ပြရမည်။

၁၄၃။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၏ ခွင့်ပြုချက်အရ မိမိ၏ ရင်းနှီးမြှုပ်နှံမှုပမာဏလျှော့ချခြင်း၊ လုပ်ငန်းလျှော့ချခြင်းတို့နှင့် စပ်လျဉ်း၍ ကော်မရှင်သို့ မူလပေးပို့ထားသည့် နိုင်ငံခြားငွေ ဖြည့်တင်းမည့် လျာထားချက်ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲကာ ကော်မရှင်သို့ ပြန်လည်ပေးပို့တင်ပြရမည်။

၁၄၄။ ရင်းနှီးမြှုပ်နှံသူသည် မိမိရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်း တစ်ခုချင်းအတွက် ၃၆၅ ရက်လျှင်တစ်ကြိမ် နိုင်ငံတော် အတွင်း မှတ်ပုံတင်ကာ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော် အသိအမှတ်ပြုသော စာရင်းစစ်လုပ်ငန်းတစ်ခုခုသို့ လုပ်ငန်းအပ်နှံ၍ ပုံမှန်စာရင်း စစ်ဆေးမှု ခံယူရမည်။ စာရင်းစစ်ဆေးမှု ခံယူရာတွင် အထောက်အထားအဖြစ် တင်ပြသည့် စာရွက်စာတမ်းများ၊ စာရင်းများအား မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ တင်ပြရမည်။ အခြားဘာသာဖြင့် ဆောင်ရွက်ထားပါက နိုတြိက အသိအမှတ်ပြုထားသော အင်္ဂလိပ်ဘာသာ ပြန်ဆိုချက် ပူးတွဲတင်ပြရမည်။

၁၄၅။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေ ၁၄၄ ပါအတိုင်း စာရင်းစစ်ဆေးမှု ခံယူပြီးသည့်အခါ စာရင်းစစ် အစီရင်ခံစာကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကော်မရှင်သို့ ပေးပို့တင်ပြရမည်။

အခန်း (၁၇)
နိုင်ငံခြားငွေလွှဲပြောင်းနိုင်ခွင့်

၁၄၆။ ရင်းနှီးမြှုပ်နှံသူသည် အောက်ပါငွေများကို ကော်မရှင်က သတ်မှတ်သော ဘဏ်မှတစ်ဆင့် နိုင်ငံခြားသို့ သက်ဆိုင်ရာ နိုင်ငံခြားငွေဖြင့် လွှဲပြောင်းနိုင်သည် -

(က) နိုင်ငံခြား မတည်ငွေရင်း ယူဆောင်လာသူရသင့်သည့် အောက်ပါနိုင်ငံခြားငွေများ-

(၁) နိုင်ငံခြား မတည်ငွေရင်း ယူဆောင်လာသူအား ပြန်လည်ထုတ်ယူရန် ကော်မရှင်က ခွင့်ပြုသော နိုင်ငံခြားငွေ၊

(၂) ရင်းနှီးမြှုပ်နှံသူကသက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီ ရရှိသည့်လျော်ကြေးငွေ။

(ခ) ကော်မရှင်က နိုင်ငံခြား မတည်ငွေရင်း ယူဆောင်လာသူအား ပြန်လည်ထုတ်ယူရန် ခွင့်ပြုသော အောက်ပါ နိုင်ငံခြားငွေများ-

(၁) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ ရှယ်ယာလွှဲပြောင်းပြီးနောက် ရသင့်သည့် ရှယ်ယာငွေ၊

(၂) လုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းပြီးနောက် ရသင့်သည့်ခွဲဝေရရှိငွေ၊

(၃) ကော်မရှင်၏ ခွင့်ပြုမိန့် သက်တမ်းကုန်၍ ခွင့်ပြုမိန့် ပြန်လည်အပ်နှံပြီးနောက် ရသင့်သည့် နိုင်ငံခြားငွေ၊

(၄) ရင်းနှီးမြှုပ်နှံမှု လျှော့ချပြောင်းလဲခြင်းကြောင့် လျှော့ချသည့် ပမာဏနှင့် ညီမျှသည့် နိုင်ငံခြားငွေ။

(ဂ) နိုင်ငံခြား မတည်ငွေရင်း ယူဆောင်လာသူရရှိသည့် နှစ်စဉ်အမြတ်ငွေမှ အခွန်အရပ်ရပ်နှင့်သက်ဆိုင်သည့် ရန်ပုံငွေများ နုတ်ယူပြီးနောက် ကျန်ရှိသောအသားတင် အမြတ်ငွေ၊

(ဃ) နိုင်ငံခြားသား အမှုထမ်းများ နိုင်ငံတော်တွင် လုပ်ကိုင်ဆောင်ရွက်၍ ရရှိသော လစာငွေနှင့် လုပ်ငန်းမှတရားဝင်ရရှိငွေတို့မှ ပေးဆောင်ရန်ရှိသော အခွန်အကောက်များကို ပေးဆောင်စေပြီး ၎င်းနှင့် ၎င်း၏မိသားစု နေထိုင်စားသောက်မှု ကုန်ကျစရိတ်တို့ကို သတ်မှတ်သည့် နည်းလမ်းအတိုင်း နုတ်ပယ်၍ တရားဝင်ကျန်ရှိငွေ။

၁၄၇။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော် ပြင်ပသို့ သာမန်စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းမှုများ မဟုတ်သော နိုင်ငံခြားငွေ လွှဲပြောင်းလိုပါက ရင်းနှီးမြှုပ်နှံသူမှ နိုင်ငံခြားသို့ နိုင်ငံခြားငွေ **လွှဲပြောင်းခွင့် ပုံစံ (၁၃)** ဖြင့် အောက်ပါစာရွက်စာတမ်းအထောက်အထားများ ပူးတွဲ၍ ကော်မရှင်သို့ လိပ်မူလျှောက်ထားရမည် -

(က) သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှင့်ပတ်သက်သည့် စာရင်းစစ် အစီရင်ခံစာ၊

(ခ) ဘဏ်စာရင်းရှင်းတမ်း။

၁၄၈။ ကော်မရှင်သည် နိုင်ငံတော်ပြင်ပသို့ နိုင်ငံခြားငွေ လွှဲပြောင်းရန် ရင်းနှီးမြှုပ်နှံသူက နည်းဥပဒေ ၁၄၇ ပါအတိုင်း လျှောက်ထားလာခြင်းကို စိစစ်ကာ လျှောက်ထားသည့်ပမာဏအတိုင်းဖြစ်စေ၊ စိစစ်ချက်များအရ ယင်းအောက်လျော့သော ပမာဏကိုဖြစ်စေ လွှဲပြောင်းခွင့်ပြုနိုင်သည်။

၁၄၉။ ရင်းနှီးမြှုပ်နှံသူသည် မိမိရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာမှရရှိသည့် ပြည်တွင်းသုံး ကျပ်ငွေများကို ခိုင်လုံသည့် အထောက်အထားများတင်ပြ၍ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်း၏ ကျပ်ငွေစာရင်းသို့ လွှဲပြောင်းပေးကာ ၎င်းငွေနှင့် ညီမျှသည့် နိုင်ငံခြားငွေကို နိုင်ငံတော်အတွင်းရှိ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်း၏ ဘဏ်တွင် ဖွင့်လှစ်ထားသော နိုင်ငံခြားငွေစာရင်းအတွင်းရှိ နိုင်ငံခြားငွေဖြင့် ပြန်လည်ငွေစာရင်းလွှဲပြောင်း ရယူခွင့်ရှိသည်။

၁၅၀။ ရင်းနှီးမြှုပ်နှံသူသည် မိမိရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာမှ ရရှိသော အမြတ်ငွေများကို နိုင်ငံတော်ပြင်ပသို့ လွှဲပြောင်းပေးပို့ခြင်းမပြုဘဲ လုပ်ငန်းတိုးချဲ့ရင်းနှီးမြှုပ်နှံလိုလျှင် ကော်မရှင်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူ ဆောင်ရွက်ရမည်။

၁၅၁။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံထားသည့် အခြေပစ္စည်းတစ်ခုခုကို ရောင်းချ၍ရရှိသော ကျပ်ငွေအား ကော်မရှင်၏ ခွင့်ပြုချက်မရဘဲ နိုင်ငံခြားငွေအဖြစ် စာရင်းပြောင်းလဲ၍ မိမိဘဏ်ငွေစာရင်းတွင် ထည့်သွင်းခြင်း မပြုရ။

၁၅၂။ ရင်းနှီးမြှုပ်နှံသူသည် မိမိ၏ အဆိုပြုချက်တွင် ပြည်ပမှ တင်သွင်းရန် ဖော်ပြထားသည့် နိုင်ငံခြား မတည်ငွေရင်းတစ်ခုခုကို ကော်မရှင်၏ ခွင့်ပြုချက်မရရှိဘဲ ပြည်တွင်းတွင် ကျပ်ငွေဖြင့် ဝယ်ယူအသုံးပြုခြင်း မပြုရ။

၁၅၃။ ရင်းနှီးမြှုပ်နှံသူသည် မိမိရင်းနှီးမြှုပ်နှံသည့် စီးပွားရေးလုပ်ငန်းအတွက် အဆိုပြုချက်ပါအတိုင်း ပြည်ပမှ တင်သွင်းလာသော အခြေပစ္စည်းတစ်ခုခုကို ပြည်တွင်း၌ ရောင်းချ၍ ရရှိသည့် ကျပ်ငွေဖြင့် ပြည်တွင်းတွင် သုံးစွဲရန်ရှိသည့် အသုံးစရိတ်များကို ပေးချေခြင်းမပြုရ။

၁၅၄။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအား စီးပွားဖြစ် စတင်လုပ်ကိုင်သော နေ့ရက်မတိုင်မီ မတည်ငွေရင်းများကို နိုင်ငံခြားသို့ လွှဲပြောင်းခွင့်မပြုရ။

အခန်း (၁၈)
နိုင်ငံခြားငွေရေးကြေးရေးကိစ္စ

၁၅၅။ ရင်းနှီးမြှုပ်နှံသူသည် -

(က) သက်ဆိုင်ရာ နိုင်ငံခြားငွေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်သည့် ငွေလဲလှယ်နှုန်းအတိုင်း နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့် ရှိသော ဘဏ်တစ်ခုခုမှတစ်ဆင့် နိုင်ငံခြားသို့ ငွေလွှဲပြောင်းနိုင်ခွင့်ရှိသည်။

(ခ) နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်က လက်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေ အမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကိုလည်းကောင်း၊ ကျပ်ငွေစာရင်းကိုလည်းကောင်းဖွင့်လှစ်၍ လုပ်ငန်းနှင့် သက်ဆိုင်သော ငွေရေးကြေးရေးကိစ္စများကို ဆောင်ရွက်ရမည်။

(ဂ) မိမိတရားဝင်ရရှိထားသော ကျပ်ငွေဖြင့် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော ဘဏ်ကလက်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေ အမျိုးအစားတစ်ခုခုကို လဲလှယ်ခွင့်ရှိသည်။

၁၅၆။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အမှုထမ်းသော နိုင်ငံခြားသားများသည် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော ဘဏ်တစ်ခုခုတွင် ယင်းဘဏ်က လက်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေ အမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကို လည်းကောင်း၊ ကျပ်ငွေ စာရင်းကိုလည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ရမည်။

အခန်း (၁၉)
ဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

၁၅၇။ ကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၄ နှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြင့်တင်ဆောင်ရွက်ရေး အတွက်လည်းကောင်း၊ လွယ်ကူချောမွေ့စေရေးအတွက် လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းစစ်ဆေးကြပ်မတ်နိုင်ရေး အတွက်လည်းကောင်း တစ်နေရာတည်းတွင် လုပ်ငန်းပြီးစီးစေရန် ဆောင်ရွက်နိုင်မည့် ဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ကို အောက်ပါ ဌာနများမှ အရာထမ်းများ ပါဝင်စေလျက် ဖွဲ့စည်းရမည် -

(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊

(ခ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သက်ဆိုင်ရာဌာန၊

(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊

(ဃ) အကောက်ခွန်ဦးစီးဌာန၊

(င) ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊

(စ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊

(ဆ) လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊

(ဇ) စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊

(ဈ) ပြည်တွင်းအခွန်များဦးစီးဌာန။

၁၅၈။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့၏ အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူရမည်။

၁၅၉။ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့၏ ရုံးကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ပူးတွဲဖွင့်လှစ်ရမည်။ လိုအပ်ပါက ရုံးခွဲများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၁၆၀။ သက်ဆိုင်ရာဌာနများသည် ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ရှိ အရာထမ်းများအား လက်မှတ်ရေးထိုးခွင့် အပါအဝင် ဆုံးဖြတ် လုပ်ပိုင်ခွင့် အာဏာအပ်နှင်းရမည်။ မူဝါဒနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ ပေါ်ပေါက်လာလျှင် သက်ဆိုင်ရာ အရာထမ်း၏ တင်ပြချက်ကို သက်ဆိုင်ရာဌာနက ဆောလျင်စွာ အဆုံးအဖြတ် ပေးရမည်။

၁၆၁။ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့သည် ခွင့်ပြုမိန့် ထုတ်ပေးထားသည့် လုပ်ငန်းများ တည်ဆောက်မှု ကာလအတွင်း လုပ်ငန်း တိုးတက်မှုကိုဖြစ်စေ၊ စီးပွားဖြစ် စတင်လုပ်ကိုင်သော နေ့ရက် အတည်ပြုသတ်မှတ်နိုင်ရေးအတွက်ဖြစ်စေ၊ လုပ်ငန်းလည်ပတ်ချိန်တွင် အခြေအနေအရပ်ရပ်ကို ဆန်းစစ်နိုင်ရေးအတွက်ဖြစ်စေ ကွင်းဆင်း ကြည့်ရှု၍ ကော်မရှင်သို့ အစီရင်ခံ တင်ပြရမည်။

၁၆၂။ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့သည် ညွှန်ကြားရေးမှူးချုပ်၏ ကွပ်ကဲမှုအောက်တွင် တာဝန်ထမ်းဆောင်ရမည်။

အခန်း (၂၀)
စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ

၁၆၃။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်ကိုဖြစ်စေ၊ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက် များကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်းကို လည်းကောင်း၊ မရိုးမဖြောင့်သော သဘောဖြင့် အဆိုပြုချက်ပါ အချက်အလက်များကို မမှန်မကန်တင်ပြ၍ ခွင့်ပြုမိန့်ရယူခဲ့ခြင်းကိုလည်းကောင်း၊ ကော်မရှင်က ထုတ်ပြန်သည့် စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းကိုလည်းကောင်း စုံစမ်းသိရှိလျှင်ဖြစ်စေ၊ စစ်ဆေးတွေ့ရှိလျှင်ဖြစ်စေ၊ တိုင်ကြားမှု၊ သတင်းပို့မှု တစ်စုံတစ်ရာ ပေါ်ပေါက်လျှင်ဖြစ်စေ စုံစမ်းစစ်ဆေးရေး အဖွဲ့ ဖွဲ့စည်းစစ်ဆေးရမည်။

၁၆၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူ၍ သက်ဆိုင်ရာ အစိုးရဌာနများ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများမှ ဘာသာရပ် ကျွမ်းကျင်၍ သမာသမတ်ရှိသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရာတွင် အဖွဲ့ခေါင်းဆောင် အပါအဝင် အဖွဲ့ဝင် သုံးဦးအောက် မနည်းစေရ။

၁၆၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိစုံစမ်းစစ်ဆေးသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာနများ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အခြားပုဂ္ဂိုလ်များ၊ စာရွက်စာတမ်းအထောက်အထားများကို တောင်းခေါ်စစ်ဆေးပိုင်ခွင့်ရှိသည်။

၁၆၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို ဖွဲ့စည်းမိန့် ထုတ်ပြန်သည့်နေ့မှ ၂၀ ရက်အတွင်း ကော်မရှင်သို့ တင်ပြရမည်။ ယင်းသို့ တင်ပြရာတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း(၁၈)၊ ပုဒ်မ ၄၂ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များအနက် မည်သည့်ပြစ်ဒဏ်ကို ချမှတ်သင့်သည်ကို သုံးသပ် တင်ပြရမည်။

၁၆၇။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရေးနှင့်ပတ်သက်၍ ကော်မရှင်သည် အစည်းအဝေးတွင် တင်ပြဆွေးနွေးရမည်။ ၎င်းအစည်း အဝေးသို့ စုံစမ်းစစ်ဆေးခံရသည့် ရင်းနှီးမြှုပ်နှံသူကိုပါ ပါဝင်တက်ရောက် တင်ပြခွင့်ပြုရမည်။

၁၆၈။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်က ဆုံးဖြတ်အတည်ပြုသည့် နေ့ရက်တွင် ပြစ်ဒဏ်သက်ရောက်မှု စတင်သည်။

အခန်း (၂၁)
အငြင်းပွားမှုဖြေရှင်းခြင်း

၁၆၉။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူနှင့် ပုဂ္ဂလိကတစ်ဦးဦး သို့မဟုတ် အစိုးရ၊ အစိုးရဌာနတစ်ရပ်ရပ်အကြား အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းဆောင်ရွက်ရမည်။

၁၇၀။ နည်းဥပဒေ ၁၆၉ အရ ဖြေရှင်း၍ ပြေလည်မှု မရရှိပါက -

(က) သက်ဆိုင်ရာ စာချုပ်တွင် အငြင်းပွားမှု ဖြေရှင်းနည်း သတ်မှတ်ထားခြင်းမရှိလျှင် နိုင်ငံတော်၏ သက်ဆိုင်ရာတည်ဆဲ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာ စာချုပ်တွင် အငြင်းပွားမှု ဖြေရှင်းနည်း သတ်မှတ်ထားခြင်းရှိလျှင် ယင်းသတ်မှတ်ထားသည့် ဖြေရှင်းနည်းများ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၇၁။ အငြင်းပွားမှု ပေါ်ပေါက်သည့်အခါ ရင်းနှီးမြှုပ်နှံသူသည် ဖြစ်စဉ်အကြောင်းအရာကို ဖော်ပြလျက် ကော်မရှင်သို့ သတင်းပေးပို့ တင်ပြရမည်။

၁၇၂။ ရင်းနှီးမြှုပ်နှံသူသည် အငြင်းပွားမှု ဖြေရှင်းရာတွင် နည်းဥပဒေ ၁၇၀ ပါ နည်းလမ်းများအနက် မည်သည့်နည်းလမ်းဖြင့် ဆက်လက် ဆောင်ရွက်မည်ကို ကော်မရှင်သို့ သတင်းပေးပို့ တင်ပြရမည်။

၁၇၃။ ရင်းနှီးမြှုပ်နှံသူသည် အငြင်းပွားမှု ဖြေရှင်းရာတွင် လိုအပ်ပါက ကော်မရှင်က ထုတ်ပေးထားသည့် စာရွက်စာတမ်းအထောက် အထားများကို သက်သေအဖြစ် တင်သွင်းနိုင်သည်။ ကော်မရှင်နှင့် ပတ်သက်သည့် အခြားအထောက်အထားများ လိုအပ်ပါက ကော်မရှင် သို့ တင်ပြလျှောက်ထားတောင်းခံခွင့်ရှိသည်။

၁၇၄။ ကော်မရှင်ရုံးမှ ဝန်ထမ်းတစ်ဦးဦးအား တရားရုံးတွင် သက်သေအဖြစ် လိုက်ပါဆောင်ရွက်ရမည့် အခြေအနေ ပေါ်ပေါက်လာပါက ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်သို့ တင်ပြခွင့်ပြုချက် တောင်းခံရမည်။

အခန်း (၂၂)
အထွေထွေ

၁၇၅။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် ရုပ်သိမ်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအား ခံစားဆဲဖြစ်သော ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း ၁၂ ပါအတိုင်း ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ဆက်လက်ခံစားခွင့်ရှိသည်။

၁၇၆။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသော ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို သတ်မှတ်ကာလအတိုင်းခံစားပြီးဖြစ်သော ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း ၁၂ ပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ထပ်မံခံစားခွင့် မရှိစေရ။

၁၇၇။ ကော်မရှင်က ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပြုစုတင်ပြသော အဆိုပြုချက်နှင့် အတူ ပူးတွဲပါ စာရင်းဇယားများ၊ စာချုပ်စာတမ်းအထောက်အထားများ၊ ငွေရေးကြေးရေး၊ အလုပ်သမားခန့်ထားရေးဆိုင်ရာ အထောက် အထားများစသည်တို့ကို တမင်မမှန်မကန် ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ခိုင်လုံသော သက်သေခံ အထောက်အထားများ တွေ့ရှိလျှင် ရင်းနှီးမြှုပ်နှံသူသည် ပြစ်မှုကြောင်းအရ အရေးယူခြင်းခံရမည်။

၁၇၈။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဖွဲ့စည်းသော ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံသူသည် ယင်းခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ၊ သက်ဆိုင်ရာ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ဆက်လက်လုပ်ကိုင် အကျိုးခံစားလျက်ရှိရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်လုပ်ကိုင် အကျိုးခံစားလိုပါက ယင်းသို့ ဆက်လက်လုပ်ကိုင်အကျိုးခံစားခွင့်ရရှိရေးအတွက် ကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၁၇၉။ အကျိုးအမြတ်ရယူခြင်း မပြုသော၊ စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခြင်း မဟုတ်သော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု လုပ်ငန်းများတွင် ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုများသည် ဤနည်းဥပဒေများနှင့် အကျုံးဝင် သက်ဆိုင်ခြင်း မရှိစေရ။

၁၈၀။ ကုန်သွယ်မှုသက်သက်သာ ဆောင်ရွက်သည့် လုပ်ငန်းများသည် ဤနည်းဥပဒေများနှင့် အကျုံးဝင် သက်ဆိုင်ခြင်း မရှိစေရ။

၁၈၁။ ဝန်ကြီးဌာနသည် ကမကထပြုသူ၏ အဆိုပြုလွှာ တင်ပြမှုအပေါ် ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရေးအတွက် ကော်မရှင်ရုံးက ဆောင်ရွက်ရသည့် လုပ်ငန်းကိစ္စအရပ်ရပ်အတွက် ကမကထပြုသူထံမှ အခကြေးငွေရယူနိုင်ရေး အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကောက်ခံနိုင်သည်။

ပြည်ထောင်စုဝန်ကြီး
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ဆီးဂိမ်းအတွက် ဝဏ္ဏသိဒ္ဓိရေကူးကန်တည်ဆောက်မှုပြီးစီးတော့မည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - မောင်မောင်မြင့်ဆွေ

နေပြည်တော် ဖေဖော်ဝါရီ ၂

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်အတွက် ပြင်ဆင်မှုများအရှိန်အဟုန်ဖြင့် ပြုလုပ်လျက်ရှိသည်။ အိမ်ရှင်မြန်မာတို့က နိုင်ငံတကာအဆင့်မီ အားကစားကွင်း၊ အားကစားရုံများတည်ဆောက်လျက်ရှိရာ မကြာမီကာလအတွင်း တည်ဆောက်မှုလုပ်ငန်းများပြီးစီးတော့မည်ဖြစ်သည်။ အချို့အားကစားရုံ၊ အားကစားကွင်းများက ထည်ထည်ဝါဝါဖြင့် ထွက်ပေါ်လာပြီး အပြီးသတ်လုပ်ငန်းများသာကျန်ရှိတော့သည်။

ဆီးဂိမ်းပွဲတော်တွင် အားကစားပြိုင်ပွဲများကျင်းပမည့် အားကစားရုံ၊ အားကစားကွင်းများအနက် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်တည်ဆောက်ပြီးစီးမှုအခြေအနေများကို သိရှိရန် သတင်းအဖွဲ့သွားရောက်လေ့လာခဲ့သည်။

“ဝဏ္ဏသိဒ္ဓိရေကူးကန် အားကစားရုံတည်ဆောက်ပြီးစီးမှု အခြေအနေက ၆၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပါပြီ၊ နိုင်ငံတကာအဆင့်မီရေကူးအားကစားပြိုင်ပွဲတွေကျင်းပနိုင်အောင် စနစ်တကျနဲ့ အရည်အသွေးစံချိန်မီအောင် တည်ဆောက်နေတာဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့အချိန်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်သွားမှာပါ”ဟု အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဝဏ္ဏသိဒ္ဓိရေကူးကန် အားကစားအဆောက်အအုံကို မြေဧရိယာ ၁၇ ဒသမ ၇၂ ဧကပေါ်တွင် တည်ဆောက်ထားလျက်ရှိပြီး လာမည့် မတ်လ ၃၁ ရက်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ သတ်မှတ်ထားသည့်ရက်အတွင်း တည်ဆောက်ပြီးစီးမည့်အနေအထားကို တွေ့မြင်ခဲ့ရသည်။

ဝဏ္ဏသိဒ္ဓိရေကူးကန် အဆောက်အအုံ တည်ဆောက်နေမှုကို ဤသို့တွေ့ရသည်။

ရေကူးကန်အဆောက်အအုံ၏ အလျားသည် ၄၈၅ ပေရှိပြီး အကျယ် ၃၁၅ ပေရှိသည်။ အဆောက်အအုံ၏ ဧရိယာမှာ စတုရန်းပေ ၁၀၈၀၅၆ ရှိပြီး အမြင့်မှာ ပေ ၆၀ ရှိသည်ဖြစ်ရာ နိုင်ငံတကာအဆင့်မီ ရေကူးကန်အဆောက်အအုံ အကျယ်အဝန်းပင်ဖြစ်သည်။

ရေကူးပြိုင်ပွဲကျင်းပရာ ရေကူးကန်အကျယ်အဝန်းမှာလည်း အရှည် ၁၆၈ ပေရှိပြီး အကျယ် ၈၂ ပေရှိကာ ရေကူးကန်အနက်မှာ ၁၀ ပေရှိကြောင်း သိရှိရသည်။ ရေကူးကန်ပတ်လည်ပေါင်များ၊ ပွဲကြည့်စင်များမှာလည်း တည်ဆောက်ပြီးစီးနေပြီဖြစ်ရာ ရေကူးကန်၏ရုပ်လုံးမှာ ပီပီပြင်ပြင်ပေါ်လွင်နေပြီဖြစ်သည်။

ထို့အပြင် ဒိုင်ဗင်ကန်ကိုလည်း တည်ဆောက်ပြီးစီးနေပြီဖြစ်ရာ အပြီးသတ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ ဒိုင်ဗင်ကန်သည် အလျား ၈၂ ပေရှိကာ အနံ ၈၂ ပေရှိသဖြင့်

စာမျက်နှာ ၉ ကော်လံ ၁ ▲

ဖိလစ်ပိုင်နှင့် ခြေစမ်းပွဲအတွက် မြန်မာအသင်းလေ့ကျင့်နေ

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFC Challenge Cup ခြေစစ်ပွဲအုပ်စု (က)ပွဲစဉ်များကို ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းသည် ဖေဖော်ဝါရီ ၁ ရက်မှစ၍ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ **(အောက်ပုံ)**

မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားပြီး ဖိလစ်ပိုင်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် စတင်ပြင်ဆင်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဖေဖော်ဝါရီ ၆ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ဖိလစ်ပိုင် လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားမည် ဖြစ်သည်။ ယင်းခြေစမ်းပွဲအပြီးတွင် MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅)အတွက် စခန်းဝင်လေ့ကျင့်မှုကို ခေတ္တရပ်နားမည်ဖြစ်ပြီး AFC Challenge Cup ခြေစစ်ပွဲအတွက် ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာအသင်းသည် ဖေဖော်ဝါရီ ၂၂ ရက်တွင် မလေးရှားယူ-၂၃ အသင်းနှင့် သုဝဏ္ဏကွင်းတွင် ထပ်မံခြေစမ်းမည်ဖြစ်သည်။ AFC Challenge Cup ခြေစစ်ပွဲကို မတ်လ ၂ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ အိန္ဒိယ၊ တရုတ်(တိုင်ပေ)၊ ဂူအမ်တို့နှင့်အတူ ကျရောက်နေသည်။

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်

ပဏာမမြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြချုပ်အဖြစ် ပတ်ဆောင်ဟွာ၊ လက်ထောက်နည်းပြအဖြစ် ဦးဇော်ဝင်းထွန်း၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် ဟာဟော့ဂျွန်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်၊ ကစားသမားများအဖြစ် ဂိုး-သီဟစည်သူ(ရတနာပုံ)၊ ကျော်ဇင်ဖြိုး(မကွေး)၊ ပြည့်ဖြိုးအောင်(ဆောက်သမ်း)၊ နောက်တန်း-ဇော်မင်းထွန်း၊ ရန်အောင်ဝင်း၊ သက်နိုင်၊ ရဲဇော်ထက်အောင်(ရတနာပုံ)၊ သိန်းသန်းဝင်း၊ ညဏလွင်(ကမ္ဘောဇ)၊ ဇော်ဇော်ဦး(ဧရာဝတီ)၊ အောင်ဟိန်းကျော်(ဇေယျာရွှေမြေ)၊ ပြည့်ဖြိုးအောင်(ရန်ကုန်)၊ နန္ဒကျော်(မကွေး)၊ အလယ်တန်း-မောင်မောင်စိုး၊ ထူးထူးအောင်(မကွေး)၊ ဖြိုးကိုကိုသိန်း၊ ညီညီမင်း၊ နန္ဒလင်းကျော်ချစ်(ဧရာဝတီ)၊ ရာဇာဝင်းသိန်း၊ အောင်မိုး၊ ရန်အောင်ကျော်၊ စည်သူအောင်(ရန်ကုန်)၊ ရှေ့တန်း-ကျော်ကိုကို(ဇေယျာရွှေမြေ)၊ ကောင်းစည်သူ(ရတနာပုံ)၊ ကျော်ဇေယျာဝင်းနှင့် စိုးမင်းဦး(ကမ္ဘောဇ)တို့ ပါဝင်ကြသည်။

(မြန်မာ့အလင်း)

ကျူပီအာတို့အကြိတ်အနယ်ကြိုးစားသော်လည်း တန်းဆင်းဇုန်လွတ်ရန် အခက်ကြုံ

ကျော်ကျော် - ရေးသည်

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်(၂၅) ပြိုင်ပွဲအဖြစ် ဖေဖော်ဝါရီ ၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ကျူပီအာနှင့်နော့ဝှစ်တို့ ပွဲဦးထွက်ပြိုင်ပွဲတွင် ဂိုးမရှိ သရေပွဲဖြစ်သွားခဲ့သည်။

အိမ်ရှင်ကျူပီအာနှင့် နော့ဝှစ်တို့သည် အနိုင်ဂိုးသွင်းယူနိုင်ရေး အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပရီမီယာလိဂ်အမှတ်ပေးဇယား အောက်ဆုံးရောက် ကျူပီအာအသင်းသည် ဒုတိယပိုင်းတွင် ပယ်နယ်တီကန်ခွင့်ရရှိခဲ့သည်။

အရှုံးနှင့်ရင်ဆိုင်

ယင်းပယ်နယ်တီကို အဒဲဂ်တာရက် ကန်သွင်းယူခဲ့သော်လည်း နော့ဝှစ်ဂိုးသမား မတ်ဘန်းကာကွယ်ပေးနိုင်ခဲ့သည့်အတွက် ဂိုးမရှိ သရေပွဲဖြစ်ပြီး နော့ဝှစ်တို့ တစ်မှတ်ရလိုက်သည်။ သို့သော်လည်း အောက်ဆုံးနေရာမှ လွတ်မြောက်ရေး ကြိုးစားခဲ့သော ကျူပီအာအသင်းသည် တစ်မှတ်နှင့် ကျေနပ်ခဲ့ရသည်။ ဒုတိယပိုင်းတွင် ကျူပီအာဂိုးသမား ဂျူလီယိုဆီးဆာ အပိုင်ကန်ဘောများ ထိထိရောက်ရောက်ကာကွယ်ပေးနိုင်ခဲ့ခြင်းကြောင့်လည်း ကျူပီအာတို့ နော့ဝှစ်ထံမှ တစ်မှတ်ရလိုက်ခြင်းဖြစ်သည်။ သို့မဟုတ်လျှင် အရှုံးနှင့်ရင်ဆိုင်ရဖို့ရှိသည်။

နော့ဝှစ်အသင်းသည် ယင်းပွဲတွင် သရေကစားနိုင်ခဲ့၍ အမှတ်ပေးဇယား အမှတ်စဉ်(၁၃)သို့ တက်ရောက်လာသည်။ ကျူပီအာအသင်းသည် အမှတ်ပေးဇယားအောက်ဆုံး၌သာ ဆက်လက်ရပ်တည်လျက်ရှိသည်။

(ဘီဘီစီ)

ယနေ့ သတင်းအညွှန်း

အဆင့်မြင့် တိုက်လေယာဉ်သစ် အီရန်စတင်ပွဲထုတ် စာ - ၄

ကလေးဘဝပျော်ရွှင်မှုမရလျှင် ကြီးလာသည့်အခါ နလုံးရောဂါဖြစ်နိုင် စာ - ၅

ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲရေး စာ - ၇

ဂျာမိန်းဂျီးနက်စ်အား ကျူပီအာစာချုပ် စာ - ၁၂

နည်းဥပဒေများ အချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ အချပ်ပို (၄) မျက်နှာ ပါရှိပါသည်။

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို (၄) မျက်နှာ ပါရှိပါသည်။

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂

ယနေ့ မွန်းလွဲ ၁၃ နာရီ ၅ မိနစ် ၁၅ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၄၂ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**